ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (6-3-2016) (၈၄၉၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂါနာသမ္မတနိုင်ငံလွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၆ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် က ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျွန် ဒရာမနီ မဟာမား ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတကာခရီးသွားဧည့်များစိတ်ဝင်စား မြန်မာ့အလှူ ရှင်လောင်းလှည့်ပွဲနှင့် ရွှေလှည်းများ

မန္တလေး မတ် ၅

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲကို အထွတ်အမြတ်ထားကျင်းပကြသည်။

ထိုပွဲများတွင် လှည်းယဉ်ကြော့ကလေးများနှင့်အတူ မြင်းများဖြင့် ရှင်လောင်းလှည့်လေ့ရှိသည်၊ ရှေးဆိုးမှ ဘုရားကား၊ စည်တော်ကြီး၊ အလှူဒါယကာ အလှူဒါယိကာမ၊ ရှေ့ဝန်း နောက်ဝန်း၊ အကအလှများရှင်လောင်း မြင်းများ၊ မြင်းကိုင်ထီးကိုင် ကာလသားများ၊ ကွမ်းတောင် ပန်းတောင်ကိုင်များ နားဖောက်သည်များကို တင်ဆောင်လာသည့် လှည်းယဉ်ကြော့မြင်ကွင်းများသည် နိုင်ငံတကာခရီးသွားဧည့်သည်တို့ အထူးနှစ်ခြိုက်သဘောကျသောမြင်ကွင်းများပင်ဖြစ်သည်။

မြန်မာ့တေးသီချင်းများတွင်လည်း "ခြောက်စတောင် လှည်းယဉ်ကြော့နဲ့ ပွဲဝင်တော့မည်"ဟုပင် တင်စားထားသည်အထိ လှည်းယဉ်ကိုအမြတ်တနိုးသုံးစွဲတတ်ကြသည်။

လှည်းနှင့် ပတ်သက်သမျှဆိုရပါမူ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်မှသည် ခေတ်အဆက်ဆက်သုံးစွဲကာ ယနေ့တိုင် မြန်မာနိုင်ငံတွင် တွင်ကျယ်စွာအသုံးပြုနေသည်ဟု ဆိုနိုင်သည်။

လှည်းနှင့်ပတ်သက်သမျှ အကြမ်းအားဖြင့် ခုနစ်မျိုးခွဲခြားနိုင်သည်။ ထိုလှည်းများမှာ လှည်းကြမ်း၊ လှည်းယဉ်၊ ပေါင်းမိုးလှည်း၊ လှည်းမြီးတို၊ ရေစည်လှည်း၊ ဘုံလျှိုလှည်း၊ မယားကန်လှည်းဟူ၍ ပုံသဏ္ဌာန်အလိုက်ခွဲခြားသတ် မှတ်ခေါ်ဝေါ်ကြကြောင်းသိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❋

မြန်မာနိုင်ငံ မြေငလျင်သမိုင်းတွင် နှစ် ၁၀၀ အတွင်း ငလျင်ကြီးတစ်ကြိမ် လှုပ်လေ့ရှိ ကြောက်စရာမလိုသော်လည်း သတိထားရမည်ဖြစ်ကြောင်း ပညာရှင်များ သုံးသပ်ပြောကြား

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ မြေငလျင်သမိုင်းတွင် နှစ်ပေါင်း ၁၀၀ အတွင်း ငလျင်ကြီးတစ်ကြိမ် လှုပ်လေ့ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့၏အစိတ်အပိုင်းဖြစ်သည့် ပဲခူးငလျင်သည်လည်း နှစ်ပေါင်း ၈၀ နှင့် ၁၀၀ ကြား လှုပ်ရန်ခန့်မှန်းထားသည့်အတွက် လှုပ်ခတ်ရန်အခွင့်အလမ်းများရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှသိရသည်။

"တခြား သဘာဝဘေးအန္တရာယ်တွေက ဘယ်အချိန်ဘာဖြစ်မယ်ဆိုတာ ခန့်မှန်းတွက်ချက်လို့ရတယ်။ ငလျင်ကကြိုတင်တွက်ချက်လို့မရဘူး။ သတိတော့ထားရမယ်။ ကြောက်စရာတော့ မလိုဘူး။ ခန့်မှန်းထားတဲ့နှစ်ထက် စောပြီးလှုပ်မယ်ဆိုရင်တော့ ပြင်းအားက သေးတာပေါ့။ ငလျင်ကလှုပ်ဖို့အတွက် အချိန်ကြာလေလေ ပြင်းအားကြီးလေလေပဲ။ နှစ်ပေါင်း ၈၀ နဲ့ ၁၀၀ ကြား လှုပ်မယ်ဆိုရင် ရစ်ချ်တာစကေး ၇ ဝန်းကျင်လောက်ရှိမယ်။ အဲဒီအချိန်မှ မလှုပ်ဘဲ နောင်နှစ် ၁၅၀၊ ၂၀၀ မှလှုပ်မယ်ဆိုရင် ပြင်းအားပိုကြီးသွားနိုင်တယ်"ဟု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

ထူးခြားသည့်နေ့အပူချိန်များ

၅-၃-၂၀၁၆

နေပြည်တော် (ရေဆင်း)၊ ရမည်းသင်း၊ ချောက်၊ မကွေး၊ အောင်လံ၊ တောင်ငူ၊ ကြို့ပင်ကောက်၊ ဘော်လခဲ၊ သိမ်ဆိပ်တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။

အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် — ၆-၃-၂၀၁၆၊ တနင်္ဂနွေနေ့

သဘာဝအမွေအနှစ်များကိုထိန်းသိမ်း

မြန်မာနိုင်ငံတွင် ထူးခြားလှပဆန်းကြယ်ပြီး သာယာရှုမောဖွယ်ကောင်းသော အဖိုးတန်နေရာဒေသများ အမြောက်အမြားရှိသည်။ အဆိုပါနေရာဒေသများကို ထိန်းသိမ်းစောင့်ရှောက်ပြီး သွားလာမှုလွယ်ကူအောင် ဖန်တီးဖော်ဆောင်ပေးနိုင်လျှင် ခရီးသွားကဏ္ဍ ယခုထက်တိုးတက်မြင့်မားလာမည့်အပြင် နိုင်ငံအတွက်လည်း အကျိုးရလဒ်ကောင်းများ များစွာဖြစ်ထွန်းလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာဒေသများသာမက သဘာဝပတ်ဝန်းကျင် နေရာကောင်းများစွာလည်းရှိသည်။ မြန်မာပြည်မြောက်ဖျားတွင် ထင်ရှားသည့် ခါကာဘိုရာဇီတောင်၊ တောင်ဖျားတွင် ကော့သောင်း၊ မြိတ်ကျွန်းစု၊ တနင်္သာရီဒေသမှ အလှအပများနှင့် သစ်တောများ၊ ဧရာဝတီဒေသမှ မိန်းမလှကျွန်း၊ အင်းလေးကန်၊ အင်းတော်ကြီး စသည့် ဆွဲဆောင်ဖွယ်ရာကောင်းသော သဘာဝပတ်ဝန်းကျင် နေရာကောင်းများစွာရှိသည်။

ယခုအခါ ကချင်ပြည်နယ်မှ ခါကာဘိုရာဇီတောင် အပါအဝင် မြန်မာနိုင်ငံအတွင်းမှ နေရာခုနစ်ခုအား ကမ္ဘာ့အမွေအနှစ်များအဖြစ်သတ်မှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြင်ဆင်လျက်ရှိသည်ကို ကြားသိရပြီး ခါကာဘိုရာဇီတောင်နှင့် ဝန်းကျင်ဒေသအား ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဆိုထားသည်။ ကုလသမဂ္ဂယူနက်စကို ယဉ်ကျေးမှုဌာနနှင့် မြန်မာနိုင်ငံတို့ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်အား ကြိုဆိုရမည်ဖြစ်သည်။

အဆိုပါ နေရာခုနစ်ခုမှာ ခါကာဘိုရာဇီတောင်၊ နတ်မတောင်၊ ဧရာဝတီလင်းပိုင်နေရာ၊ တနင်္သာရီသစ်တောများ၊ မြိတ်ကျွန်းစု၊ ဧရာဝတီတိုင်းဒေသကြီးမှ မိန်းမလှကျွန်း၊ အင်းတော်ကြီးကန်တို့ဖြစ်သည်။ အဆိုပါနေရာဒေသများအား ကမ္ဘာ့အမွေအနှစ် သဘာဝဒေသအဖြစ် သတ်မှတ်နိုင်ရန်အတွက် ပဏာမစာရင်းတင်သွင်းထားကြောင်း သိရသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် လက်ရှိအနေအထားနှင့်ပင် အလိုအလျောက်ဖြစ်မလာနိုင်ချေ။ ထိုနေရာဒေသများအား ကောင်းမွန်တင့်တယ်လှပရေးအတွက် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကသာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့်လည်း အကောင်အထည်ပေါ်မလာနိုင်ချေ။ ဇီဝရုပ်ခံသတ္တဗေဒပညာရပ်များလည်း လွှမ်းခြုံပါဝင်ရမည်ဖြစ်၍ ပညာရပ်ဆိုင်ရာအခြားအဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်လုပ်ကိုင်သွားကြရမည်ဖြစ်သလို ဒေသခံပြည်သူများလည်း ပါဝင်ရမည်ဖြစ်သည်။

ဤနေရာတွင် အဆိုပါဒေသများ၌ နေထိုင်ကြသော ဒေသခံများ၏ အခန်းကဏ္ဍသာမက စီးပွားရေးလုပ်ကိုင်နေသော လုပ်ငန်းများအတွက်လည်း အရေးကြီးသည်။ ၎င်းတို့အနေဖြင့် အဆိုပါနေရာဒေသများအား ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်ပါက ထိုဒေသမှဖယ်ရှားပေးရမည့်အရေးကို တွေးပူကာ ထိုအစီအစဉ်ကို နှစ်သက်လက်ခံကြလိမ့်မည်မဟုတ်ချေ။ အမှန်တကယ်တွင် အဆိုပါဒေသများတွင်ဝင် သတ်မှတ်ထားသည့်စည်းကမ်းများအတိုင်း စနစ်တကျနေထိုင်သွားကြမည်ဆိုပါက ၎င်းတို့အတွက် ပိုမိုကောင်းမွန်သော အနေအထားများရှိနေသည်ကို သိရှိနားလည်ပြီး စီမံကိန်းအောင်မြင်ရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပေသည်။

မိမိဒေသတိုးတက်ကောင်းမွန်ပြီး ကမ္ဘာ့အလယ်တွင် ထင်ရှားပေါ်လွင်လာခြင်းသည် နိုင်ငံအတွက်သာမက မိမိတို့အတွက်လည်း ဂုဏ်ယူဖွယ်၊ အကျိုးများဖွယ်ဖြစ်သည်ကို သိရှိနားလည်ထားကြလျှင် ပိုမိုကောင်းမွန်ပေလိမ့်မည်။ ထူးခြားလှပဆန်းကြယ်ပြီး အခြားသောနေရာဒေသများတွင်မရှိသည့် အဖိုးတန်နေရာဖြစ်ရမည်ဟူသောအချက်များ ပြည့်စုံမှုရှိသည်ကို တင်ပြနိုင်မှသာ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရနိုင်ပေမည်။

ယခုကဲ့သို့ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံရရန်အတွက် နော်ဝေအစိုးရ၏ အထောက်အပံ့ဖြင့် ယူနက်စကိုနှင့် မြန်မာနိုင်ငံမှ သစ်တောဘက်ဆိုင်ရာဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဒေသခံလုပ်ငန်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိအကျိုး၊ နိုင်ငံအကျိုး ဆတက်ထမ်းပိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ။

အယ်နီညိုရာသီ၌ သက်တမ်းတိုသီးနှံမျိုးများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်

မကွေး မတ် ၅

သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့လာနိုင်သော အယ်နီညိုရာသီ၌ သက်တမ်းရင့် (စပါး၊ နှမ်း၊ ပဲတီစိမ်း) မျိုးများနေရာတွင် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသော မျိုးစေ့များ အစားထိုးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မျိုးစပါး တင်း ၄၀၀၀ လောက် သိုလှောင်ထားပြီးဖြစ်ပါတယ်။ မြို့နယ်တိုင်းမှာလည်း တင်း ၂၀၀၊ ၃၀၀လောက် အသင့် သိုလှောင်ထားပါတယ်။ သက်တမ်းတို စပါးမျိုးတွေအပြင် တောင်သူတွေအဆင်ပြေမယ့် သီးနှံမျိုးတွေကို အကျိုးဆောင်တောင်သူနဲ့ ပေါင်းပြီး မျိုးစေ့ထုတ်သိုလှောင်ထားတာပါ။ သက်တမ်းတိုမျိုးတွေကို စိုက်ပျိုးရင် စိုက်ပျိုးရေလိုအပ်ချက်ကိုလည်း လျှော့ချနိုင်မှာဖြစ်သလို အထွက်နှုန်းမကောင်းမှာကိုလည်း စိုးရိမ်စရာမရှိပါဘူး"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

သီးနှံစိုက်ပျိုးသည့်အခါ ရေနည်းနည်းသာလိုမည့် သက်လုင်သီးနှံ (သက်တမ်းတို ရတနာတိုး၊ ရက် ၉၀ စပါး) ပျိုးထောင်ပြီးစိုက်ရန်၊ ရေဖျား (မြောင်းဖျား) ရေရရှိနိုင်မှု နည်းပါးသည့် နေရာများတွင်လည်း သက်တမ်းတို (နွေနှမ်း၊ ပဲတီစိမ်း၊ နေကြာ) သီးနှံမျိုးများကို ရွေးချယ်စိုက်ရန်လိုအပ်ကြောင်း၊ ဌာနအနေဖြင့် တောင်သူပညာပေးစည်းရုံးခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကျိုးဆောင်တောင်သူထံမှ ဝယ်ရင်းဈေးအတိုင်း မျိုးစေ့ပံ့ပိုးခြင်းနှင့် စိုက်ပျိုးရေး နည်းပညာ အကူအညီပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်က နွေစပါးတစ်ဧကအတွက် ရေ ခြောက်ဧကပေ အသုံးပြုသော်လည်း အယ်နီညိုဖြစ်စဉ်တွင် ရေခန်းခြောက်နိုင်သည့်အတွက် နွေစပါးတစ်ဧကအတွက် စိုက်ပျိုးရေ (ရှစ်ဧကပေ) အသုံးပြုနိုင်ရန် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆည်ရေဝမာဏနှင့် စိုက်ပျိုးဧကများတွင် ရေလိုအပ်ချက်များ တွက်ချက်ခြင်း၊ အယ်လ်နီညိုဆက်ဖြစ်ပြီးမိုးမရွာလျှင် မိုးစပါး ပျိုးထောင်ရေချန်ထားရန် အချက်အလက်များ တွက်ချက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အယ်နီညိုကြောင့် မြေအောက်ရေ Water Level တွေနိမ့်ကျပြီး ရေတွင်းတွေ ခန်းခြောက်နိုင်တဲ့အတွက် လျှပ်စစ်မြစ်ရေတင်နဲ့ ဆည်မြောင်းတွေကနေ စိုက်ပျိုးရေလုံလောက်အောင်လွှတ်ပေးနိုင်မယ်ဆိုရင် Water Level နိမ့်ကျတာကို ကာကွယ်နိုင်ပြီး လူနဲ့တိရစ္ဆာန်တွေအတွက် သောက်သုံးရေလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးပြီးသားဖြစ်ပါလိမ့်မယ်။ သောက်သုံးရေရှားရင် နောက်ဆက်တွဲက ကျန်းမာရေးနဲ့ လူမှုရေးပြဿနာတွေဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေ၊ ရေပေးစနစ် (တူးမြောင်းစနစ်၊ လယ်ကြားမြောင်းစနစ်တွေ) ကောင်းမွန်ဖို့ တောင်သူတစ်ဦးနဲ့ တစ်ဦးကြား ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု စိုက်ပျိုးရေးကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

ဇေယျာတု(မကွေး)

ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၆ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂါနာသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဒေသတွင်းပေါင်းစည်းရေးဆိုင်ရာဝန်ကြီး မစ္စ ဟန်နာ တတ်တာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



ဇောတိကစီမံကိန်းထုတ်လုပ်ရေးစင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် မတ် ၅

ကမ်းလွန်ဇောတိကစီမံကိန်း၏ နှစ်စဉ်ပြုလုပ်လေ့ရှိသည့် ထုတ်လုပ်ရေးစင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မုတ်သုံရာသီမဝင်ရောက်မီ မတ် ၁၉ ရက်မှ ၂၈ ရက်အထိ ၁၀ ရက်ကြာဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါကာလအတွင်း သထုံ၊ မော်လမြိုင်၊ ကံပေါက်ဒေသရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဘီလပ်မြေစက်ရုံများနှင့် စက်ရုံငယ်များသို့ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်သော်လည်း ရန်ကုန်ဧရိယာအတွင်း လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးအတွက် ရတနာ ရန်ကုန် ၂၄ လက်မပိုက်လိုင်းမှ ရတနာသဘာဝဓာတ်ငွေ့ဖြင့် အစားထိုးဖြန့်ဖြူးပေးသွားရန် စီမံထားပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးမြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန် ဂျပန်နိုင်ငံမှ ကလိုရင်းဆေးခတ်စက်နှင့် ရေဓာတ်ခွဲခန်းသုံးပစ္စည်းများပေးအပ်လှူဒါန်း

မန္တလေး မတ် ၅

မန္တလေးမြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန်အတွက် ဂျပန်နိုင်ငံ Kitakyushu မြို့ရှိ Water and Sewer Bureau မှ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနသို့ ကလိုရင်းဆေးခတ်စက်နှင့် ရေဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၄ ရက် ညနေ ၄ နာရီခွဲက မန္တလေးမြို့ လမ်း(၆၀)၊ (၂၄)လမ်းနှင့် (၂၅)လမ်းကြား နန်းရှေ့ကျုံးရေစစ်ကန်အနီးရှိ ရေတွန်းစက်ရုံအမှတ်(၄)၌ကျင်းပသည်။

ရှေးဦးစွာ International Project Manager Mr. Ishii Hideo က ကလိုရင်းဆေးခတ်စက်နှင့် ရေဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကလိုရင်းဆေးခတ်စက်နှင့် ရေဓာတ်ခွဲခန်းသုံး ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဂျပန်နိုင်ငံ Kitakyushu မြို့ရှိ Water and Sewer Bureau အနေဖြင့် မန္တလေးမြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀၀ နီးပါးတန်ဖိုးရှိ ကလိုရင်းဆေးခတ်စက်နှင့် ရေဓာတ်ခွဲခန်းသုံးပစ္စည်းများကို ရေတွန်းစက်ရုံအမှတ်(၄)တွင် တပ်ဆင်နိုင်ရန် ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး စက်ပစ္စည်းများ ရေရှည်သုံးစွဲနိုင်ရန်အတွက် ဌာနဝန်ထမ်းများအား စက်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်း နည်းပညာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

နွေရာသီ မွန်စာပေသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၅

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ စီစဉ်မှုဖြင့် နွေရာသီ မွန်စာပေသင်တန်းကို မတ် ၆ ရက်မှ ဧပြီ ၉ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၁ မြို့နယ်၌ အခမဲ့ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းအသစ်ဖွင့်လိုသည့် မြို့နယ်နှင့် သင်တန်းတက်ရောက်လိုသူများသည် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ဖုန်း ၀၉-၇၉၆၅၈၅၀၃၅ နှင့် ၀၉-၃၁၄၄၉၈၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းမှူးများ - ဦးမအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
ဘာသာစကားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်းလင်းကြည်၊ မြနန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဖာလီ၊ မေသက်ကြိုင်၊ ဒေါ်၊ အေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှ

အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးဆွေးနွေး

နေပြည်တော် မတ် ၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂ ရက်မှ ၃ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၊ (၁၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်မှု ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အီးယူကုန်သွယ်မှု ကော်မရှင်နာနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ တည်ထောင်နိုင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် ကိစ္စရပ်များ၊ ၂၀၁၆ ခုနှစ်တွင် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၂၅ အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ သတ်မှတ်ထားသည့် အချိန်အတွင်း လုပ်ငန်းအစီအစဉ်ရေးဆွဲရေးကိစ္စရပ်များ၊ Trans-Pacific Partnership (TPP) အဖွဲ့ဝင် အာဆီယံနိုင်ငံများ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ အာဆီယံစီးပွားရေးဝန်ကြီးများ၏ အမေရိကန်ခရီးစဉ်အတွင်း ကျင်းပခဲ့သည့် အာဆီယံ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကောင်စီ (ASEAN-US TIFA Joint Council Meeting) အစည်းအဝေးရလဒ်တို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မတ် ၃ ရက်တွင် (၂၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကိုကျင်းပရာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက ၂၀၁၆ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်(၈)ရပ်ကို ဆွေးနွေးအတည်ပြုခြင်းနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခိုင်မာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းမှုများ ထိရောက်မှုရှိစေရန် တွေ့ဆုံဆွေးနွေးမည့် ယန္တရားပုံစံအပေါ် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ၏ အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုအတွက် ထောက်ခံအကြံပြုချက်များ၊ ပြည်သူ့ဗဟိုပြုကဏ္ဍများအတွက် ချဉ်းကပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ၂၀၁၆ ခုနှစ် လာအိုနိုင်ငံ၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်(၈)ရပ်အား ထောက်ခံအားပေးမှုတို့အပေါ် အာဆီယံစီးပွားရေးဝန်ကြီးများက ဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် (၁၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်မှုကော်မရှင်အစည်းအဝေးကိုကျင်းပရာ အာဆီယံ-အီးယူ စီးပွားရေးကောင်စီ၏ လုပ်ငန်းတိုးတက်မှုများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် (၂၀၁၅-၂၀၁၆) အကောင်အထည်ဖော်မှုအခြေအနေများ အတည်ပြုခြင်း၊ အာဆီယံ ဒေသတွင်းပေါင်းစည်းမှုအတွက် အီးယူမှ ထောက်ပံ့လျက်ရှိသည့် အစီအစဉ်များ၊ အာဆီယံ-အီးယူ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအား လေ့လာဆန်းစစ်မှုပြုလုပ်ခြင်း၊ ဒိုဟာဖွံ့ဖြိုးမှုအစီအစဉ်၏ ကျန်ရှိနေသည့်ကိစ္စများနှင့် အခြားနယ်ပယ်များတွင် နည်းလမ်းသစ်များဖြင့် ညှိနှိုင်းဖော်ထုတ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် (၁၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်မှုကော်မရှင်အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

(သတင်းစဉ်)

✱ ပဲခူးလျှော်မှ

မြန်မာနိုင်ငံမြေငလျင်ကော်မတီ အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြစ်ဝကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၈ လျှော်နှင့် နောက်ဆက်တွဲလျှော်ငယ် သုံးကြိမ်လှုပ်ခတ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်ကလည်း ဒေးဒရဲမြို့ တောင်၊ အရှေ့တောင်ဘက် ၁၅ မိုင်အကွာတွင်လည်း ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ လျှော်များလှုပ်ခတ်ခဲ့ကြောင်း လျှော်မှတ်တမ်းများအရ သိရသည်။

ရန်ကုန်မြစ်ဝကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် လျှော်သည် စစ်ကိုင်းပြတ်ရွေ့ကြော၏ တောင်ဘက်စွန်းအစိတ်အပိုင်းပေါ်တွင် ကျရောက်နေပြီး ၎င်းအစိတ်အပိုင်းမှာလည်း ဗဟိုကျရောက်နေကြောင်း ဒေါက်တာမျိုးသန့်က ပြောသည်။

ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က "အဓိကသတ်မှတ်ထားတဲ့ အမြင့်ရှိတဲ့ အထပ်မြင့် အဆောက်အအုံတွေကို မြေငလျင်ဒဏ် ခံနိုင်အောင်ဆောက်ရမယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဖွဲ့ထားတဲ့ အဆောက်အအုံစစ်ဆေးရေးအဖွဲ့တွေကလည်း ၁၂ ထပ်ခွဲထိ စစ်ဆေးတယ်။ အိုးအိမ်က ဖွဲ့ထားတဲ့ အဖွဲ့ကတော့ ၁၂ ထပ်ခွဲထက်မြင့်တဲ့ အဆောက်အအုံတွေကိုစစ်တယ်"ဟု ပြောသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အထပ်မြင့်အဆောက်အအုံများကို စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်နိုင်ရန်အတွက် ပညာရှင်များဖြင့် အထပ်မြင့်အဆောက်အအုံများ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"စစ်ဆေးရေးအဖွဲ့တွေဖွဲ့ပြီးနောက်ပိုင်း ဆောက်တဲ့ အဆောက်အအုံတွေကတော့ ပူစရာမလိုဘူး။ အဲဒီကာလ မတိုင်ခင်ဆောက်တဲ့ အဆောက်အအုံတွေကိုတော့ စိစစ်ဖို့တော့လိုတယ်။ ဒါပေမယ့် ဒီအဆောက်အအုံတွေကလည်း နိမ့်တဲ့အဆောက်အအုံ များပါတယ်။ လေးထပ်ကနေ ရှစ်ထပ်အထိ ဆောက်တဲ့အဆောက်အအုံလေးတွေရှိတယ်။ တချို့ကတော့ ကောင်းကောင်းဆောက်တယ်။ တချို့လည်း အားနည်းတဲ့အဆောက်အအုံတွေရှိတယ်"ဟု ဦးဝင်းခိုင်က ဆိုသည်။

"ရန်ကုန်မြို့ဆိုတာ သတိထားသင့်တဲ့မြို့ပါ။ လျှော်လှုပ်လို့မှမဟုတ်ဘဲ လျှော်နဲ့ ပတ်သက်ပြီဆိုရင် မြို့ကြီးလည်းဖြစ်တယ်၊ လူဦးရေလည်းထူထပ်တယ်၊ ဖွံ့ဖြိုးမှုကလည်း မြန်ဆန်လာတော့ သတိကတော့ ထားနေရမယ်။ ဒါက ဖွံ့ဖြိုးရေးအပိုင်းကကြည့်တာပါ။ လျှော်လှုပ်ပြီဆိုရင် အဓိကကျတဲ့အချက်တွေက လူဦးရေထူထပ်တာ၊ အဆောက်အအုံများတာကလည်း အဓိကအချက်ပါ"ဟု ဒေါက်တာမျိုးသန့်က ပြောသည်။

"နောက်အဓိကအချက်က ရန်ကုန်မြို့က စစ်ကိုင်းပြတ်ရွေ့အနောက်ဘက် ၂၅ ကီလိုမီတာလောက် အကွာအဝေးမှာရှိနေတာ။ ပဲခူးလျှော်လှုပ်ဖူးထားတဲ့ Segment နဲ့နီးနေတယ်။ ပဲခူးလျှော်ကလည်း ၁၉၃၀ ပြည့်နှစ်လောက်မှာ ဆက်တိုက်လှုပ်ခဲ့တာဆိုတော့ စစ်ကိုင်းပြတ်ရွေ့က ဒီအစိတ်အပိုင်းကလှုပ်မယ်ဆိုရင် ရစ်ချ်တာစကေးက ၇ အထက်လှုပ်နိုင်တယ်"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

စစ်ကိုင်းပြတ်ရွေ့သည် ဘင်္ဂလားပင်လယ်မှ ပဲခူးတောင်ငူ၊ စစ်ကိုင်း၊ မန္တလေးမှ မြောက်ဘက် ကချင်ပြည်နယ် ပူတာအိုထိ အပိုင်းလိုက် ကီလိုမီတာ ၁၂၀၀ ပတ်ဝန်းကျင်ခန့်ရှိကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ သုံးသပ်ထားသည်။

မြန်မာနိုင်ငံမြေငလျင်ကော်မတီသည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ UN နှင့် NGO များနှင့်ပူးပေါင်းပြီး မြေငလျင်အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ မြေငလျင်လှုပ်ရှားမှုကို လေ့လာရန်နှင့် လျှော်ကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်လျော့ပါးစေရန်အတွက် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မန္တလေးမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် စစ်တွေမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ထားဝယ်မြေငလျင်စခန်းကိုလည်းကောင်း အသီးသီးတည်ဆောက်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ လျှော်ကြီးလှုပ်ခတ်မှုကြောင့် ဧရာဝတီမြစ်ကူး ရတနာသိင်္ယံတံတားပြိုကျပျက်စီးမှုအား တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် ၁၈၃၉ ခုနှစ် အင်းဝ အမရပူရတွင် ရစ်ချ်တာစကေး ၈ ဒသမ သုညခန့်ရှိ လျှော်၊ ၁၈၅၈ ခုနှစ်တွင် သရက်မြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ လျှော်၊ ၁၉၃၀ ပြည့်နှစ် ပဲခူးမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိလျှော်၊ ၁၉၃၀ ပြည့်နှစ် ဖြူးမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိလျှော်၊ ၁၉၄၆ ခုနှစ် တကောင်းမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်လျှော်၊ ၁၉၅၆ ခုနှစ် စစ်ကိုင်းမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၅ ခန့်လျှော်၊ ၁၉၇၅ ခုနှစ် ပုဂံမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ခန့်ရှိလျှော်၊ ၁၉၉၁ ခုနှစ် တကောင်းမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၁ ခန့် လျှော်၊ ၂၀၀၃ ခုနှစ် တောင်တွင်းကြီးတွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ ခန့်လျှော်၊ ၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိလျှော်နှင့် ၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိလျှော်ကြီးများ လှုပ်ခတ်ခဲ့ကြောင်း လျှော်မှတ်တမ်းများအရသိရသည်။

၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့တွင်လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ လျှော်သည် ၁၉၄၆ ခုနှစ်က တကောင်းမြို့တွင်လှုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ အကြာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ သိရသည်။

မြေငလျင်ကြီးများလှုပ်ပြီးနောက် နောက်ဆက်တွဲဘေးအန္တရာယ်များအဖြစ် နောက်ဆက်တွဲလျှော်များ၊ မြို့ပြမီးဘေးအန္တရာယ်များ၊ ရေကာတာများကျိုးပျက်၍ ရေကြီးခြင်းများ၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းများ၊ ရွှံ့မီးတောင်များ ပေါက်ကွဲပန်းထွက်ခြင်းများ၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခြင်းများနှင့် ကောလာဟလသတင်းလွင့်ခြင်းများဖြစ်ပေါ်နိုင်သည့်အတွက် သတိထားရန်လိုအပ်ကြောင်း လျှော်ပညာရှင်များက ပြောသည်။

ထူးခြားမှုအနေဖြင့် ကမ္ဘာ့မြေငလျင်များလှုပ်ခဲ့သည့်သမိုင်းတွင် ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်ချူးရီးယားပြည်နယ်တွင် လျှော်ကြီးလှုပ်မည်ကို လျှော်ပညာရှင်များက ကြိုတင်သတိပေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း လျှော်မှတ်တမ်းများအရ သိရသည်။

သတင်း - မင်းသစ်
ဓာတ်ပုံ - မြန်မာနိုင်ငံမြေငလျင်ကော်မတီ

ပြုံယမ်းပိုင်ကုန်တင်သင်္ဘောတစ်စင်း ဖိလစ်ပိုင်အာဏာပိုင်များဖမ်းဆီး

မနီလာ မတ် ၅

ပြုံယမ်း၏ နျူကလီးယားစမ်းသပ်မှုများကြောင့် ကုလသမဂ္ဂအဖွဲ့က စီးပွားရေးပိတ်ဆို့ထားသည့်ကာလတွင် ဖိလစ်ပိုင်နိုင်ငံဆူးဘစ်ပင်လယ်အော်၌ ဆိုက်ကပ်လျက်ရှိသည့် မြောက်ကိုရီးယားကုန်တင်သင်္ဘောတစ်စင်းကို ဖမ်းဆီးထားကြောင်း ဖိလစ်ပိုင်ရေကြောင်းအာဏာပိုင်များက မတ် ၅ ရက်တွင် ပြောကြားသည်။

အဆိုပါသင်္ဘောတွင် လိုက်ပါလာကြသည့် သင်္ဘောသား ၂၁ ဦးကို မြောက်ကိုရီးယားနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပြီး ဖမ်းဆီးထားသည့် ပြုံယမ်းပိုင်သင်္ဘောအား ကုလသမဂ္ဂအဖွဲ့မှ စေလွှတ်လိုက်သည့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချားလ်စ်ဂျိုးစ်က ဆိုသည်။

ကုလသမဂ္ဂအဖွဲ့၏ဆုံးဖြတ်ချက်ကို လေးစားသည့်အနေဖြင့် ဆူးဘစ်ပင်လယ်အော်တွင် ဆိုက်ကပ်လျက်ရှိသည့် ပြုံယမ်းပိုင်သင်္ဘောကို မိမိတို့အနေဖြင့် ဖမ်းဆီးထားခြင်းဖြစ်ကြောင်း ချားလ်စ်ဂျိုးစ်က ဆက်လက်ပြောကြားခဲ့သည်။

'ဂျင်တက်ဂ်'အမည်ရှိ သင်္ဘော၏ အသားတင်အလေးချိန်သည် တန် ၆၈၃၀ ရှိသည်။ အဆိုပါသင်္ဘောသည် ကုလသမဂ္ဂအဖွဲ့၏ စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားဆိပ်ကမ်းသို့ ဆိုက်ကပ်ရပ်နားသော ပြုံယမ်းပိုင် သင်္ဘောတစ်စင်းဖြစ်သည်။ နိုင်ငံခြားဆိပ်ကမ်းများသို့ ဆိုက်ကပ်ရပ်နားရန် ပိတ်ဆို့ထားသည့် မြောက်ကိုရီးယားပိုင်သင်္ဘော ၃၁ စင်းရှိကြောင်း သိရသည်။

နိုင်ငံတကာအသိုက်အဝန်းက မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုများကို စိုးရိမ်ကြောက်ရွံ့နေချိန်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံက ပြုံယမ်းအား ပိတ်ဆို့ထားသည့် ကုလဆုံးဖြတ်ချက်များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက မီဒီယာသို့ပြောသည်။

ဖမ်းဆီးခံပြုံယမ်းပိုင်သင်္ဘောသည် ဆီယာလီယွန်နိုင်ငံအလံကို လွှင့်တင်ထားပြီး ဖေဖော်ဝါရီ ၂၇ ရက်က စပြီး ဆူးဘစ်ပင်လယ်အော်ဆိပ်ကမ်းသို့ဆိုက်ကပ်ကာ ဆီအုန်းများ တင်ဆောင်လျက်ရှိကြောင်း သိရသည်။

ရိုက်တာ၊

ဗန်ကောက်တူးမြောင်းတွင် လှေတစ်စင်းပေါက်ကွဲ ခရီးသည် ၆၀ ကျော်ဒဏ်ရာရ

ဗန်ကောက် မတ် ၅

ထိုင်းနိုင်ငံ ဗန်ကောက်တူးမြောင်းတစ်ခုတွင် မတ် ၅ ရက်က ခရီးသည်တင်လှေတစ်စင်း၏ အင်ဂျင်စက်တစ်လုံးပေါက်ကွဲခဲ့ရာ လိုက်ပါစီးနင်းလာသူ ၆၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ ဗန်ကောက်မြို့ ဟွာမာ့ခ်အရပ်ရှိ ဇော်သယ်ပလီလာဆိပ်ခံတံတားအနီး ဆေန်ဆာ့ဘ်တူးမြောင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှု၌ ထိခိုက်ဒဏ်ရာရရှိသူခရီးသည်များကို နီးစပ်ရာဆေးရုံများသို့ အမြန်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် မတော်တဆပေါက်ကွဲမှုသာဖြစ်နိုင်ခြေရှိပြီး အကြမ်းဖက်မှုလုပ်ရပ်များနှင့် သက်ဆိုင်မှုမရှိကြောင်း၊ အဆိုပါလှေ၏ အင်ဂျင်စက်မှ ဆီယိုစိမ့်မှုကြောင့် မီးလောင်မှုဖြစ်ပွားသည်ဟု မိမိတို့သံသယရှိကြောင်းဖြင့် ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အဆိုပါဒဏ်ရာရရှိသူများထဲတွင် အသက် ၁၆ နှစ်အရွယ်ရှိ ဂျပန်နိုင်ငံသား ကျောင်းသားတစ်ဦးပါဝင်ပြီး ၎င်း၏ဒဏ်ရာအခြေအနေမှာ အသက်အန္တရာယ်မရှိကြောင်း သိရသည်။ ထိုင်းပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး အောမ်ဆင်ရှီးဝါရစ်က ဒဏ်ရာရရှိသွားသည့် အဆိုပါခရီးသည်များကို သွားရောက်တွေ့ဆုံခဲ့သည်။ အခင်းဖြစ်မှုနှင့်ပတ်သက်ပြီး အဆိုပါလှေကုမ္ပဏီက ၎င်းတို့မှာ တာဝန်ရှိကြောင်းနှင့် အစစအရာရာတာဝန်ယူမည်ဖြစ်ကြောင်း ဆိုသည်။

ခရီးသည်စီး စက်တပ်လှေများလုံခြုံစိတ်ချရေးအတွက် စစ်ဆေးရန် ကုမ္ပဏီကအသုံးပြုလျက်ရှိသည့် ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့ပေါင်းစပ်ပြီး အသုံးပြုသော လှေအစင်း ၃၀ ကို အသုံးပြုမှုမှ ယာယီဆိုင်းငံ့ထားရန် အဆိုပါကုမ္ပဏီကို တောင်းဆိုထားကြောင်း သိရသည်။

ကျိုဒိုနယူးစ်၊

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် စစ်သွေးကြွများတိုက်ခိုက်၍ ရဲလေးဦးသေဆုံး

လတ်ရှကာဂါ(အာဖဂန်နစ္စတန်) မတ် ၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ပြည်နယ် နတ်အလီခရိုင်မှ ယာဉ်များအား ရပ်တန့်စစ်ဆေးသည့် လုံခြုံရေးစခန်းတစ်ခုအား မတ် ၅ ရက်တွင် တာလီဘန်စစ်သွေးကြွလက်နက်ကိုင်များက တိုက်ခိုက်ခဲ့ရာ အာဖဂန်ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးကြောင်း ပြည်နယ်လုံခြုံရေးဆိုင်ရာတာဝန်ရှိသူက ပြောကြားသည်။

မတ် ၅ ရက် နံနက်အစောပိုင်းတွင် နတ်အလီခရိုင် နာကိုလာဘတ်ဒေသရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းအား တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသော်လည်း သေဆုံးသူများမှာ မည်သူမည်ဝါဖြစ်သည်ကို ပြောကြားရန်ငြင်းဆိုသွားသည်။

တစ်ချိန်တည်းတွင်ပင် ဟဲလ်မန်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အိုမာဇာဝက်က ယင်းဖြစ်ရပ်ဖြစ်ပွားမှုများမှာ မှန်ကန်ကြောင်း အတည်ပြုပြောကြားသော်လည်း သေဆုံးသွားသူအရေအတွက်နှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားရန် ငြင်းဆိုခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ မငြိမ်မသက်ဖြစ်နေသည့် ဟဲလ်မန်ပြည်နယ်ရှိခရိုင်အချို့တွင် တာလီဘန်စစ်သွေးကြွများက အစိုးရတပ်ဖွဲ့များအား တိုက်ခိုက်လျက်ရှိသည်။

ဆင်ဟွာ၊

ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်တို့အား တိုက်ခိုက်ရန် အက်ဖ်-၁၆ တိုက်လေယာဉ်များနှင့် တပ်ဖွဲ့ဝင်များအား ဒိန်းမတ်စေလွှတ်မည်

ကိုပင်ဟေဂင် မတ် ၅

ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အား ညွန့်ပေါင်းအဖွဲ့နှင့်အတူ ပူးပေါင်းတိုက်ခိုက်ရန် ဒိန်းမတ်အစိုးရက အထူးတပ်ဖွဲ့ဝင်များနှင့် အက်ဖ်-၁၆ တိုက်လေယာဉ်များ စေလွှတ်ရန်အစီအစဉ်ရှိကြောင်း မတ် ၄ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ဒိန်းမတ်နိုင်ငံအစိုးရသည် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် အိုင်အက်စ်အဖွဲ့အား တိုက်ခိုက်ချေမှုန်းရန် အလွန်ပင်ဆန္ဒရှိကြောင်း၊ ကမ္ဘာပေါ်တွင် မငြိမ်မသက်မှုဖြစ်ပွားနေသောနေရာဒေသတစ်ခုသို့ ဒိန်းမတ်အမျိုးသားများနှင့် အမျိုးသမီးများအားစေလွှတ်၍ စစ်ရေးတာဝန်ထမ်းဆောင်ရန် အလေးအနက်ထား ဆုံးဖြတ်ချမှတ်ခဲ့ကြောင်း ဒိန်းမတ်ဝန်ကြီးချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ငြိမ်းချမ်းမှုနှင့် လွတ်မြောက်မှုတို့အတွက် တိုက်ပွဲဝင်ရာတွင် မိမိတို့ ဘယ်တော့မှလက်မြောက်အရှုံးပေးမည်မဟုတ်ကြောင်း ဒိန်းမတ်ဝန်ကြီးချုပ်က ဆက်လက်ဖော်ပြသည်။

ဆီးရီးယားနှင့်အီရတ်နိုင်ငံများရှိ အိုင်အက်စ်အဖွဲ့အားတိုက်ခိုက်ရန်စေလွှတ်မည့် ဒိန်းမတ်တပ်ဖွဲ့ဝင်များတွင် အက်ဖ်-၁၆ အမျိုးအစားဂျက်တိုက်လေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ လေယာဉ်မှူးနှင့် အထောက်အကူပြုတပ်ဖွဲ့ဝင်များအပါအဝင် ဒိန်းမတ်စစ်သည် ၄၀၀ ခန့် ပါဝင်မည်ဖြစ်သည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံများသို့ တပ်ဖွဲ့ဝင်များနှင့် လေယာဉ်များ ဒိန်းမတ်နိုင်ငံက စေလွှတ်ဖြန့်ကြက်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်ပေ။ ယမန်နှစ်အောက်တိုဘာလအတွင်းက ယင်းဒေသ၌ တိုက်ပွဲဝင်နေသည့် ဒိန်းမတ်မှ အက်ဖ်-၁၆ တိုက်လေယာဉ်များအား ပြုပြင်ထိန်းသိမ်းရန် ပြန်လည်ယူဆောင်ခဲ့သည်။ ဒိန်းမတ်ဂျက်တိုက်လေယာဉ်များသည် ၂၀၁၄ ခုနှစ်ကတည်းက စတင်ကာ မဟာမိတ်လေတပ်ဖွဲ့၏ အိုင်အက်စ်အဖွဲ့အား လေကြောင်းတိုက်ခိုက်မှုများ၌ ပါဝင်ခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ။

ဘိုကိုဟာရမ်အဖွဲ့စခန်းအား နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့များတိုက်ခိုက် ဓားစာခံ ၆၃ ဦးထက်မနည်းလွတ်မြောက်

အဘူဂျာ မတ် ၅

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်တွင် နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့များက စစ်ဆင်ရေးများပြုလုပ်ခဲ့စဉ်အတွင်း ဘိုကိုဟာရမ်စစ်သွေးကြွစခန်းများမှ ဓားစာခံ ၆၃ ဦးထက်မနည်း ကယ်တင်နိုင်ခဲ့ကြောင်း အဘူဂျာမြို့ရှိ ကြည်းတပ်ဌာနချုပ်မှ မတ် ၅ ရက်တွင် ပြောကြားသည်။

မငြိမ်မသက်ဖြစ်နေသည့် ဘော်နိုပြည်နယ်အတွင်းရှိ ကျေးရွာများတွင် ပုန်းအောင်းနေသည့် ဘိုကိုဟာရမ်စစ်သွေးကြွများအား နိုင်ဂျီးရီးယားတပ်ဖွဲ့များက ရှင်းလင်းရာတွင် လက်နက်ကိုင်သူပုန်ငါးဦးသေဆုံးကြောင်း နိုင်ဂျီးရီးယားစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဆာနီလူကာရှီကာ အူစမန်၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါစစ်ဆင်ရေးကာလအတွင်း ဘိုကိုဟာရမ်တို့ပိုင်ဆိုင်သည့် လက်နက်၊ ခဲယမ်းမီးကျောက်များအား ရှာဖွေတွေ့ရှိသိမ်းဆည်းမိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

ဆင်ဟွာ၊

ပြည်တွင်းရေးရာ

ကင်းထောက်လူငယ်များ ပုဂံ-ညောင်ဦး ယဉ်ကျေးမှုနယ်မြေသို့ လေ့လာ

ပုပ္ပား မတ် ၅

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာနိုင်ငံကင်းထောက်ကြီး ဦးရဲမြင့်သည် ပုဂံ-ညောင်ဦး ယဉ်ကျေးမှုနယ်မြေသို့ လေ့လာရေးခရီးရောက်ရှိကြသည့် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ (ပုပ္ပား)မှ အမျိုးသားကင်းထောက်များ၊ အမျိုးသမီးကင်းထောက်များအား အဖွဲ့နှစ်ဖွဲ့ခွဲ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရွှေနန်းတော်ပြတိုက်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းဧည့်ခံပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာနိုင်ငံကင်းထောက်ကြီး ဦးရဲမြင့်က မြန်မာနိုင်ငံ ကင်းထောက်လူငယ်များ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီကင်းထောက်သင်တန်းများ၊ စနစ်တကျဖွင့်လှစ်နိုင်မည့် ကင်းထောက်စခန်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများကို ကင်းထောက်လူငယ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား နိုင်ငံတကာကင်းထောက်ညီလာခံများ တက်ရောက်ခဲ့သည့် တက္ကသိုလ်အဆင့် ကင်းထောက်လူငယ်များက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းက ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ (ပုပ္ပား)မှ စခန်းမှူး ကင်းထောက်သင်တန်းမှူးချုပ် ဦးအေးကြိုင်နှင့် ကြီးကြပ်အုပ်ချုပ်သူ ဆရာ/ဆရာမများ လိုက်ပါလျက် ကင်းထောက်လူငယ်များသည် အမျိုးသားကင်းထောက်၊ အမျိုးသမီး ကင်းထောက် အဖွဲ့နှစ်ဖွဲ့ခွဲကာ နံနက် ၈ နာရီတွင် ပုဂံညောင်ဦးသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာပြီး ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ လောကနန္ဒာ၊ မြစေတီစသည့် ဘုရားရှစ်ဆူကို ဖူးမြော်၍ ရာဇကုမာရကျောက်စာ၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုပြတိုက်ကို လေ့လာကြည့်ရှုကြသည်။

ကင်းထောက်လူငယ်များသည် ဘုရားများရှိ ဂေါပကအဖွဲ့ဝင်များထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ညနေ ၄ နာရီတွင် တည်းခိုရာ ပုပ္ပားစခန်းသို့ ပြန်လည်ရောက်ရှိကာ ဗဟိုခန်းမတွင် ကင်းထောက်ဆိုင်ရာ အသိအမြင်၊ အတွေးအခေါ် မြင့်မားရေးအတွက် ကင်းထောက် အရည်အသွေးဆန်းစစ်ခြင်းနှင့် စခန်းကာလ အတွေ့အကြုံများအပေါ် အကဲဖြတ်ခြင်းများကို ပြုလုပ်သည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်ထောင်စုတိုင်းရင်းသား ကင်းထောက်လူငယ်များက ယဉ်ကျေးမှုဂီတအနုပညာဖြင့် ဖျော်ဖြေကြပြီး ချစ်ကြည်ရင်းနှီးစွာ စခန်းချတွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းသည်။

မတ် ၆ ရက် နံနက် ၇ နာရီတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ကင်းထောက်လူငယ်များသည် မိမိနေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။

ကိုလတ်(သတင်းစဉ်)

တရုတ်-မြန်မာ ဆက်ဆံရေး ပိုမိုကောင်းမွန်သော အနာဂတ်ရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်မည်ဟု မျှော်လင့်

၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အပြင် လွှဲပြောင်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ အနာဂတ်ကာလတွင် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်သော အနာဂတ်များရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr. Hong Liang က မတ် ၄ ရက် ညနေပိုင်းက ၎င်း၏နေအိမ်တွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ နှစ်သစ်ကူး နှစ်သစ်ကာလဖြစ်ပြီး မြန်မာနိုင်ငံ၏ နှစ်ဆန်းပိုင်းကာလတွင် မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းကာလ လုပ်ငန်းများဆောင်ရွက်နေချိန်တွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်နှစ်ကာလရှည်ကြာ ရင်းနှီးစွာဆက်ဆံလာသည့် ချစ်ကြည်ရင်းနှီးမှု ဆက်လက်တည်တံ့ခိုင်မြဲစေရန်နှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အပေါ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ၎င်း၏နေအိမ်တွင် နှစ်သစ်ကူးညစာစားပွဲကျင်းပကာ မီဒီယာများနှင့် တွေ့ဆုံပြောကြားခဲ့ခြင်းဖြစ်သည်။

" တရုတ်- မြန်မာချစ်ကြည်ရေးကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့နှစ်က အထွေထွေရွေးကောက်ပွဲ ကြီးကို အောင်မြင်စွာ ကျင်းပခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr. Hong Liang။

ပါတယ်။ ဒီနှစ် နှစ်ဆန်းပိုင်းမှာတော့ လွှတ်တော်ကို အောင်မြင်စွာ ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးမှာ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ ကဏ္ဍစုံပါဝင်ဖို့အတွက် အခွင့်အလမ်းတော်တော်များများ ဖန်တီးခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့အသွင်ကူးပြောင်းရေးကာလမှာ တရုတ်-မြန်မာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ဖို့မှာမြန်မာမီဒီယာတွေဟာ ပိုမိုအရေးကြီးတဲ့အခန်းကဏ္ဍကို ရောက်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေး အဆင်ပြေအောင်မြင်နိုင်ပြီးတော့ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ရှိမယ်လို့ မျှော်လင့်ပါတယ်" ဟု သံအမတ်ကြီးက ပြောသည်၊

ယင်းအပြင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ရင်းနှီးဘက်နိုင်ငံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း အကြီးမားဆုံးနိုင်ငံတစ်ခုဖြစ်ကာ ယင်းကို ဆက်လက်ထိန်းသိမ်းထားပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။

"တရုတ်နိုင်ငံနဲ့မြန်မာနိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ ကောင်းမွန်တဲ့ အလားအလာရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ တော်တော်များများ ရင်းနှီးမြှုပ်နှံဖို့ လာရောက်နိုင်ပါတယ်။ အခုမြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ကတော့ တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတဲ့အခါ ဦးစွာ ပထမလုပ်ငန်းကတော့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အကူအညီပေးပြီး မြန်မာနိုင်ငံရဲ့ ပြည်သူလူထု စားဝတ်နေရေး အဆင့်အတန်းမြှင့်တင်ဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာကာ ပြည်သူလူထု ဝင်ငွေတိုးတက်လာပြီး အခြေခံအဆောက်အအုံပိုင်းမှာ မြင့်မားလာတဲ့အခါ တရုတ်နိုင်ငံအတွက်လည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ပိုမိုများပြားတဲ့အခွင့်အလမ်း ရှိနိုင်ပါတယ်။ အခုဆို တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ အကြီးဆုံး ရင်းနှီးဘက်နိုင်ငံဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု အကြီးဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ထိန်းသိမ်းဖို့လည်း ကြိုးစားသွားပါမယ်။ ကုမ္ပဏီတွေက မြန်မာနိုင်ငံမှာလာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ ထမ်းဆောင်ရမယ့် CSR တွေကို ကောင်းကောင်းမွန်မွန် အကောင်အထည်ဖော်ဖို့ တရုတ်အစိုးရက တိုက်တွန်းပေးမယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းမယ်။ ဒီနိုင်ငံရဲ့ယဉ်ကျေး မှုကိုလည်း လိုက်နာလေးစားမယ်။ အရေးကြီးဆုံးကတော့ စီမံကိန်းတွေ အကောင်အထည်ဖော်တဲ့ ကျေးလက်ဒေသမှာ ဆင်းရဲနွမ်းပါး မှု လျှော့ချရေးအတွက်၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးမယ်။ ဒီလိုစီမံကိန်းတွေ ဆောင်ရွက်တဲ့အခါ ပွင့်လင်းမြင်သာမှုက မဖြစ်မနေ ရှိသင့်ပါတယ်"ဟု သံ အမတ်ကြီးက မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

(ဆုနှင်းလှဲ)

□□

*** ရွှေဖုံးမှ**

လက်ရှိကာလတွင် လှည်းကြမ်းများကိုတောင်သူသုံးအဖြစ် အသုံးပြုကာ ရေစည်လှည်းကိုလည်း ရေရှားသည့်ဒေသများတွင် အသုံးပြုလေ့ရှိသည်။ ထိုအထဲတွင် လှည်းယဉ်ကြော့ကိုခေတ်နှင့်အညီအလှအပများဖြင့် တီထွင်ထုတ်လုပ်ထားသည့်လှည်းများကို အလှူ ရှင်လောင်းလှည့်ပွဲများအတွက် သီးသန့်ထောင်ကာ အငှားလိုက်ကြသည်အထိ တွင်ကျယ်စွာအသုံးပြုလာကြသည်။ ရှေးခေတ်လှည်းများတွင် သစ်သားကို အဓိကထားအသုံးပြုသော်လည်း လက်ရှိကာလ ရှင်လောင်းလှည့်ပွဲများအတွက် လှည်းများကို ခေတ်နှင့်အညီ ထုတ်လုပ်ကာအလှဆင်လာကြသည်။

ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည်းဟုခေါ်ဝေါ်ကာတီထွင်လာကြသည်။ လှည်းအိမ်ကိုသံဖြင့်ပုံစံချပြုလုပ်ကာ အလှဆင်ရန်အတွက် ပန်းပု၊ ပန်းထွင်းကနုတ်များ၊ လှပသောပန်းပွတ်လက်ရာများကိုအနုစိတ်ပုံဖော်ထားသည်။ ရှေးခေတ်ကအသုံးပြုခဲ့သည့်အသားဝင်ရိုးအစား သံဝင်ရိုးကိုအသုံးပြုကာလေးဖောက်များကိုပါ တပ်ဆင်လာကြသည်။ လှည်းအိမ်များတွင်မူ မြန်မာ့ပန်းပုလက်ရာများဖြင့်အစွမ်းပြထုဆစ်ထားသည့် ကဒေါင်း၊ နတ်သား၊ ခြင်္သေ့၊ နဂါး၊ ဆင်မှအစ ပုံစံမျိုးစုံဖြင့်အလှဆင်ထားသည်။ထို့အတူပင်အရုပ်များဖြင့်လည်း အလှဆင်တတ်ကြသည်။ အများစု အလှဆင်သောအရုပ်များမှာ နတ်သား၊သိကြား၊ ပန်းနွယ်ပန်းခက်များဖြင့်အနုစိတ်ကာ အလှဆင်လာကြသည်။

လက်ရှိကာလတွင် မြန်မာ့အလှူပွဲများ ရှင်လောင်းလှည့်လည်ပွဲနှင့် ရွှေလှည်းများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးနှစ်သက်သဘောကျလျက်ရှိသည်။ အလှူ ရှင်လောင်းလှည့်ပွဲတွင် မြန်မာဆန်သည့် အလှများနှင့်အတူ ရွှေလှည်းများကို အမိအရဓာတ်ပုံရိုက်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

(တိမ်တမန်)

အာရှနှင့်ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး နည်းစနစ်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၅

"အာရှနှင့်ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး နည်းစနစ်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ" National Workshop on ESCAP Transport Facilitation Models ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ ဒေသဆိုင်ရာ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP)တို့ပူးပေါင်း၍ မတ် ၃ ရက် နံနက်ပိုင်းတွင် Park Royal Hotel ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နယ်စပ်ဖြတ်ကျော်နှင့်တစ်ဆင့်ဖြတ်သန်းသယ်ယူပို့ဆောင်မှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ စိန်ခေါ်မှုအခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ကိုကိုက အာရှနှင့်ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်အား အလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော်နှင့်တစ်ဆင့်ဖြတ်သန်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ဌာနအဖွဲ့အစည်းများအတွက် များစွာအကျိုးရှိကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ Ms. Virginia Tanase, Chief of Transport Facilitation and Logistics Section က ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းရည်ပြည့်ဝသောကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးအတွက် တစ်ဆင့်ဖြတ်သန်းသယ်ယူပို့ဆောင်ခွင့်များသည် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး၊ အကောက်ခွန်ဦးစီးဌာန စသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပေါင်းစည်းမှုရှိသော ဒေသတွင်းသယ်ယူပို့ဆောင်ရေးစနစ် ထူထောင်ခြင်းနှင့် အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းများအတွက်မြန်မာနိုင်ငံမှ အရာထမ်းများအား စွမ်းရည်မြှင့်တင်ပေးရေးဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP)က ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးသဘောတူခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

□□

ဆောင်းပါး

ဓာတုခြင်ဆေးများကို GHS နှင့် အန္တရာယ်အမျိုးအစားခွဲခြားတံဆိပ်ကပ်ခြင်း

ဒေါက်တာလပြည့်ခင်

လူအများနေထိုင်ရာ ပတ်ဝန်းကျင်တွင် ခြင်မပေါက်ပွားစေရန် ခြင်ပေါက်ပွားနိုင်သည့် ရေမြောင်းများကို ရေစီးရေလာကောင်းမွန်အောင် ပြုပြင်ခြင်း၊ ရေမြောင်းများအား စနစ်တကျ ဖုံးအုပ်ထားခြင်း၊ ထစ်ပတ်ထစ်ခါ ဆေးဖျန်းပေးခြင်းနှင့် အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြင့် ခြင်အန္တရာယ် ကာကွယ်နိုင်ပါသည်။ ထိုသို့ ကာကွယ်သည့်ကြားမှ ခြင်များပေါက်ပွားလေ့ရှိသည့် မိုးရာသီတွင် ခြင်ကြောင့်ဖြစ်တတ်သည့်ရောဂါများကို ကြောက်ရွံ့သဖြင့် လူတော်တော်များများသည် ခြင်ဆေးခွေအမျိုးမျိုးကို အသုံးပြုနေကြပါသည်။ ထိုခြင်ဆေးခွေများတွင် ခြင်ကိုနှိမ်နင်းနိုင်မည့် အတိုင်းအဆလောက်သာ ဓာတုပစ္စည်းများကို ထည့်သွင်းထုတ်လုပ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ထားသော်လည်း စီးပွားဖြစ်ထုတ်လုပ်ရောင်းချသူများက ခြင်ကိုသေစေနိုင်ရုံသာမက လူသားတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများကို ပိုမိုထည့်သွင်းသုံးစွဲနေကြသဖြင့် ပိုးသတ်ဆေးဥပဒေ (Pesticide Law)အရ တားမြစ်ပိတ်ပင်ထားပါသည်။

DDT (Dichlorodipheny ltrichloroethane) ဟုခေါ်သည့် ငှက်ဖျားရောဂါကာကွယ်သည့် ခြင်သတ်ဆေးအပါအဝင် ပိုးမွှားသတ်ဆေးများသည် ကြာရှည်စွာ တည်မြဲနေနိုင်ပြီး ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေသည့် အော်ဂဲနစ် ဓာတုဒြပ်ပစ္စည်းများကို Persistent Organic Pollutants (POPS) ဟု ခေါ်ပါသည်။ ခြင်ဆေးခွေပြုလုပ်ရာတွင် အများဆုံး အသုံးပြုလေ့ရှိသည့် ဓာတုပစ္စည်းများနှင့် အန္တရာယ်များကို ဆက်လက်ဖော်ပြသွားပါမည်။ ခြင်ဆေးခွေတွင် ခြင်ပြေးစေရန် သုံးသော ဓာတုပစ္စည်းတစ်မျိုးမှာ Pyrethrin ဖြစ်ပြီး ယင်းကို Pyrethrum Flower မှ ထုတ်လုပ်ပါသည်။

သို့သော် ယခုအခါတွင် ဓာတု (Synthetic) ဓာတ်ပေါင်းဖြစ်သော အယ်လကာလီဓာတ်ပေါင်း (Pyrethrin Base)များဖြစ်သည့် Allethrin၊ Tetramethrin၊ Permethrin၊ Cyphenothrin၊ Cypermethrin၊ Cyfluthrin တို့ကို WHO မှ သတ်မှတ်ချက်အတိုင်း ထည့်သွင်းအသုံးပြုကြပါသည်။ ခြင်ပေါများလှသော မြန်မာနိုင်ငံ၌ ခြင်ဆေးခွေတံဆိပ်အမျိုးမျိုးကို ဈေးကွက်တွင် ကျယ်ပြန့်စွာတွေ့ရှိနေရပါသည်။

ထိုခြင်ဆေးခွေများတွင် ခြင်ပြေးစေရန် အသုံးပြုသော ဓာတုပစ္စည်းမှာ Active Ingredients အနေဖြင့် D-allethrin ကို သုည ဒသမ ၁ ရာခိုင်နှုန်းမှ သုည ဒသမ ၃ ရာခိုင်နှုန်း အသုံးပြုကြပါသည်။ အခြား ဓာတုပစ္စည်းအနေဖြင့် မီးလောင်လွယ်စေရန် Potassium Nitrate ကို အများအားဖြင့် အသုံးပြုပြီး အခြားပါဝင်သော ပစ္စည်းများမှာ မီးလောင်စေရန် လောင်စာအဖြစ် လွှစာမှုန့်၊ ကော်များအဖြစ် ပီလောပီနံမှုန့်၊ ကော်စသည်တို့ကို အသုံးပြုကြပါသည်။

ခြင်ဆေးခွေကို မီးရှို့သောအခါတွင် ခြင်ပြေးစေရန် ထည့်ထားသည့် Active Ingredients များမှ ထွက်လာသော အငွေ့(Vapor)များသည် လေထဲတွင်ပျံ့လွင့်ပြီး ရှူမိသူများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ (Respiratory Tract Disease) သာမက ကင်ဆာရောဂါများအထိ ဖြစ်ပွားစေနိုင်ပါသည်။ နိုင်ငံတကာမှ သုတေသန ပညာရှင်များ၏ စမ်းသပ်ချက်များအရ ခြင်ဆေးခွေတစ်ခွေကို မီးရှို့လိုက်လျှင် Volatile Or ganic ဒြပ်ပေါင်း ၇၀ ကျော်ပါဝင်ပြီး ၎င်းတို့ထဲတွင် အလွန်သေးငယ်သည့် (Allathrin) အမှုန်လေးများ၊ သတ္တုလေးများ (Heavy Metal)၊ ပေါလီဆိုက်ကလစ် အေရိုမက်တစ် ဟိုက်ဒရိုကာဗွန်များ (Polycyclic Aromatic Hydrocarbon)၊ အော်ဒီဟိုက် (Aldehydes) များ၊ ကီတုန်း (Ketone)၊ ဗင်ဇင်း (Benzene)၊ ဇိုင်လင်း (Xylene) တို့ထွက်ပေါ်လာပြီး ၎င်းတို့သည် လေထဲတွင် ပျံ့နှံ့နေပါက လေထုတွင်ရှိရမည့် စံချိန်စံညွှန်း (Air Standard)များနှင့်မကိုက်ညီတော့ဘဲ လူတို့၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါသည်။ လေထုထဲတွင် ခြင်ဆေးခွေတစ်ခွေ၏ အငွေ့များသည် စီးကရက် ၅၅ လိပ်မှ ၁၃၇ လိပ်ကို မီးရှို့သည်နှင့်ညီမျှကြောင်းသိရပြီး ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ကြောင့်ဖြစ်သည့် ရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။

အခြားနိုင်ငံများမှ ထုတ်လုပ်သော ခြင်ဆေးခွေအချို့တွင် WHO မှ သုံးစွဲခွင့်မပြုသည့် အစွမ်းထက်ဓာတုပစ္စည်း S-2 (Octachlorodipropyl Ether) ကိုထည့်သွင်းအသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိနေရပါသည်။ ထို S-2 ပါဝင်ပါက ခြင်ဆေးအငွေ့တွင် Bis Chloro Methyl Ether (BCME) ဆိုသည့် ဓာတ်ပေါင်းတစ်မျိုးထွက်ပေါ်လာပြီး ၎င်းကို GHS Classification ခွဲကြည့်သောအခါ Category 1 ဖြစ်သဖြင့် အန္တရာယ်အမြင့်ဆုံး အနေအထားတွင်ရှိပြီး အဆုတ်ကင်ဆာ (Lung Cancer) အထိ ဖြစ်ပွားစေနိုင်ပါသည်။ ယခုအခါ ဈေးကွက်များတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ခြင်ဆေးခွေများတွင် ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် Meper Fluthrin ကို WHO ၏ အမြင့်ဆုံး သတ်မှတ်ချက်ကို ကျော်လွန်၍ ပါဝင်နေကြောင်းတွေ့ရှိရပါသည်။ ဥပမာအားဖြင့် တရုတ်ပြည်ထုတ် ကျင်းထုံခြင်ဆေးအပြာတွင် သုည ဒသမ ၀၆၄၁ ရာခိုင်နှုန်း၊ အနီတွင် သုည ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းတွင် သုည ဒသမ ၁၁၂၉ ရာခိုင်နှုန်းအထိ ပါဝင်နေသဖြင့် နိုင်ငံတော်မှ သုံးစွဲခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားပါသည်။

ခြင်ဆေးခွေတွင် ထည့်သွင်းထားသော ဓာတုပစ္စည်းများသည် တိုက်ရိုက်ထိတွေ့လျှင်သော်လည်းကောင်း၊ ခြင်ဆေးကို မီးရှို့၍ ထွက်လာသောအငွေ့များကို ကြာရှည်ရှူရှိုက်မိလျှင်သော်လည်းကောင်း အန္တရာယ်ရှိပါသည်။ GHS စနစ်အရ ခြင်ဆေးခွေတွင် ထည့်သွင်းထားသော ဓာတုပစ္စည်းတော်တော်များကို အမျိုးအစားခွဲ၍ တံဆိပ်ကပ်ရာ (Labeling & Classification) တွင် တွေ့ရှိရသော **အန္တရာယ်အကြောင်းအရာဖော်ပြချက် (Hazard Statements)** များကို ခြင်ဆေးသုံးစွဲသူများ သတိထားမိစေရန် ဖော်ပြလိုပါသည်-

(၁) ခြင်ဆေးကို မျိုချမိလျှင် အဆိပ်ဖြစ်နိုင်သည်။ (Toxic if swallowed.)

(၂) ထိမိလျှင် အရေပြားကို ယားယံစေသည်။ (Causes Skin Irritation.)

(၃) ရှူမိလျှင် ဓာတ်မတည့်မှု(သို့)ရင်ကြပ်လက္ခဏာ (သို့) အသက်ရှူခက်ခြင်းများ ဖြစ်နိုင်သည်။ (May cause allergy or asthma symptoms or breathing difficulties if inhaled.)

(၄) လူကိုသာမက သက်ရှိရေနေသတ္တဝါများအတွင်း အချိန်ကြာမြင့်စွာ ပြင်းထန်သော အဆိပ်ဖြစ်စေပါသည်။ (Very toxic to aquatic life with long lasting effects.)

(၅) ကင်ဆာဖြစ်စေနိုင်သည်။ (May cause cancer.)

လူတို့၏ ကျန်းမာရေးကို အနည်းနှင့်အများ ထိခိုက်စေသောကြောင့် **ကြိုတင်သတိထားရမည့် ဖော်ပြချက် (Precautionary Statements)**များထဲမှ ကာကွယ်ရန် (Precaution)နည်းလမ်းများထဲမှ အရေးကြီးသည့် အချက်များကို အောက်ပါအတိုင်းဖော်ပြလိုပါသည်-

(၁) ခြင်ဆေးသည် အသားအရေကို ယားယံစေသဖြင့် ၎င်းကိုကိုင်တွယ်ရာတွင် လက်အိတ်နှင့် ကိုင်တွယ်ရပါမည်။ (Wear protective gloves.)

(၂) ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာ၊ ရေတို့နှင့်စင်ကြယ်စွာ ဆေးကြောသင့်ပါသည်။ (Wash hand thoroughly after handling.)

(၃) အစားအသောက်များနှင့် ထိတွေ့ခြင်းမရှိစေရန်နှင့် အသုံးပြုနေစဉ် အစာစားခြင်း၊ အရည်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းမပြုလုပ်ရန် လိုအပ်ပါသည်။ (Keep away from food and do not eat, drink or smoke when using this product.)

(၄) ကလေးများ လက်လှမ်းမီသော နေရာများတွင် လည်းမထားသင့်ပါ။ (Keep out of reach of children.)

(၅) ခြင်ဆေးခွေကို အသုံးပြုလိုပါက လူမရှိသော အခန်းတွင်ထွန်းထားပြီး အငွေ့သေသောအချိန်မှသာ နေထိုင်သင့်ပါသည်။ အလုံပိတ်အခန်းတွင် ထွန်းညှိပြီး လူများနေထိုင်ခြင်း မပြုလုပ်သင့်ပါ။

(၆) ပန်းနာရင်ကြပ်ရှိသူများ၊ နှလုံးရောဂါရှိသူများ ခြင်ဆေးငွေ့ကို ရှောင်ရှားသင့်ပါသည်။ (Avoid breathing vapors, fume.)

(၇) ပတ်ဝန်းကျင်သို့ လွတ်ထွက်မသွားအောင် ထားရမည်။ (Avoid release to the environment.)

(၈) ကြာရှည်စွာ မရှူရှိုက်မိစေရန် ဆက်တိုက်ထွန်းညှိခြင်းကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာလျှင် တုံ့ပြန်ဆောင်ရွက်ရမည့် **Emergency Responses များ**ကိုလည်း သတိထားဆောင်ရွက်နိုင်ရန် ဖော်ပြလိုက်ပါသည်-

(၁) မျိုချမိလျှင် အဆိပ်ဌာန (သို့) ဆရာဝန် (သို့) သမားတော်ကို ချက်ချင်းခေါ်ပါ။ ပါးစပ်ကို ရေဖြင့် ပလုတ်ကျင်းပါ။ အော့အန်ရန်မလုပ်ပါနှင့်။ (IF SWALLOWED:rinse mouth. Do NOTinduce vomiting. Immediately call a POISON CENTER of doctor/ physician.)

(၂) အရေပြားပေါ်ကျလျှင် ဆပ်ပြာနှင့် ရေများများဖြင့် ဆေးကြောပါ။ အရေပြားယားယံခြင်း(သို့) အဖုအပိမ့်ထွက်လာလျှင် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်/ကုသမှုကိုခံယူပါ။ (IF ON SKIN: wash with plenty of soap and water. If skin irritation of rash occurs: Get medical advice/ attention.)

(၃) ခြင်ဆေးရှူမိ၍ အသက်ရှူရခက်ခဲလျှင် လေကောင်းလေသန့်ရသော နေရာသို့ရွှေ့ပြီး သက်သောင့်သက်သာ အသက်ရှူနိုင်သော အနေအထားမှာအနားယူပါ။ မသက်မသာဖြစ်လျှင် အဆိပ်ဌာန (သို့) ဆရာဝန်(သို့) သမားတော်ကို ချက်ချင်းခေါ်ပါ။ (If INHALED: If breathing is difficult, remove to fresh air and keep at rest in apposition comfortable for breathing. Call POISON CENTER of doctor/ physician if you feel unwell. အစရှိသည်တို့ကို ဆောလျင်စွာဆောင်ရွက်သင့်ပါသည်။

ထို့ကြောင့် ခြင်ဆေးတွင် ထည့်သွင်းအသုံးပြုထားသော ဓာတုပစ္စည်းများသည် တိုက်ရိုက်ထိတွေ့လျှင်သော်လည်းကောင်း၊ ခြင်ဆေးခွေကို မီးရှို့၍ ထွက်လာသောအငွေ့များကို ကြာရှည်ရှူရှိုက်မိလျှင်သော်လည်းကောင်း လူတို့၏ ကျန်းမာရေးကို အနည်းနှင့်အများ ထိခိုက်နိုင်သဖြင့် ခြင်ဆေး၏အန္တရာယ်၊ ဆောင်ရန်၊ ရှောင်ရန်၊ ကာကွယ်ရန်အချက်များကို GHS စနစ်ဖြင့် တွက်ချက်ဖော်ထုတ် တင်ပြထားခြင်းဖြစ်ပါသည်။

ထို့အပြင် ခြင်ဆေးထုတ်လုပ်သူများဘက်ကလည်း ထည့်သွင်းအသုံးပြုသည့် Active Ingredient များကို WHO မှ သတ်မှတ်ထားသည့် အချိုးအစားများအတိုင်းသာ ထည့်သွင်းအသုံးပြုရန်နှင့် ခွင့်မပြုဓာတုပစ္စည်းများကို ထည့်သွင်းအသုံးမပြုကြရန် လေးစားလိုက်နာကြရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက ဓာတ်တုပစ္စည်းများအစား သဘာဝမှရရှိနိုင်သော သစ်ကြံပိုးခေါက်ဆီ (Cinnamon Oil)၊ တမာဆီ (Neem Oil)၊ ရှောက်သီးဆီ (Citronella Oil)၊ ယူကလစ်ဆီ (Eucalyptus Oil) အစရှိသည်တို့ကို အစားထိုးအသုံးပြုလျှင် ပိုမိုသင့်တော်ပါသည်။ တစ်ဖန် ပြည်သူလူထုဘက်ကလည်း မိမိတို့၏ အသိစိတ်ဓာတ်နှင့် အလွယ်တကူ ဆောင်ရွက်နိုင်သည့် ကြိုတင်ကာကွယ်ရမည့် အချက်များဖြစ်သည့် ခြင်မပေါက်ပွားစေရန်၊ ခြင်ပေါက်ပွားနိုင်သည့် ရေမြောင်းများကို ရေစီးရေလာကောင်းမွန်အောင်ပြုပြင်ခြင်း၊ ရေမြောင်းများအား စနစ်တကျဖုံးအုပ်ထားခြင်း၊ ရေမြောင်းများကို တစ်ပတ်တစ်ခါ ဆေးဖျန်းပေးခြင်းနှင့် အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းတို့ကို ပြည်သူလူထုတစ်ရပ်လုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုလျှင် ခြင်အန္တရာယ်နှင့် ဓာတုပစ္စည်းသုံးခြင်ဆေးများ၏ အန္တရာယ်မှ ကာကွယ်ပြီးဖြစ်ကြောင်း အလေးအနက်ထားတင်ပြအပ်ပါသည်။ ။

ခြင်ဆေးခွေများတွင် ခြင်ကိုနှိမ်နင်းနိုင်မည့် အတိုင်းအဆလောက်သာ ဓာတုပစ္စည်းများကို ထည့်သွင်းထုတ်လုပ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ထားသော်လည်း စီးပွားဖြစ်ထုတ်လုပ်ရောင်းချသူများက ခြင်ကိုသေစေနိုင်ရုံသာမက လူသားတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများကို ပိုမိုထည့်သွင်း သုံးစွဲနေကြသဖြင့် ......

ယခုနှစ်ရေနည်းရာသီအတွင်း ချင်းတွင်းမြစ်ရေလမ်း(၇)နေရာ ရေကြောင်းကျဉ်းတည်းမှုများဖြစ်ပေါ်နိုင်

စစ်ကိုင်း မတ် ၅

ချင်းတွင်းဝမှ ခန္တီးမြို့အထိ ၈၁၇ကီလိုမီတာရှည်လျားသော ချင်းတွင်းရေလမ်းကြောင်းအတွင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၆ခုနှစ် ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေလမ်းကြောင်းအပေါ်အခြေခံ၍ ယခုနှစ်ရေနည်းရာသီအတွင်း ရေလမ်းခုနစ်နေရာရေကြောင်းကျဉ်းတည်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးထံမှ သိရသည်။

ရေကြောင်းကျဉ်းတည်းမည့်ခုနစ်နေရာတွင် ကျောက်မျက်ကျေးရွာမှ မုံရွာမြို့သို့အဆင်းရေလမ်းသည် ရေပြန့်ကျယ်ကာ ရေမြှာများကွဲနေသဖြင့် ရေလမ်းကြောင်းကျဉ်းမြောင်းနေသလို ချင်းတွင်းတံတား(မုံရွာ)အဝင် အလုံအဆင်းရေလမ်းသည် ရေပေါက်နှစ်ပေါက်ဖြစ်ပေါ်နေပြီး ပင်မရေလမ်းကြောင်းအနေဖြင့် ရေလယ်သောင်၏အရှေ့ဘက်မှ ခုတ်မောင်းသွားလာလျက်ရှိပြီး အနောက်ဘက်ကြောင်းမှာ တံတားအဝင်တွင် ကျွေ့ကောက်စီးဆင်းသောကြောင့် ရေယာဉ်များ တံတား အဝင်၊ အထွက် အန္တရာယ်ဖြစ်ပေါ်နိုင်သည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် ကနီမြို့ ပန်းဆိုင်းရေလမ်းသည် ရေပြင်ကျယ်ပြီး ရေစီးနှုန်းနည်း၍ ရေလမ်းကျဉ်းကာ အနည်းဆုံးရေအနက်မှာ ၄ပေ၆ လက်မခန့်ရှိကြောင်း သိရသည်။ ကနီမြို့နယ် မဲဒင်အထက်ရေလမ်းသည် ရေပြန့်ကျယ်ပြီး ရေလမ်းကြောင်း နှစ်မြွာဖြစ်ပေါ်နေကာ အနည်းဆုံးရေမှတ်မှာ ငါးပေရှိ၍ ရေလမ်းပြောင်းလဲမှုများရှိနိုင်ကြောင်း သိရသည်။ မင်းကင်းရေလမ်းသည် မယောရေလမ်းနှင့် ရေလမ်းနှစ်ပေါက် အားပြိုင်နေသည့်အခြေအနေတွင်ရှိနေပြီး လက်ရှိမင်းကင်းမြို့ဘက်မှ ရေလမ်းကြောင်းပေးထားပြီး မင်းကင်းမြို့ ဆိပ်ကမ်းတည့်တည့်တွင် ရေမှာပြန့်နေသောကြောင့် ရေအနက် ငါးပေခန့်သာရှိကြောင်း သိရသည်။ မင်းကင်း၏အထက် မော်လိုက်မြို့ ရွာပင်အဆင်းရေလမ်းသည် ရေပြန့်ကျယ်ပြီး ရေကြောင်းကျဉ်း၍ ရေစီးနှုန်းနည်းကာ ကျပ်တည်းနိုင်သလို ဖောင်းပြင်မြို့နယ် နတ်စက်ရေလမ်းသည် ရေပြန့်ကျယ်ပြီး ရေလမ်းကြောင်းမှာ လိမ်ကောက်နေကာ ရေစီးနှုန်းနည်းသောကြောင့် ရေကြောင်းကျပ်နိုင်ပြီး အနည်းဆုံးရေအနက်မှာလည်း ငါးပေခန့်ရှိကြောင်း သိရသည်။

"၁၉၉၈ခုနှစ်က ၂၀၁၅ခုနှစ်အထိ နှစ်စဉ်တိုင်းတာရရှိတဲ့မြစ်ရေမှတ်တွေအရ နွေရာသီရေနည်းကာလတွေဖြစ်တဲ့ ဖေဖော်ဝါရီလက မေလအတွင်းမှာ သက်ဆိုင်ရာမြို့များရဲ့ အနိမ့်ဆုံးရေမြင့်မှတ်များအောက်ကို ရောက်လေ့ရှိပါတယ်။ ဒါကြောင့် ယခုနှစ်ရေနည်းရာသီအတွင်းမှာလည်း မုံရွာ၊ ဟုမ္မလင်း၊ ခန္တီးမြို့တို့နဲ့ ဆက်စပ်နေရာတွေမှာအနိမ့်ဆုံးရေမြင့်မှတ်အောက်လျော့နည်းလာနိုင်ပါတယ်။ အနိမ့်ဆုံးရေမြင့်မှတ်အောက်လျော့နည်းလာနိုင်တဲ့အတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးဖို့လိုပါတယ်" ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

မြန်မာနိုင်ငံရှိ ရာသီဥတုအခြေအနေများအရ မြစ်များအတွင်း ရေလမ်းသွားလာမှုအတွက် နှစ်စဉ် မေ ၁၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ရေများကာလအဖြစ်သတ်မှတ်ထားပြီး နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အထိ ရေနည်းကာလအဖြစ်သတ်မှတ်ထားကာ ရေကြောင်းအသုံးပြုရေယာဉ်များအတွက် လိုက်နာရမည့်ရေစူးကန့်သတ်ချက်များကို ထုတ်ပြန်ထားကြောင်း သိရသည်။

(မျိုးဝင်းထွန်း)

နိုင်ငံတကာခရီးသွားဧည့်သည်များ ဂေါဝိန်ဆိပ်ကုန်တင်ကုန်ချ လုပ်ငန်းများကိုလေ့လာကာ လက်တွေ့စမ်းသပ်ထမ်းပိုးမှုများပင်ပြုလုပ်

ကုန်တင်ခေါက်တိုကားများကို အလုပ်အကိုင်အခွင့်အလမ်း များစွာပေးလျက်ရှိသည်။ တိမ်တမန်

မန္တလေး မတ် ၅

မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ သမိုင်းဝင်နေရာများစွာကို လေ့လာသလို ကုန်စည်သယ်ယူပို့ဆောင်မှုများနှင့် လုပ်ကိုင်စားသောက်မှု သဘာဝများကိုပါ လေ့လာကြသည်။ ဧရာဝတီမြစ်ဆိပ်ဖြစ်သော ဂေါဝိန်ဆိပ်ကမ်းတွင်သင်္ဘောပေါ်မှကုန်စည်များအထင်အချပြုလုပ်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်မှုတို့ကိုလည်း လေ့လာလေ့ရှိသည်။

အချို့သော ခရီးသည်များမှာ ကိုယ်တိုင်အိတ်များကို အစမ်းထမ်းကြည့်သည်များလည်းရှိသည်။ ထိုသို့စမ်းသပ်ထမ်းပိုးမှုကိုဆိပ်ကမ်းမှအလုပ်သမားများက ကူညီပေးလေ့ရှိသည်။

မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်း၊ ရေလမ်းတို့ကိုအဓိကထား သယ်ယူပို့ဆောင်လေ့ရှိသည်။ ရေလမ်းဖြင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ ကုန်စည်များ တင်ပို့လေ့ရှိသည်။ ထိုသို့တင်ပို့မှုများတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ်နှင့်အခြား ကုန်တင်ဆိပ်ကမ်းများ အပါအဝင် ဒေသအလိုက်၊ ကုန်ပစ္စည်းအလိုက် တင်ပို့လေ့ရှိကြသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သောဆိပ်ကမ်းဖြစ်ပြီး အများစုသောကုန်စည်များကို ထိုဆိပ်ကမ်းမှ သယ်ကြသည်။ မန္တလေးမြို့အတွက် ဧရာဝတီမြစ် ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည့် ဆိပ်ကမ်းတစ်ခုပင် ဖြစ်သည်။

လက်ရှိကာလ ရေကြောင်းသယ်ယူပို့ဆောင်မှုတွင် ရေတိုးခြင်း၊ ရေကျခြင်း၊ ကုန်စည်များခြင်း၊ ကုန်စည်ရှားခြင်း အခြေအနေကိုကြည့်ကာ သင်္ဘောလိုင်းကိုပြောင်းလဲပြေးဆွဲကြသည်။ အထူးသဖြင့်သင်္ဘောများမှာ ၁၂ လပိုင်းမှ ၆ လပိုင်းအထိ ဗန်းမော်လိုင်းကိုအားထား ပြေးဆွဲကြရသည်။ အစုန်ကုန်၊ အဆန်ကုန်များကို စောင့်တင်ကြရသည်။ ရေတိုးချိန်များတွင်ဗန်းမော်လိုင်း ကုန်စည်ပါးသည့်အတွက် ကလေးဘက်နှင့် ချင်းတွင်းလိုင်းကိုပြေးဆွဲကြသည်။ ထိုကာလတွင် အစုန်အဆန်ကုန်များကို ကုန်စုံနှင့် ကျောက်မီးသွေးကို တစ်ခြမ်းစီတင်ဆောင်ကြသည်။ သင်္ဘောတစ်စင်းလျှင်အတင်အချ တစ်လခန့်နီးပါးကြာသည်။ ဧရာဝတီမြစ်ဆိပ် ဂေါဝိန်ဆိပ်မှအစ အခြားဆိပ်ကမ်းများမှ ကုန်တင်ကုန်ချ အလုပ်သမားများ

အိမ်သုံးဆိုလာစနစ် (SHS) တပ်ဆင်ပေးနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် BRIGHTERLITE NORWAY AS တို့ပူးပေါင်း၍ **"ကျေးလက်ဒေသများတွင် အိမ်သုံးဆိုလာစနစ် (SHS) တပ်ဆင်ပေးခြင်းလုပ်ငန်းစီမံချက်"**ကို Business Model ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU)ကို မတ် ၄ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် BRIGHTERLITE NORWAY AS မှ Martin Hamann တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြသည်။

အဆိုပါစီမံကိန်းကာလမှာ လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ငါးနှစ်အတွင်းဖြစ်ပြီး ကျေးလက်နေပြည်သူလူထုအတွက် အရည်အသွေးမြင့်မားသော အိမ်သုံးဆိုလာစနစ် (SHS) အား သက်သာသောဈေးနှုန်းများဖြင့် ရရှိနိုင်ရန် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံဈေးကွက် အတွင်း၌ အိမ်သုံးဆိုလာစနစ်ကို နှစ်သန်းမှ သုံးသန်းအထိ ဖြန့်ချိနိုင်ရန်နှင့် ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၇၀ ရာခိုင်နှုန်းအထိ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကျေးလက်နေပြည်သူတို့၏ နေအိမ်များတွင် အိမ်သုံးဆိုလာစနစ် ပုံစံသုံးမျိုးအား အငှားစနစ်ဖြင့် တပ်ဆင်ပေးခြင်း၊ သုံးစွဲသူများ၏ တောင်းဆိုချက်များ အဖြေပေးအကြောင်းပြန်နိုင်ရန်နှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် Call Center နှင့် Service Center များ တည်ထောင်ခြင်း၊ နော်ဝေနိုင်ငံ လက်ကိုင်ဖုန်း ကုမ္ပဏီဖြစ်သော Telenor နှင့် ပူးပေါင်း၍ အိမ်သုံးဆိုလာစနစ်ကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း ဖြစ်ပါကြောင်း၊ ငွေကြေးထောက်ပံ့ခြင်းမဟုတ်ဘဲ အိမ်သုံးဆိုလာစနစ်(SHS)အား မိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အရှိန်မထိန်းနိုင်သော ဆီဘောက်ဆာယာဉ် ချောက်အတွင်းထိုးကျ

တောင်ကြီး မတ် ၅

တောင်ကြီး-အေးသာယာ အဆင်းလမ်း မိုင်တိုင်အမှတ် (၁၁၂/၀) နှင့် (၁၁၂/၁) အကြား၌ တောင်ကြီးမှ အေးသာယာသို့ ယာဉ်မောင်း ဦးကျော်ဆွေဝင်း (၄၇)နှစ် မောင်းနှင်လာသော ၂၂ ဘီး အဖြူရောင် ဆီဘောက်ဆာယာဉ် (ဆီမပါ)မှာ မတ် ၄ ရက် နံနက်၁၂ နာရီ မိနစ် ၂၀ က မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်း ပေ ၁၅၀ ခန့်ရှိချောက်အတွင်းသို့ ထိုးကျ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဆီဘောက်ဆာယာဉ်တွင် ရှေ့ခေါင်းပိုင်း ကြေမွ၊ ဘော်ဒီ ယာဘက်ခြမ်း ပိန်ချိုင့်ပြီး လူတစ်ဦး တစ်ယောက်မျှ ဒဏ်ရာမရကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

ညောင်ရွှေမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၅

ရှမ်းပြည်နယ် နယ်မြေခံတပ်မတော်သားများသည် မတ် ၂ ရက်က ညောင်ရွှေမြို့နယ် ထီရိကျေးရွာတောင်ဘက်လမ်းဆုံတွင် ရပ်ထားသော ယာဉ်အမှတ် 3G/----- မော်တော်ယာဉ်၊ ယာဉ်အမှတ် ၂ဂ/---- တိုက်ဂါးတစ်ခန်းတွဲ မော်တော်ယာဉ်နှင့် ယာဉ်နောက်တွင် ရပ်ထားသော ဆိုင်ကယ်တို့ကို ရှာဖွေရာ ၂ဂ/---- တိုက်ဂါးတစ်ခန်းတွဲ မော်တော်ယာဉ်ပေါ်တွင် မောင်ထူး၊ စိုင်းကုန္တနှင့် စိုင်းမွန်းတို့ သုံးဦးအား တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၊ မြန်မာငွေကျပ် ၃ ဒသမ ၂၃၇ သိန်းနှင့် 3G/------ မော်တော်ယာဉ်ကို ရှာဖွေရာ စိုင်းလောင်လင်းနှင့် ရှမ်းမောင်တို့အား တွေ့ရှိပြီး ယာဉ်နောက်တွင် ရပ်ထားသည့် ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ သိမ်းဆည်းရမိသည်။

အလားတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉) ရပ်ကွက် ရွှေနှင်းဆီ(၅)လမ်း အမှတ်(၇၅၆-က)ရှိ ဆန်းလင်း၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ကောင်းမြတ်ကျော်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈ ပြား၊ ICE သုည ဒသမ ၁၅ ဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် မဂ္ဂင်လမ်းနှင့် စိတ္တသုခလမ်းထောင့်တွင် မူးယစ်ဆေးဝါးများ ရောင်းချပေးသူ စည်သူဇော်ဝင်းနှင့် မဝတ်မှုံကျော်တို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိပြီး တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဘယသုဒ္ဓိလမ်း အမှတ် (၁၈)ရှိ ၎င်းတို့နှစ်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၀ စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးပြား ၂၀၇၀ ကိုလည်းကောင်း၊ ထို့အတူ မတ် ၃ ရက်က မန္တလေးမြို့ စက်မှု(၁) ဖိုးရာဇာလမ်းတွင် မျိုးကို မောင်းနှင်ပြီး သောင်းဝင်း လိုက်ပါလာသည့်

ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက် အကွက်(၉)ရှိ သောင်းဝင်း၏ နေအိမ်ဧည့်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးပြား ၅၃၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ငွေကျပ်သိန်း ၃၀၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၅

ငွေကျပ် သိန်းပေါင်း ၃၂၀၇၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်း မုဒိတာအိမ်ရာ (C/208) ၌ မတ် ၂ ရက် ည ၉ နာရီခွဲတွင် သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသောပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် ဗဟိုလမ်း မုဒိတာအိမ်ရာ (C)ဆောင် ပထမထပ် အခန်း ၂၀၈ အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀၀၀ (၆၄ ကီလို)၊ ဘိန်းမည်း (၅၂) ဂရမ်၊ ICE ပုံဆောင်ခဲ (၄၄) ဂရမ်၊ မြန်မာကျပ်ငွေ သိန်း ၁၀၀ တို့နှင့်အတူ အိမ်ရှင် စောဘာလာစော (ခ) ဝဏ္ဏစိုး၊ ဇော်သန်း၊ သက်နိုင်၊ ကျော်မင်းဦး၊ မနားယူဟာက်နှင့် မရှိဆာမီတို့အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး ဘုရင့်နောင်နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သဘာဝအခြေခံခရီးသွား

မိုးယွန်းကြီးအင်း ဘေးမဲ့တော

»» ပန်းတောင်းသန်းကြွယ် ««

မိုးယွန်းကြီးအင်းဘေးမဲ့တောနှင့် ပတ်သက်သော ခရီးသွားဆောင်းပါးများကို ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း၊ ဆရာခင်မောင်ဌေး(ပညာရေး)က ကြေးမုံသတင်းစာတွင် လည်းကောင်း ရေးသားခဲ့ကြသည်ကို ဖတ်ရှုပြီး မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ သွားလိုစိတ်များ ပေါ်ပေါက်ခဲ့ရသည်။ အကြောင်းအားလျော်စွာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်စာရေးဆရာအသင်း၏ အစီအစဉ်ဖြင့် မကြာမီက သွားရောက် လေ့လာခွင့်ရခဲ့ရာ သွားရောက်လိုသည့် ဆန္ဒပြည့်မြောက်သွားလေသည်။

ကျွန်တော်တို့အဖွဲ့တွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးညွန့်လှိုင်ဦးဆောင်သော အလုပ်အမှုဆောင် ခုနစ်ဦးနှင့် မိသားစုဝင် အမျိုးသမီးသုံးဦး စုစုပေါင်း ၁၀ ဦးပါဝင်သည်။ အဖွဲ့ဝင် ဒေါက်တာဒေါ်ဥမ္မာသက်၏ Light Truck ကားလေးဖြင့် သွားရာ ဒေါက်တာဒေါ်ဥမ္မာသက်ကိုယ်တိုင် မောင်း၍ ပို့လေသည်။ ပဲခူးသို့ အရောက်တွင် ဆိုင်တစ်ဆိုင်၌ နံနက်စာ စားသောက်ကြသည်။ မရောက်တာကြာပြီဖြစ်၍ ကြို့တုန်းကြဲခိုက် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဝင်ရောက်ဖူးမြော်ကြသည်။ လုံးတော်ပြည့် ရွှေသင်္ကန်းများကပ်လှူရန် ငြမ်းဆင်၍ ကာရံထားသော စေတီတော်ကြီးအား ဖူးမြော်ရလေသည်။

ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအတိုင်း ဆက်လက်ထွက်ခွာကြရာ ဘုရားကြီးမြို့နယ်ခွဲကို ဖြတ်ကျော်၍ ဝေါမြို့နယ် ပျဉ်ပုံကြီးရွာသို့ နံနက် ၉ နာရီခန့်မှာ ရောက်လေသည်။ ပျဉ်ပုံကြီးမှ လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ညာဘက်သို့ ချိုးကွေ့၍ မောင်းရာ ၁၅ မိနစ်ခန့် မောင်းသော် မိုးယွန်းကြီးအင်းသို့ ရောက်လေတော့သည်။ ပျဉ်ပုံကြီးမှ ၆ ဖာလုံ ကျော်ကျော်သာဝေးသော မြေသားလမ်းအတိုင်းဝင်ရောက်ရခြင်းဖြစ်သည်။

ဝင်ကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၃၀၀ ပေးရသည်။ မိုးယွန်းကြီးအမှတ်တံဆိပ် Sticker ကလေးများကို ရင်ဘတ်တွင်ကပ်၍ ဝင်ကြလေသည်။ ကားရပ်နားရာအနီးတွင် သစ်တောဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသော ပြတိုက်ငယ်ကလေးသို့ ဦးစွာဝင်ရောက်လေ့လာကြသည်။ ကမ္ဘာ့ရေတိမ်ဒေသများအကြောင်း၊ မိုးယွန်းကြီးအင်းအကြောင်း၊ အင်းပျော်ငှက်နှင့် အခြားတိရစ္ဆာန်များအကြောင်း၊ မိုးယွန်းကြီးအင်းဒေသတွင် တွေ့ရှိရသည့် မြွေများ၊ ငှက်များကို ရုပ်လုံးသွင်း၊ ဆေးရည်စိမ်ခြင်းတို့ဖြင့် ဇဟုသုတဖြစ်ဖွယ်ပြသထားလေသည်။

ရှုခင်းရှုကွက်ကောင်းသော အငင်ဝဆိုင်းဘုတ်ကြီးရှေ့တွင် အဖွဲ့ဝင်များက မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ လှတို့ဖန်တီးထားသော မြေသားကျွန်းကလေးများကို သစ်သားတံတားကလေးများဖြင့် ဆက်သွယ်ထားသည်။ အဓိက ကုန်းမြေပေါ်တွင်မှ သုံးပေခန့်ကျယ်သော ကွန်ကရစ်လမ်းကလေးဖောက်လုပ် ခင်းကျင်းထားသည်။ မြန်မာ့ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်အချို့တို့၏ ပုံများကို ဓာတ်ပုံဗီနိုင်းများချိတ်ဆွဲ၍ ပြသရှင်းလင်းထားသည်။

စားသောက်ဆိုင်များ၊ အပန်းဖြေတည်းခိုဆောင်များကို လှပသော သစ်သား တံတားကလေးများဖြင့် ဆက်သွယ်ထားသည်။ ညအိပ်ညဉ့်နေနေလိုသူများ၊ လွတ်လပ်စွာတည်းခိုလိုသူများအတွက် လေ့ပုံစံ ဘန်ကလို ၁၀ လုံး၊ မိသားစုသုံး ဘန်ကလို နှစ်လုံးတို့ကို သပ်ရပ်စွာ ဆောက်လုပ်ထားသည်။ အဓိက ကုန်းမြေပေါ်တွင် အခမ်းအနားများ ကျင်းပနိုင်သည့် Hall Type အဆောက်အအုံတစ်ခုကိုလည်း ဆောက်လုပ်ထားသည်။ အင်းဒေသငှက်များကြည့်ရှုနိုင်သည့် ငှက်ကြည့်မျှော်စင်ကို သုံးဖာလုံခန့်ဝေးကွာသည့် ခပ်လှမ်းလှမ်းရေပြင်ကျယ်တွင် တွေ့မြင်ရသည်။ စက်လှေများငှားရမ်း၍ ငှက်ကြည့်မျှော်စင်သို့ သွားရောက်နိုင်လေသည်။

ကျွန်တော်တို့ ရောက်ရှိချိန်မှာ နံနက် ၉ နာရီခန့်ဖြစ်ရာ ကြည့်ရှုလိုသော ဆောင်းခိုငှက်များကို မတွေ့ခဲ့ရပေ။ စက်လှေဖြင့် ငှက်ကြည့်မျှော်စင်သို့သွားရန် အစီအစဉ်မပါသောကြောင့် မသွားရောက်ခဲ့ပေ။ မြန်မာ့ဇိုင်းဖြူများ အကောင်တစ်ရာကျော်ခန့် ဟိုမှသည်သို့ ရွေ့ပြောင်းအစာရှာနေသည်ကိုသာ တွေ့ကြရသည်။ ငှက်ကြည့်မျှော်စင်သို့မသွားဘဲ ငှက်များကြည့်လိုပါက အိပ်တန်းတက်ချိန် ညနေ ၅ နာရီခွဲ ၆ နာရီခန့်မှသာ တွေ့ရှိနိုင်လေသည်။ ရွာရပ်ဝန်းဆီမှ အင်းထဲသို့ ဆင်းလာသော ကျွဲအုပ်အကောင် ၆၀ ခန့်ကို တသီတတန်းကြီး တွေ့ကြရသည်။ ကျွဲကျောင်းသားတို့က လှေငယ်ဖြင့် လိုက်ပါထိန်းကျောင်းလေသည်။

နံနက် ၁၀ နာရီခွဲခန့်တွင် ကျွန်တော်တို့အဖွဲ့ ထမင်းစားရန် စီမံကြလေသည်။ ထမင်းမစားမီ နာမည်ကျော် မိုးယွန်းကြီးထန်းရည်ချိုကို သောက်သုံးကြသည်။ ချိုမြမြထန်းရည်မှာ အရသာရှိလှသည်။ ကြက်ကြော်၊ ငါးခြောက်ဖုတ် ဆီစိမ်ရွဲ တို့ဖြင့် လိုက်ဖက်လှသည်။ ထန်းရည်ချိုဖြစ်၍ မိန်းကလေးများပင် မြိန်ယှက်စွာ သောက်သုံးနိုင်ကြလေသည်။ ထိုနေ့ရက်ကား Valentine day ခေါ် ချစ်သူများနေ့နှင့် တိုက်ဆိုင်နေ၍ လူငယ်စုံတွဲများဖြင့် စည်ကားလှသည်။ နိုင်ငံခြားသား လာရောက်မှုကားနည်းပါးလှ၏။ အနောက်နိုင်ငံသား စုံတွဲတစ်တွဲကိုသာ တွေ့ရှိရသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောကို ၁၉၈၈ ခုနှစ်ကပင် စတင်တည်ထောင်ခဲ့သည်။ ရန်ကုန်မြို့မှ ၆၉ ဒသမ ၂မိုင်အကွာ၌ တည်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းတည်ရှိပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်းသည်။ ပဲခူးရိုးမ၏ အရှေ့ဘက်ခြမ်းမြေနိမ့်ရေဝပ် ဒေသဖြစ်ပြီး ဘေးမဲ့တောတစ်ခုလုံး ရေဖုံးလွှမ်းနေသည်။ မိုးကာလတွင် ပဲခူးရိုးမမှ တောင်ကျရေများ အင်းအတွင်းသို့ စီးဝင်သည်။

မိုးယွန်းကြီးအင်းသည် ၁၉၀၄ ခုနှစ်ကတည်ဆောက်ခဲ့သော လူလုပ်အင်းဖြစ်သည်။ မူလက ရေယာဉ်ဆွဲသစ်ဖောင်များ တူးမြောင်းအတွင်းမှ ဖြတ်သန်းသယ်ဆောင်ရာတွင် လိုအပ်သလို ရေဖြည့်ပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဘေးမဲ့တောတွင် အပင် ၄၉ မျိုး၊ သတ္တဝါ ၂၃၃ မျိုး မှီတင်းနေထိုင်လျက်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ ကာကွယ်ထိန်းသိမ်းထားရှိသည်။ ဌာနေငှက်အမျိုး ၉၀၊ ဆောင်းခိုငှက် ၆၅ မျိုးတို့မှီတင်းနေထိုင်ကြသည်။ ကမ္ဘာ့ရေတိမ်ဒေသမှတ်တမ်းဝင် "ရမ်ဆာ" နေရာအဖြစ် အမှတ်စဉ်(၁၄၃၀)ဖြင့် ၂၀၀၄ ခုနှစ်က အသိအမှတ်ပြုခံခဲ့ရသည်။

ရမ်ဆာကွန်ဗင်းရှင်းသည် ရေတိမ်ဒေသများဆိုင်ရာ နိုင်ငံတကာစာချုပ်တစ်ရပ်ဖြစ်ပြီး ရေတိမ်ဒေသများနှင့် ရေတိမ်သယံဇာတများ ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် နည်းလမ်းမှန်ကန်စွာ အသုံးပြုရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် အီရန်နိုင်ငံက ရမ်ဆာမြို့၌ ရမ်ဆာကွန်ဗင်းရှင်းကို သဘောတူပြဋ္ဌာန်းချုပ်ဆိုခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် စတင်၍ အသက်ဝင်အကောင်အထည်ဖော်ခဲ့သည်။

ကမ္ဘာ့ရေတိမ်ဒေသမှတ်တမ်းဝင် မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားသည်။ စီးပွားရေးမြို့တော်ရန်ကုန်နှင့် မိုင် ၇၀ ခန့်အကွာ၌တည်ရှိခြင်း၊ လွယ်ကူစွာသွားရောက်နိုင်သော ခရီးစဉ်ဖြစ်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ပဲခူးမြို့အနီးတွင် တည်ရှိခြင်း၊ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် အခွင့်အလမ်းများရှိနေခြင်း စသည်တို့မှာ မိုးယွန်းကြီးအင်းဘေးမဲ့တော၏ အခြေအနေကောင်းများပင်ဖြစ်သည်။

မိုးယွန်းကြီးအင်းသို့ ခရီးသည်များ ယခုထက် ပိုမိုလာရောက်လည်ပတ်ကြရန် တိုးချဲ့ပြုပြင်တည်ဆောက်မှုများကို ဆောင်ရွက်ရမည်ဖြစ်သည်။ ပိုမို၍ စိမ်းလန်းစိုပြည်လာစေရန် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း၊ အမြင်တင့်တယ်စေမည့် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ အဝင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးခြင်း၊ အမြင်လှ၍အသုံးဝင်သော အုန်းပင်နှင့် ထန်းပင်ကဲ့သို့ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊ ထန်းရည်သာမက လတ်ဆက်သော အုန်းစိမ်းရည် သောက်သုံးနိုင်ရန် စီမံပေးခြင်း၊ မြေသားအဝင်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်း၊ လေ့လာဖွယ်၊ ကြည့်နှုးဖွယ်ကောင်းသော ငါးပြတိုက်၊ လိပ်ပြတိုက်၊ ငှက်ပြတိုက်များကို ကမ္ဘာ့အဆင့်မီဖန်တီးစီမံပြသခြင်း၊ မိုးယွန်းကြီး အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိခြင်း၊ လူလျှောက်ကူးတံတားများကို ပိုမိုခိုင်ခံ့လှပအောင် တည်ဆောက်ခြင်း၊ အဓိက ကုန်းမြေရှိ ကွန်ကရစ်လမ်းအား နှစ်ဆတိုးချဲ့ပြုပြင်ခြင်း၊ သစ်တောဦးစီးမှ ဖွင့်လှစ်ထားသည့် ပြတိုက်အား ပိုမိုကြီးမားခန့်ထည်သည့် ပြတိုက်ကြီးဖြစ်အောင် စီစဉ်ဆောင်ရွက်ခြင်း၊ လေ့လာသူများ၊ ခရီးသွားများသိလိုသည့် အချက်အလက်များကို ရှင်းလင်းဖြေကြားပေးသည့် ပြန်ကြားရေးဌာနထားရှိခြင်း၊ စာရွက်စာတမ်းများ၊ စာအုပ်များပေးဝေခြင်း၊ ရောင်းချခြင်းပြုလုပ်နိုင်ရန် စီစဉ်ထားရှိခြင်း၊ စက်လှေဖြင့် သွားရောက်လည်ပတ်ကြည့်ရှုနိုင်မှု၊ ကုန်ကျမည့်စရိတ်သင့်ငွေ စသည်တို့ကို ခရီးသည်များ လွယ်ကူစွာ သိရှိအသုံးပြုနိုင်ရန် စီစဉ်ထားရှိခြင်းတို့မှာ မိုးယွန်းကြီးအင်း ဘေးမဲ့တော ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ဆောင်ရွက်သင့်သည့် လုပ်ငန်းများပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ တစ်နှစ်လျှင် ၇ ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်။ အဓိကအားဖြင့် ခရီးသွားလုပ်ငန်းမှာ အဖွံ့ဖြိုးအတိုးတက်ဆုံးကဏ္ဍအဖြစ် ရှေ့တန်းရောက်လျက်ရှိသည်။ မြန်မာနိုင်ငံသားလူဦးရေ ထစ်သန်းခန့်ကိုပင် အလုပ်အကိုင်များပေးထားနိုင်သည်။ ဟိုတယ်အလုံးပေါင်း ၁၄၀၀ ခန့် ပေါ်ပေါက်လာခဲ့ပြီး ဟိုတယ်သစ်များလည်း ထပ်မံ တည်ဆောက်နေကြသည်။ အခန်းပေါင်း ၅၀၀၀၀ခန့်ရှိနေပြီး မကြာမီ နှစ်ဆခန့် မြင့်တက်လာဖွယ်ရှိသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ထိပ်ဆုံးအဆင့်မှ ဦးဆောင်နိုင်မည့် အနေထားသို့ပင် ရောက်ရှိလာနိုင်သည်။ ၂၀၁၅ ခုနှစ်က ပြည်ပခရီးသည် ၄ ဒသမ ၆၈ သန်းအထိ လာရောက်လည်ပတ်ခဲ့ကြသည်။ ခရီးသွားလုပ်ငန်းများအစဉ်တိုးတက်နေအောင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်မြှင့်တင်လုပ်ဆောင်နေကြရမည်ဖြစ်သည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တော သဘာဝအခြေခံခရီးသွားလုပ်ငန်းသည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးဆောင်လုပ်ကိုင်ခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပေသည်။ ။

မိုးယွန်းကြီးအင်းရှိ အပန်းဖြေတည်းခိုဆောင်များကို တွေ့ရစဉ်။

နွေရာသီ သေနတ်ပစ်သင်တန်း အခမဲ့ဖွင့်လှစ်မည်

ရန်ကုန် မတ် ၅

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် နွေရာသီအခြေခံ သေနတ်ပစ်သင်တန်းကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ မတ် ၁၄ ရက်မှ ဧပြီ ၁ ရက်အထိ အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်မှသိရသည်။

နွေရာသီကျောင်းပိတ်ရက်တွင် လူငယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရန်နှင့် သေနတ်ပစ်အားကစားနည်းအတွက် မျိုးဆက်သစ်အားကစားသမား လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှသိရသည်။

မတ် ၁၄ ရက်မှ ဧပြီ ၁ ရက်အထိ ဖွင့်လှစ်မည့် အဆိုပါ အခမဲ့သေနတ်ပစ်သင်တန်းသို့ တက်ရောက်လိုသည့် သင်တန်းသားများသည် အသက်အရွယ်အားဖြင့် ၁၃ နှစ်အထက်ရှိရမည်ဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၁ ၈၀၁၀၀၇၅ နှင့် ၀၀ ၈၀၀၁၀၇၄ သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သီသီမင်း)

မိုးစပါးစိုက်စရိတ်ချေးငွေ မြို့နယ်လုံးကျွတ် ပေးဆပ်ပြီး

ပေါင် မတ် ၅

မွန်ပြည်နယ် ပေါင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား ထုတ်ချေးပေးထားသော ၂၀၁၅ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ သိန်း ၈၀၀၀၀ ကျော်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဒေါ်ယုယုခိုင်နှင့် ဝန်ထမ်းများ၏ ကြိုးစားကောက်ခံမှုကြောင့် မိုးစပါးစိုက်စရိတ်ကြွေးကျန်ငွေများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် မြို့နယ်လုံးကျွတ် ပြေကျေစွာကောက်ခံရရှိခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ပေါင်မြို့နယ်သည် မွန်ပြည်နယ်တွင် မိုးစပါးစိုက်ဧက အများဆုံးစိုက်ပျိုးထုတ်လုပ်ပေးသော မြို့နယ်တစ်ခုဖြစ်ပြီး မိုးစပါးဧကပေါင်း ၁၂၀၀၀၀ ကျော်ရှိသည်။

ပေါင်မြို့နယ်(ပြန်/ဆက်)

ပြည်တွင်းရေးရာ

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

❖ **ရတနာပုံအသင်းမှ**

ဒုတိယပိုင်းတွင် မကွေးအသင်း ချေပဂိုးပြန်လည်ရရှိရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မကွေးအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းသော်လည်း ရတနာပုံနောက်တန်းကို မကျော်နိုင်၍ အခက်တွေ့ခဲ့ရသည်။ မကွေးခံစစ်ပိုင်းအားနည်းချက်များကြောင့် ရတနာပုံအသင်း အခွင့်အရေးများရခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ပွဲပြီးခါနီးမှ ဂိုးများရခဲ့သည်။ ၉၃ မိနစ်တွင် မာတူနာ၏ဖန်တီးပေးမှုမှ အောင်သူက ရတနာပုံအတွက် တတိယဂိုး သွင်းယူခဲ့ပြီး မကွေးအတွက် ချေပဂိုးကို ပွဲပြီးခါနီး စက္ကန့်ပိုင်းအလိုတွင် ထူးထူးအောင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၉) အပြီးတွင် ရတနာပုံအသင်းက ၂၃ မှတ်ဖြင့် ပထမနေရာတွင် ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ၂၀ မှတ်၊ ရန်ကုန်အသင်းက ၁၆ မှတ်၊ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်းတို့က ၁၄ မှတ်စီ မကွေးအသင်းနှင့် ဧယျာဝဒီအသင်းတို့က ၁၂ မှတ်စီ၊ ချင်းယူနိုက်ထက်အသင်းက ၁၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရခိုင်အသင်းက ခုနစ်မှတ်၊ Horizon အသင်းက လေးမှတ်၊ Southern အသင်းက သုံးမှတ်ရရှိထားသည်။

သတင်းနှင့်ဓာတ်ပုံ
ရှိန်းထက်ဇော်

○ **ကျောဖုံးမှ**

တွေ့ရပါတယ်။ အဲဒီအလုံးကြီးဟာ မီးယပ်ပိုင်းဆိုင်ရာ သားအိမ်နဲ့ သားဥအိမ်က ဖြစ်သလား၊ ဝမ်းဗိုက်အတွင်းက ဖြစ်သလားဆိုတာကို ခွဲစိတ်ဆရာဝန်နဲ့ တိုင်ပင်ပြီး Ultrasound, CT Scan တို့နဲ့ အဖြေရှာရမှာ။ အဲဒီအလုံးဟာ သားအိမ်အတွင်း တဖြည်းဖြည်းကြီးလာတဲ့ အသားလုံးလို့ ယူဆရပါတယ်"ဟု ပြောသည်။

အဆိုပါအသားလုံးကြီးမှာ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ တဖြည်းဖြည်း ကြီးထွားလာသည်ကို သိရှိနိုင်ရေးစစ်ဆေးရန် ရောဂါဗေဒဌာနသို့ ပို့ဆောင်ထားပြီး လူနာအမျိုးသမီးအား တပ်မတော်ဆေးရုံက ကျန်းမာရေးစောင့်ရှောက်မှုများပေးထားပြီး ကျန်းမာလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တပ်မတော်ဆေးတပ်ရင်းများအနေဖြင့် ပြည်သူများအား နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူများ၏ အရေးကြီးရောဂါဝေဒနာများကိုလည်း တပ်မတော်ဆေးရုံများတွင် ထိရောက်သော ကုထုံးများဖြင့် ကုသပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

■

အမြန်လမ်းမကြီး ၈၄ မိုင်အနီး မြို့ချောင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

ကျောက်တံခါး မတ် ၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာ အမြန်လမ်းမိုင်တိုင်အမှတ် (၈၄)အနီး လမ်း၏အရှေ့ဘက် တစ်ဖာလုံခန့်အကွာ ဈေးတန်း(၁)ရပ်ကွက်တွင် မတ် ၅ ရက် မွန်းတည့် ၁၂ နာရီက မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် တာဝန်ရှိသူများ၊ ဖြူး၊ တောင်ကျွဲအင်း၊ ကညွတ်ကွင်း၊ ပဲနွယ်ကုန်း၊ ကျောက်ထံခါး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖဒို၊ မြို့ချောင်း၊ အုန်းရှစ်ကုန်းမှ မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်ရသည့်အကြောင်းမှာ မြို့ချောင်းဈေးတန်း (၁)ရပ်ကွက်နေ စီကူမာ (၃၂) နှစ်၏ နေအိမ်မီးဖိုချောင်တွင် ထမင်းချက်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်ပေါင်း ၄၂ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်ပျက်စီးခဲ့သည့် အိမ်ထောင်စုပေါင်း ၄၂ စုအား မြို့ချောင်းကျေးရွာတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

နယ်စပ်ခြံစည်းရိုးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်စစ်ကြောင်းများအား AA သောင်းကျန်းသူများက ချောင်းမြောင်းတိုက်ခိုက်

နေပြည်တော် မတ် ၅

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်တွင် ခြံစည်းရိုးကာရံခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့များကို တပ်မတော်စစ်ကြောင်းများက လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးလျက်ရှိစဉ် AA သောင်းကျန်းသူအဖွဲ့က ယခုရက်ပိုင်းအတွင်း ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ AA သောင်းကျန်းသူများသည် နယ်စပ်ဒေသကန့်သတ်ချက်များကို အခွင့်ကောင်းယူကာ နှစ်နိုင်ငံနယ်စပ် နယ်ခြားမှတ်တိုင်အမှတ်(၆၃)နှင့် (၆၄)အကြား၌ ဖေဖော်ဝါရီ ၂၇ ရက်တွင်တစ်ကြိမ်၊ မတ် ၁ ရက်တွင် တစ်ကြိမ် တိုက်ခိုက်ခဲ့ပြီး မတ် ၃ ရက်တွင် နယ်ခြားမှတ်တိုင်အမှတ် (၆၄) နှင့် (၆၅)ကြား၌ တစ်ကြိမ် ဗုံးပစ်လောင်ချာများ၊ လက်နက်ငယ်များဖြင့် စောင့်ကြိုချောင်းမြောင်းတိုက်ခိုက်ပြီး တစ်ဖက်နိုင်ငံအတွင်းသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ယင်းဖြစ်စဉ်များတွင် တပ်မတော်သားတချို့ ထိခိုက်ကျဆုံးမှုရှိခဲ့သဖြင့် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် AA သောင်းကျန်းသူများ ဝင်ရောက်မှုမရှိစေရေးနှင့် သောင်းကျန်းသူများကို ထိရောက်စွာ ချေမှုန်းနိုင်ရေး စီမံဆောင်ရွက်လျက် ရှိသကဲ့သို့ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍လည်း တစ်ဖက်နိုင်ငံနှင့် သံတမန်နည်းဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

AA သောင်းကျန်းသူအဖွဲ့သည် ၂၀၁၅ ခုနှစ် မတ်လအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသ နယ်ခြားမှတ်တိုင်အမှတ် (၆၈)နှင့် (၇၁) အကြား နယ်မြေများသို့ စတင်ဝင်ရောက်လှုပ်ရှားခဲ့ပြီး နယ်စပ်ဒေသမှတစ်ဆင့် အတွင်းပိုင်းဖြစ်သည့် ပလက်ဝ၊ ကျောက်တော်နယ်မြေများသို့ အခြေခံနယ်မြေတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာခဲ့ရာ တပ်မတော် စစ်ကြောင်းများက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်းခြင်းများ လုပ်ဆောင်ခဲ့သဖြင့် သောင်းကျန်းသူများသည် တစ်ဖက်နိုင်ငံအတွင်းသို့ ပြန်လည်ထွက်ခွာသွားပြီးနောက် ယခုကဲ့သို့ တပ်မတော် စစ်ကြောင်းများအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

(မြဝတီ)

❑ **မြန်မာ့ရိုးရာမှ**

ပံ့ပိုးကူညီသည့် High Class မှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်များ အားရကျေနပ်စွာ တက်ရောက်ကြည့်ရှုအားပေးကြပြီး သက်ကြီးလက်ဝှေ့ပညာရှင်များကိုလည်း အဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ လက်ဝှေ့ဝါသနာရှင်များက ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ယနေ့သုံးချီစိန်ခေါ်ပွဲတွင် ထွန်းမင်းအောင်(မုဒုံ)က ငမန်းလေး(စစ်ကိုင်း)ကိုပထမအချီမှာပင် အလဲထိုးအနိုင်ရရှိခဲ့ပြီး လေးချီစိန်ခေါ်ပွဲ ပွဲဦးထွက်တွင် အဘွား(ကောလင်း)က ကျော်ဝင်းအောင်(တိုက်ဂါး)ကို တတိယအချီ၌ အလဲထိုး ယှဉ်ပြိုင်အနိုင်ရရှိကာ ကျော်စွာဝင်း(ယူနိုက်တက်)နှင့် ထွန်းမင်းနိုင်(မုဒုံ)၊ ဗျူဂွ(ကျားဖြူ)နှင့် ကောင်းကောင်း(ဘီလပ်မြေစက်ရုံ) ပွဲစဉ်တို့မှာ အနိုင်အရှုံးမပေါ်ဘဲ သရေကျခဲ့သည်။

ငါးချီစိန်ခေါ်ပွဲခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော လက်ဝှေ့ကျော်များက ပြိုင်ဘက်ကောင်းလက်ဝှေ့သမားများကို အသည်းကောင်းကောင်း၊ ဖွဲမာန်အပြည့်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ပြိုင်ပွဲကြည့်ရှုအားပေးကြသော ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်တစ်ဦးနှင့် တစ်ဦး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သော်လည်း သူတစ်ပြန် ကိုယ်တစ်ပြန် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်မှုကို ကြီးမှူးစီစဉ်ကျင်းပကြသူများ၊ ရိုးရာလက်ဝှေ့ဝါသနာရှင်များက အကြိုက်တွေ့ကြပြီး ဆုငွေများ မျှဝေချီးမြှင့်ပေးခဲ့ကြသည်။ ငါးချီစိန်ခေါ်ပွဲပွဲစဉ်ပြိုင်ပွဲများအနက် တိုက်စစ်ဆင်ကောင်းသည့် သပြေညို(ဘီလပ်မြေစက်ရုံ)နှင့် ခံနိုင်ရည်စွမ်းအားအပြည့်ရှိသော သွေးသစ်အောင်(နဂါးနီ)တို့၏ ထိုးလုံးထိုးပေါက် သတ်ပေါက်အစုံဖြင့် ယှဉ်ပြိုင်ထိုးသတ်ပွဲကို ကျေနပ်သဘောကျ အကြိုက်တွေ့ကြသည်။

ထို့ပြင် ငါးချီစိန်ခေါ်ပွဲမှ ၂၀၁၅ ရွှေခါးပတ်ချန်ပီယံနှင့် ရိုးရာလက်ဝှေ့အလဲထိုး ဘုရင်ဆုရ မင်းနိုင်ထွန်း(ယူနိုက်တက်)နှင့် ဂျိုကာ (ဘီလပ်မြေစက်ရုံ)၊ ရဲသွေးနီ(တောင်ကလေး)နှင့် ထွန်းလွင်မိုး(နဂါးမာန်)၊ ၂၀၁၅ ရွှေခါးပတ်ချန်ပီယံ စောအယ်လေး (ရွှေကုက္ကို)နှင့် ရွှေရာမာန် (ရွှေဒေါပုံ)၊ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် စောဘဦး(တောင်ကလေး)၊ ရဲတံခွန်(အဖြူရောင်သွေးသစ်)နှင့် စောမင်းအောင်(တောင်ကလေး)၊ ၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံနှင့် MMA ရွှေခါးပတ်ချန်ပီယံ ကြည်လင်းအောင်(တောင်ကလေး)နှင့် ၂၀၁၅ ရွှေခါးပတ်ချန်ပီယံနှင့် MMA ရွှေခါးပတ်ချန်ပီယံ၊ ၂၀၁၅ မြန်မာပြည်ရိုးရာလက်ဝှေ့ အတိုးတက်ဆုံးဆုရှင် ဖိုးကေ(T & T) တို့ပွဲစဉ်ပြိုင်ပွဲတို့တွင် သူနိုင်ကိုယ်နိုင် ရေကုန်ရေခန်း အမှားမခံအောင် သူတစ်ပြန်ကိုယ်တစ်ပြန် အပြိုင်ထိုးသတ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

တင်မောင်(မန်းတိုယ်ပွား)

○○○

ပိန်းဇလုပ်ဒေသခံတို့ ပြုံးပန်းဝေဆာပြီ

သတင်းဆောင်းပါး-ပိန်းဇလုပ်သိန်းညွန့်
ဓာတ်ပုံ-ရန်အောင်ထွန်း-ပိန်းဇလုပ်

ပိန်းဇလုပ် မတ် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့သည် ဟံသာဝတီမွန်ဘုရင်များ အုပ်စိုးစဉ်ကတည်းက ရွှေကျင်၊ ကျောက်တံခါး၊ ကျောက်ကြီးမြို့နယ်တွင်ရှိသည့် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ကျေးရွာအချို့၏ လမ်းဆုံရာဒေသတစ်ခုဖြစ်ပြီး ဆန်ရေစပါးပေါများသဖြင့် ဆန်စပါးအရောင်းအဝယ်၊ ကောက်ပဲသီးနှံအရောင်းအဝယ်ထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်၊

ပိန်းဇလုပ်ဆိုသည်မှာ မွန်ဘာသာစကားမှ ဆင်းသက်လာသော အခေါ်အဝေါ်ဖြစ်ပြီး မွန်ဘာသာဖြင့် "ပါင်ဇာလောင်"ဟုခေါ်၍ ပါင်(Pain)ပိန်း•ပါးစပ်၊ ဇာလောင်•(Celeko)ဇလက်တို့(n-a water course)ရေထွက်ဖြစ်ပြီး ပိန်းဇလက်(ကို)-ရေထွက်ပေါက်ဟူ၍ အဓိပ္ပာယ်ရပြီး စမ်းပေါက်အားကောင်းရာဒေသဟု ဆိုလိုသည်။

ယင်းမြို့သည် ကျေးရွာအုပ်စုအဆင့်မှ မြို့အဖြစ်သို့ ပြောင်းလဲသတ်မှတ်ပေးရန် ဒေသခံပြည်သူများ၏ လိုလားမျှော်လင့်ချက်ဆန္ဒအပေါ် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကာလအတွင်း ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ကျင်းပသည့် ဒုတိယပုံမှန်အစည်းအဝေး၌ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်က ပိန်းဇလုပ်မြို့အဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းမေးမြန်းတင်ပြကြိုးစားခဲ့မှုနှင့် နှစ်ပေါင်း ၂၅ နှစ်ကျော် ရပ်တည်ခဲ့သည့် ဒေသခံသတင်းသမားတစ်ဦးအနေဖြင့်လည်း ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် "ပိန်းဇလုပ်မြို့အဖြစ် အဆင့်မြှင့်တင်ပေးစေချင်"ခေါင်းစဉ်ဖြင့် ထင်သာမြင်သာပြုပြင်စရာကဏ္ဍ၌ ထင်ဟပ်ရေးသားဖော်ပြမှုကို ယခုအစိုးရလက်ထက်တွင် ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၃၅၅/၂၀၁၅)၊ နေပြည်တော်၏ (၃၀-၃-၂၀၁၅)ရက်နေ့စွဲပါ စာအမှတ်-၂၀၀/၂၃-၉၄(၄၅၆)/ဦး ၁(အထဥ)အရ မြို့အဖြစ်သို့ ပြောင်းလဲအဆင့်မြှင့်တင်ပေးခဲ့သော မြို့တစ်မြို့လည်းဖြစ်သည်။

အဆိုပါမြို့၌ မိုးတွင်းကာလတွင် တောင်ကျရေနှင့် မိုးရေပေါင်းစပ်ပြီး မြို့အတွင်း ဖြတ်သန်းစီးဆင်းနေသော အုန်းနဲ့သာချောင်းမှ ရေလျှံတက်ကာ မြို့မ(၂)ရပ်ကွက် ရွှေပေါက္ကံအပိုင်းရှိ လူနေအိမ်ဝိုင်းကွက်များနှင့် စာသင်ကျောင်းဝင်းများအတွင်းသို့ ရေများဝင်ရောက်ခြင်း၊ ချောင်း၏ လက်ဝဲ၊ လက်ယာဘက်များရှိ စိုက်ပျိုးလယ်ယာမြေများသို့ ရေများ၊ သဲနုန်းများဝင်ရောက်၍ လယ်ယာမြေအချို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေသည်မှာ နှစ်ကာလကြာမြင့်နေပြီ ဖြစ်ပါသည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်စီစဉ်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)က အနီးကပ်ကြီးကြပ်ကာ သဲနုန်းများပို့ချမှုဖြစ်ပေါ်လာပြီး တဖြည်းဖြည်းတိမ်ကောလာကာ စီးဆင်းရေအားနှင့် ရေနုတ်နိုင်အား မနိုင်နင်းမှုဖြစ်ပေါ်နေသည့် မြို့နယ် နယ်နိမိတ်အတွင်းရှိ ထိပ်ဝအကျယ် ပေ ၄၀၊ အောက်ခြေအကျယ် ပေ ၂၀၊ ပျမ်းမျှအနက် ၁၀ ပေ၊ အလျားပေ ၂၆၄၀၀ရှိ အုန်းနဲ့သာချောင်းဟောင်းတူးဖော်ခြင်းအပိုင်းကိုလည်းကောင်း၊ ယင်းချောင်း၏ ချောင်းလက်တက်တစ်ခုဖြစ်သော ထိပ်ဝအကျယ်ပေ ၂၀၊ အောက်ခြေအကျယ် ၁၀ ပေ၊ ပျမ်းမျှအနက် ငါးပေ၊ အလျားပေ ၅၂၈၀ ရှိ ငါးကဲ့ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့တွင် လမ်း၊ တံတားများကောင်းမွန်လာသည့်နည်းတူ တိမ်ကောနေသောချောင်းဟောင်းများ တူးဖော်ပေးခြင်းကြောင့် မြို့သန့်ရှင်းသာယာလှပစေနိုင်ပြီး ပိန်းဇလုပ်မြို့နှင့် အနီးတစ်ဝိုက်ရှိ နေအိမ်များ၊ လမ်းများနှင့် လယ်ယာမြေများ ရေနစ်မြုပ်မည့်ဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်သည့်အပြင် လယ်ယာမြေများ ပိုမိုစိုက်ပျိုးနိုင်တော့မည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ရာ ပိန်းဇလုပ်မြို့ ဝန်းကျင်ဒေသမှ ပြည်သူများ ပြုံးပန်းဝေနိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးထုပ်ပိုးပုံစံဖြင့်ထုပ်ပိုးထားပြီး မည်သည့် မှတ်ပုံတင်မှုမရှိဘဲ အနောက်တိုင်းဆေးဝါးပါဝင်သည်ဟု ဖော်ပြထားသော ဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ (၂၀)မျိုး

စဉ်	အမှတ်တံဆိပ်	ဆေးအမည်	ဆေးဝါးပုံစံ	ထုတ်လုပ်/ဖြန့်ချိဌာန
၁။	ရသာစုံ	အစာကြေလေနိုင်ချောင်းဆိုးပျောက်ဆေး	ဆေးမှုန့်/ဆေးဘူး	မိဘမေတ္တာဆေးတိုက်၊ ၄၃၊ သတိပဌာန်လမ်း၊ ကျောက်မြောင်း၊ရန်ကုန်မြို့။
၂။	UBK	နားကြပ်ဆေး	ဆေးရည်/ဆေးဘူး	UBKတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ၃၅ လမ်း၊ ၅၆×၅၇လမ်းကြား၊ ဝါးခင်းကုန်းဘုရားလမ်း၊ မန္တလေးမြို့။
၃။	လေယာဉ်ပျံ	အစာအိမ်လေနာပျောက်ဆေး	ဆေးမှုန့်/ဆေးဘူး	ရရှိနိုင်သောနေရာများ ဘားအံမြို့၊ ကော့ကရိတ်၊ မြဝတီ။
၄။	ရွှေကရင်	သွားကိုက်ပျောက်သွားတိုက်ဆေးမှုန့်	ဆေးမှုန့်/ဆေးဘူး	လိပ်စာဖော်ပြထားခြင်းမရှိ
၅။	ဆရာကြီးဦးခါ၏နေလ	နန်းတွင်းအဖြေကြော်ဆေးကြီး	ဆေးလုံး/ဆေးထုပ်	စိတ္တသုခဆေးပေး၊ ဆေးကုဌာန၊ နောင်ကုလားရပ်ကွက်၊ ဇရပ်ကြီးမြို့၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်း။
၆။	သုံးသုံးသုံး	ငန်းဖြေကျော်ဆေးနီမှုန့်	ဆေးမှုန့်/ဆေးထုပ်	ရတနာသီရိရပ်၊ ဒိုင်းဝန်းကွင်း၊ ရဲစခန်းအနီး၊ မော်လမြိုင်မြို့။
၇။	သိကြားကမ္ဘာလုံး	ဒူလာမီးယပ်လေဆေးကြီး	ဆေးမှုန့်/ဆေးဘူး	ထက်စက်ပစ္စည်းဆိုင်၊ ဈေးမရပ်၊ စလင်းမြို့။ ကမ္ဘာအေးဆေးတိုက်၊ မဟာဝိသုတာရာမတိုက်လမ်း၊ စလင်းမြို့။
၈။	ကံမြင့်မိုရ်	စွယ်စုံရလိမ်းဆေးအဆီ	ဆေးဆီ/ဆေးဘူး	အမှတ်(၃၅၂)၊ အဝေရာလမ်း၊ တမ္ပဝတီရပ်၊ ကျောက်ပန်းတောင်းမြို့။ အမှတ်(၁၅၅)၊ ရန်မျိုးလို(၅)လမ်း၊ အောင်မင်္ဂလာရပ်၊ မကွေးမြို့။
၉။	အဆစ်ပုံ	မှင်ဆေးနှင့်အဆစ်အမြစ်ကိုက်ခဲပျောက်ဆေး	ဆေးမှုန့်/ဆေးထုပ်	လိပ်စာ ဖော်ပြထားခြင်းမရှိ
၁၀။	အရဟံမြတ်ဝတ်မှုံ	ပန်းပေါင်းစုံသည်းခြေဆေး	ဆေးမှုန့်/ဆေးဘူး	အမှတ်(၁၅၄၉)၊ အောင်ဇေယျ(၈)လမ်း၊ ဆ/၁၆ ရပ်ကွက်၊ ရွှေပြည်သာ၊ ပန်းပေါင်းစုံဆေးတိုက်။
၁၁။	ဒါးမ	မျက်စဉ်းဆေးရည်	ဆေးရည်/ဆေးဘူး	စကင်နိုဂျမ်းကယ်မီကယ်လုပ်ငန်း၊ ရန်ကုန်မြို့။
၁၂။	ကျောက်စိမ်း	သွက်ချာပါဒလေငန်းဆေး	ဆေးမှုန့်/ဆေးထုပ်	ရသာယနဆေးတိုက်၊ ပင်ရင်း-(နမ့်ဟူး၊ အင်းလေး) "မိုးပြာ"စားသောက်ဆိုင်၊ ဖောင်တော်ဦးဘုရားဈေး။
၁၃။	နံပါတ်တစ်	အစာကြေချောင်းဆိုးပျောက်ဆေး	ဆေးမှုန့်/ဆေးထုပ်	ပဏ္ဍမြားဆေးတိုက်၊ လိပ်စာ တိကျစွာဖော်ပြထားခြင်းမရှိ
၁၄။	ဆေးတော်ကြီး	ပန်းနာရင်ကြပ်ချောင်းဆိုး	ဆေးမှုန့်/ဆေးထုပ်	လိပ်စာဖော်ပြထားခြင်းမရှိ
၁၅။	ဆေးတော်ကြီး	အဆစ်အမြစ်နာကျင်ကိုက်ခဲဒူးနာ၊ ခါးနာရောဂါဒီဠလက်တွေ့ပျောက်ဆေး	ဆေးမှုန့်/ဆေးထုပ်	လိပ်စာဖော်ပြထားခြင်းမရှိ
၁၆။	အထူးသန့်စင်ထားသောခွေးလှေးယားသီးနက်စေ့ဟုဖော်ပြထား	စွမ်းအားပြည့်(ဖြည့်စွက်စာ)	အစေ့/ဘူး	လိပ်စာဖော်ပြထားခြင်းမရှိ
၁၇။	ရွှေကျားညီနောင်	အကြောသန်မာလိမ်းဆေး	အဆီခဲ/ဆေးဘူး	ရွှေကျားညီနောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ အမှတ်(၃၁/၄)၊ ဘော်စင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်လက်ဖော်ပြပါမည်။

ပြည်တွင်းရေးရာ

အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း မကြာမီဆောင်ရွက်သွားမည်

မန္တလေး မတ် ၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ရှမ်းကလေးကျွန်းတွင် တိုင်းဒေသကြီးအတွင်း ခေတ်မီပြီး စနစ်ကျသည့် မြို့ပြစနစ် ပေါ်ထွန်းရေးအတွက် Mandalay Business Capital City Development Co.,Ltd. မှ ဒေသခံများအားချပြပြီး မကြာမီအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစံဖုန်းတင့်က ပြောသည်။

"စီမံကိန်းလုပ်ရတာက ဒေသမှာရှိတဲ့ ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စေတနာအဓိကပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် အထောက်အကူပြုနိုင်တဲ့၊ ခေတ်မီပြီး စနစ်ကျတဲ့ မြို့ပြတွေကို အာဆီယံနိုင်ငံတွေမှာလို ပေါ်ပေါက်လာဖို့ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကမ်းဘေးတွင် နှစ်စဉ်ရေလွှမ်းမိုးသည့် ရေမြုပ်ကွင်းများကာကွယ်ပြီး မြေနုကျွန်းများဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာတွင် ရွာမြေဖြစ်ပါက ၎င်းအကျယ်အဝန်းအတိုင်း ဖွံ့ဖြိုးပြီး မြို့ပြမြေများအဖြစ် ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း၊ မူလအဆောက်အအုံအရွယ်အစားအတိုင်း ပိုမိုကောင်းမွန်သည့် အဆောက်အအုံများအတိုင်း ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရွာတွေ ပြောင်းရွှေ့ဖို့ မလိုဘဲ လုပ်ဆောင်သွားမှာပါ။ ဖွံ့ဖြိုးပြီးမြေနဲ့ အဆောက်အအုံတွေပါဝင်တဲ့ အဆောက်အအုံသစ်တွေရမှ ပြောင်းရွှေ့ရမှာပါ။ ဆက်လက်နေထိုင်ချင်ရင် ပြောင်းရွှေ့ဖို့မလိုဘဲ ပြန်လည်ပေးအပ်မယ့် ဖွံ့ဖြိုးပြီးမြို့မြေနဲ့ လက်ရှိရွာမြေ နှိုင်းယှဉ်ရင် ပိုမိုကောင်းမွန်နေလို့ပါ" ဟုဦးစံဖုန်းတင့်က ပြောသည်။

အဆိုပါ စီမံကိန်းဧရိယာအတွင်း လယ်မြေများမပါဝင်ဘဲ ယာမြေ၊ ကိုင်းမြေနှင့် ရေမြုပ်မြေများပါဝင်ကြောင်း၊ ၎င်းမြေများကို သက်ဆိုင်သည့် ပိုင်ဆိုင်သူများအား မူလပိုင်ဆိုင်မှုတန်ဖိုးထက်ပိုမိုသည့် ဖွံ့ဖြိုးပြီးမြို့မြေများကို ရာနှုန်းတစ်ခုနှင့် ပြန်လည် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်း အချက်အလက်များကို အသေးစိတ် သီးခြားရှင်းလင်းသွားမည်ဖြစ်ပြီး Information Center များ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းကုမ္ပဏီတစ်ခုက မြို့ပြစီမံကိန်းအဖြစ် ကနဦးအနေနဲ့ ရှမ်းကလေးကျွန်းနဲ့ နံကပ်အင်းကို မြို့ပြစီမံကိန်းအဖြစ် လုပ်မယ်။ ရှမ်းကလေးကျွန်း မြို့ပြဖွံ့ဖြိုးရေးအတွက် ဧက ၂၀၀၀ ကျော်ကို ဇုန်တစ်ခုသတ်မှတ်ပြီး အခြေခံအဆောက်အအုံတွေ ပါမယ့်အပြင် အသက်မွေးဝမ်းကျောင်း သင်တန်းတွေ၊ အငှားအိမ်ရာများနဲ့ ဆေးရုံ၊ ဟိုတယ်၊ ဈေးဝယ်စင်တာတွေပါဝင်မယ်။ မန္တလေးမြို့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံတွေ အကျိုးစီးပွားအတွက် စီမံကိန်း ဆောင်ရွက်တာဖြစ်ပါတယ်" ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း နိုင်ငံတော်မှ ချမှတ်သည့် စည်းကမ်းဥပဒေများနှင့်အညီ မန္တလေးနှင့်ရန်ကုန်မှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံများလည်း စီမံကိန်းတွင် ပါဝင်နိုင်ကာ အစိတ်အပိုင်းအားလုံးတွင် ပါဝင်ခွင့်ရအောင် ဆောင်ရွက်ပေးမည်ဟု ဆိုသည်။

လုပ်အားနှင့်သော်လည်းကောင်း၊ လုပ်ငန်း ပါဝင်ဆောင်ရွက်ခြင်းနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုသော်လည်းကောင်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း စီမံကိန်းအတွင်း အများနှင့်သက်ဆိုင်သည့် သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ အုပ်ချုပ်ရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာများ၊ အားကစားဆိုင်ရာများ ပါရှိမည့်အပြင် အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုဇုန်ဌာနတစ်ခု ပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်း ဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development Co.,Ltd. တို့ မတ် ၁ ရက်က နှစ်ဖက်သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်ခဲ့သည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရှမ်းကလေးကျွန်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနေရာ။

အရန်ရေကြောင်းများတွင် ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ရေလမ်းထိန်းလုပ်ငန်းများ ချင်းတွင်းမြစ်တစ်လျှောက်ဆောင်ရွက်

မုံရွာ မတ် ၅

ချင်းတွင်းမြစ်ကြောင်းအတွင်း နွေရာသီရေနည်းကာလများတွင် ရေလမ်းအတွင်း ရေလိုအပ်မှုကို ထောက်ပံ့ပေးနိုင်ရေးနှင့် ရေများကာလအတွင်းရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် အမျိုးသားရေသိုလှောင်ရေးလုပ်ရှားမှုနှင့် ဆက်နွှယ်သောလုပ်ငန်းများဖြစ်သည့် အရန်ရေကြောင်း (Secondary Channel) များတွင် ရေပိုမိုသိုလှောင်နိုင်ရေး ရေလမ်းထိန်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူးထံမှ သိရသည်။

"ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနဲ့ အယ်လ်နီညိုရာသီဥတုရဲ့ အကျိုးသက်ရောက်မှုတွေကြောင့် မြစ်ချောင်းများနဲ့ဆက်စပ်တဲ့ စိုက်ပျိုးရေနဲ့ သောက်သုံးရေအခက်အခဲမရှိဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် မိုးသည်းထန်စွာရွာတဲ့အတွက် ဖြစ်လာနိုင်တဲ့ရေကြီးရေလျှံတာက ကာကွယ်နိုင်အောင်နဲ့ မြစ်ကြောင်းများအတွင်း ရေလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေ နှောင့်နှေးမှုမရှိစေဖို့အတွက် ရေလမ်းပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

ချင်းတွင်းမြစ် ရေလမ်းတစ်လျှောက် ရေကြောင်းသွားလာရေး မြို့ဆိပ်ကမ်းများတွင် ဆိပ်ကမ်းရေလမ်းကြောင်းများကောင်းမွန်စေရေးနှင့် အမျိုးသားရေသိုလှောင်ရေးများအဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခန္တီးဆိပ်ကမ်း ရေလမ်းကောင်းမွန်ရေးနှင့် မော်လိုက်ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့အပြင် မြစ်ရေတင်စက်များ ရေရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပရိမ္မ (တွင်းကြီး)ရေတင်စက်ရေလမ်းနှင့် တပ်ရွာရေတင်စက်ရေလမ်းတို့တွင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ် ရေလမ်းတစ်လျှောက် ချင်းတွင်းဝမှ ခန္တီးမြို့အထိ ရေလမ်းအလျား ၈၁၇ ကီလိုမီတာအတွင်း ရေလမ်းအသုံးပြုရေယာဉ်များအနေဖြင့် ခရီးလမ်းလုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဧပြီလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ရေပေါ်ပြအမှတ်အသား ၁၁၀၀ နှင့် ကမ်းပေါ်ပြအမှတ်အသား ၁၁၂၅ ခုတို့ သတ်မှတ်ပြသပေးထားကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

အယ်နီညိုဖြစ်စဉ်များကြောင့် မီးလောင်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေး ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မုံရွာ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီးတွင် အပူချိန်မြင့်တက်မှုကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကို တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့မှဦးစီးပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ သူနာပြုသင်တန်းကျောင်း၊ ချင်းတွင်းဖောင်ဖွဲ့ရေး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တွေမှာ မီးဘေးဇာတ်တိုက်လေ့ကျင့်တယ်။ အသိပညာပေးဟောပြောတယ်။ တခြားမြို့နယ်တွေမှာလည်း ရပ်ကွက်/ကျေးရွာတွေအလိုက် မီးကင်းတွေ စနစ်တကျ စောင့်ကြပ်ဖို့ မီးသတ်တပ်ဖွဲ့ဝင်တွေက အမြဲတမ်း လိုက်လံသတိပေးဖို့ တရားမဝင်ရောင်းတဲ့ စက်သုံးဆီအရောင်းဆိုင်တွေမရှိအောင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနဲ့ ပူးပေါင်းပြီး ဒေသန္တရအမိန့်တွေ ထုတ်ပြန်နေတယ်။ စက်သုံးဆီအရောင်းဆိုင်တွေမှာလည်း အပူချိန်မြင့်တဲ့အချိန်တွေမှာ စက်သုံးဆီဖြည့်ရင် အထူးသတိပြုကြဖို့၊ မီးသတ်ဆေးဘူးတွေ၊ မီးသတ်ရေကန်တွေ အလုံအလောက်ရှိဖို့၊ ဆီဘောက်ဆာယာဉ်တွေ ဆီထုတ်ချိန်မှာ အအေးပေးစနစ်လုပ်ဆောင်ပြီး စနစ်တကျအပ်ချုပြီးမှ ဆီထုတ်ကြဖို့ကို လိုက်လံပြီး အသိပညာပေး ဟောပြောနေပါတယ်"ဟု တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ဖိုးချမ်း-မုံရွာ)

အေးငြိမ်းဆာယာမှုသည် ပလိဗောဓဆီ

တစ်ချက်တစ်ချက် တိုးဝှေ့တိုက်ခတ်လာသည့် လေပြည်လေညင်းနှင့်အတူ စေတီတက်မှ ဆည်းလည်းသံလေးများက သာယာစွာ ထွက်ပေါ်နေသည်။ ပင်ယံထက်က ကုံကော်ရွက်များကလည်း ထရှဲရှဲဖြင့် အော်မြည်နေသည်။ ထိုအသံမှတစ်ပါး အရာခပ်သိမ်း တိတ်ဆိတ်ငြိမ်သက်နေသည်။

တောနှင့်ခေါင်းပါးသော အစာအာဟာရသည် ယောဂီသူတော်စင်တို့၏ စိတ်ကို တစ်ဝက်ဆုံးမထားပြီးဖြစ်၍ မြတ်ဗုဒ္ဓ၏ ပူဇာငြိမ်းရာ သာသနာတော်ဝယ် ဒုလ္လဘရဟန်းခံလေတိုင်း များသောအားဖြင့် သည်နေရာဝန်းကျင်ကိုသာ မောင်ချစ်ဖေရွေးချယ်မိ၏။ သည်နေရာဝန်းကျင်ကား ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ တောင်းတော်ချုပ်သာသနာ့နယ်မြေပင် ဖြစ်ပေသည်။

သည်တစ်ခေါက် ဒုလ္လဘရဟန်းခံရာတွင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ ဝိနည်းဘာသာပြန်ကျမ်းဖြစ်သည့် "ဘုရားဥပဒေတော်ကြီး"၊ မိုးကုတ်ဆရာတော်ကြီး၏ "သစ္စာလေးပါးတရားတော်"၊ မဟာစည်ဆရာတော်ကြီး၏ "ဓမ္မစကြာတရားတော်"၊ အရှင်နန္ဒမာလာဘိဝံသ၏ "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် ဆင်ခြင်ခြင်း"၊ ဝဏ္ဏရုံသီ၏ "ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း" အပါအဝင် ဓမ္မစာပေရစ်အုပ်ကို မောင်ချစ်ဖေယူဆောင်ခဲ့သည်။

ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည်နှင့်အညီ ဝိနည်းဘာသာပြန်ကျမ်းကို ဒုလ္လဘရဟန်းခံခိုက်ဝယ် ဂန္ထဓုရအနေဖြင့် ဖတ်ရှုလေ့လာရန်၊ ဝိပဿနာဓုရအနေဖြင့် သစ္စာလေးပါးတရားတော်မြတ်ကို ဖတ်ရှုနာယူပြီး အခါအားလျော်စွာ ရုပ်နာမ်ဓမ္မတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်၍ရှုမှတ်ရန် မောင်ချစ်ဖေ ရှေးမွန်မဆွကပင် ကြံစည်စိတ်ကူးထားခဲ့၏။

သို့မို့ကြောင့် ဒုလ္လဘရဟန်းဘဝ လေးရက်တာအတွင်း စေတီတော်ပရိဝုဏ်အတွင်းရှိ ကုံကော်ပင်ရိပ်အောက်တွင် နေ့ဆွမ်းစားပြီးသည်မှ ညနေ ၅ နာရီအထိ ဝါးကုလားထိုင်ငယ်လေးဖြင့် နေ့သန့်လေ့ရှိသည်။ ကုသိုလ်တရားများကို ဖွင့်နှေးစေမည့်အလုပ်ပို ပလိဗောဓများကို တတ်နိုင်သမျှ ရှောင်ဖယ်မိ၏။

သို့တစေ နေ့မွန်းလွဲပြီးသည်နှင့် ဘောဇဉ်အာဟာရများကို စွန့်ပစ်ရမည့်အစား သိမ်းထားသည့်ခဲဖွယ်မုန့်များကို ပုရွက်ဆိတ်ဘေးမှ ကင်းဝေးစေရန် ကြပ်ကြပ်အိတ်ဖြင့် အထပ်ထပ်ရစ်ပတ်နေရသည့် ပလိဗောဓအပါအဝင် အလုပ်ပိုများကလည်း တစ်ချက်တစ်ချက်ဝင်လာသေးသည်။ နေ့မွန်းလွဲသောအခါမှ ထန်းလျက်တစ်ကိုက် ရေနွေးတစ်ကျိုက်ဖြင့်သာ အာဟာရကိစ္စပြီးမြောက်၍ ပလိဗောဓက ကင်းဝေးရတော့သည်။

သို့နှင့် ဒုလ္လဘရဟန်းဘဝ လေးရက်တာအတွင်း အဟောဝတ၊ အဟောဝတ(ချမ်းသာလေစွ)ဟု မောင်ချစ်ဖေတစ်ဖြစ်လဲ ရှင်ဝဏ္ဏရုံသီ အကြိမ်ကြိမ်ကျူးရင့်မိခဲ့ပါသည်။

ရှင်လိင်ပြန်ပြီးနောက်ရက်တွင်မူ နေအိမ်သို့ပြန်ရောက်သည်နှင့် ဃရာဝါသော ဗဟုကိစ္စောဆိုသည့်နှယ် မောင်ချစ်ဖေအတွက် များမြောင်လှသောကိစ္စများက ဆီးကြိုနေသည်။ ပုပ္ပနွေးနွေးရက်ပိုင်းအတွင်းက ဘဝထစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားရှာသော မောင်ချစ်ဖေ၏ ကျေးဇူးရှင် မွေးသဖခင်၏ အငြိမ်းစားပင်စင်လစာကို သက်ရှိထင်ရှား အသက် (၉၂) နှစ်ကျော် မိခင်ကြီးထံ မိသားစုပင်စင်အဖြစ် လွှဲပြောင်းရန် ဟိုရုံးဝင်၊ သည်ရုံးထွက် ဆောင်ရွက်ရပါတော့သည်။ အသက် (၉၂) နှစ်အရွယ်မိခင်ကြီး နောက်အိမ်ထောင်မရှိပါကြောင်းအပါအဝင် ထောက်ခံစာပေါင်းများစွာအတွက် ရပ်ကွက်ရုံးသို့သွားရ၏။

ထိုမှအပြီး ဖခင်ကြီး၏ သေစာရင်းရဖို့ မြို့နယ်ကျန်းမာရေးရုံးသို့ ကြိမ်ဖန်များစွာ သွားရပြန်၏။ တစ်ပတ်အတွင်း ရုံးမှန့်ရက်နှစ်ရက်တိုင်တိုင်သွားပါသော်လည်း မြို့နယ်ဆရာဝန်ကြီးမရှိ။ ထုံးစံအတိုင်း အစည်းအဝေးသွားသည်ဟုဆိုကြသည်။ သို့အတွက် မြို့နယ်ဆရာဝန်ကြီးကို မျှော်လင့်စောင့်စားနေကြသည့် သက်ကြီးရွယ်အိုများနှင့် မောင်ချစ်ဖေတို့အဖို့ အချိန်ကုန်လူပန်းပလိဗောဓဖြစ်ရပြန်သည်။

သို့ဖြင့် မိခင်ကြီး၏မိသားစုပင်စင်ကိစ္စက ကနဦးတာထွက်မှာပင် ပိတ်ဆို့နှောင့်နှေးခဲ့ကာ ခရီးမတွင်ဖြစ်ရပြန်သည်။ သို့နှင့် လာမည့်အပတ်တွင် မြို့နယ်ဆရာဝန်ကြီးအပါအဝင် ပြည်သူများနှင့် မပြတ်ထိတွေ့ဆက်ဆံရသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကျန်းမာချမ်းသာကြပါစေ၊ ပြည်သူ့ဝန်ကို ပိုမိုထမ်းရွက်နိုင်ကြပါစေ။

ဆိုခဲ့ပါ ပင်စင်ကိစ္စ၏ ကနဦးကိစ္စ မပြီးပြတ်သေးခင်မှာပင် မောင်ချစ်ဖေ၏ မဒမ်က ရုံးကိစ္စတစ်ခုကို ထပ်ခိုင်းပြန်ပါသည်။ မြန်မာနိုင်ငံ၏ ဌာနဆိုင်ရာရုံးများ၏ နိယာမသဘော သဘာဝအတိုင်း သက်ဆိုင်ရာ စာရွက်စာတမ်းများစွာရဖို့ ရပ်ကွက်ရုံးမှသည် ဟိုရုံးသည်ရုံး၊ ဟိုဝင် ဒီထွက်အခေါက်ခေါက်အခါခါသွားရပြန်၏။ ရုံးပေါင်းများစွာ ပေါင်းကူးယှက်နွယ်ရစ်ပတ်ပြီးမှ လိုရာကိစ္စပြီးစီးရသည့် ကြိုးနီစနစ်တို့ကြောင့် ပလိဗောဓ အလုပ်ပိုပေါင်း မြောက်မြားစွာနှင့် မောင်ချစ်ဖေကြုံတွေ့ရပြန်ပါသည်။

ထိုသောအခါ ကိစ္စများမြောင်လူတို့ဘောင်မှ ဝတ်ကြောင်ကို ဖယ်ခွာ၍ မြတ်ဗုဒ္ဓ၏ ပူဆာငြိမ်းရာ သာသနာတော်ဝယ် ခဏတာအရိပ်ခိုလှုံခိုက် ပလိဗောဓ နည်းပါးခဲ့မှုများကို ပြန်ပြောင်းမြင်ယောင်လာမိပါတော့သည်။ ။

ခင်မောင်ထွေး

ကောလာဟလတွေကို ငြင်းပယ်လိုက်တဲ့ ကန်ဒုံဝမ်နဲ့ ဂျန်ယိုဝမ်

တောင်ကိုရီးယားရဲ့ ထိပ်တန်းသရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကန်ဒုံဝမ်နဲ့ မင်းသမီး ဂျန်ယိုဝမ်တို့ နှစ်ဦးက လတ်တလောမှာ မီဒီယာတွေအကြားပျံ့နှံ့နေခဲ့တဲ့ သူတို့နှစ်ဦး ချစ်သူတွေ ဖြစ်နေကြတယ်ဆိုတဲ့ ကောလာဟလအပေါ် မဟုတ်မမှန်ကြောင်း ပြန်လည်တုံ့ပြန်လိုက်ပါတယ်။

ကန်ဒုံဝမ်ရဲ့ အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီ အန်တာတိန်းမန့်က မတ် ၁ ရက်မှာ မင်းသားနဲ့ ဂျန်ယိုဝမ်တို့နှစ်ဦးဟာ ချစ်သူတွေမဟုတ်ကြောင်း၊ အနုပညာလုပ်ငန်းများအတွက်မှ လွဲ၍ တစ်ကြိမ်တစ်ခါမှ တွေ့ဆုံမှု မရှိခဲ့ကြောင်း တရားဝင်တုံ့ပြန်ပြောဆိုခဲ့ပါတယ်။ အလားတူ ဂျန်ယိုဝမ်ရဲ့ ကိုယ်စားလှယ်ကလည်း မင်းသမီးနဲ့ ကန်ဒုံဝမ်တို့ရဲ့ ကောလာဟလသတင်းအပေါ် မဟုတ်မမှန်ကြောင်း ဂျန်ယိုဝမ်ကိုယ်စား ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်းကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ကုန်ပိုင်းက အွန်လိုင်းမီဒီယာတစ်ခုက စတင်ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဒေသခံမီဒီယာတွေကလည်း ကိုးကားဖော်ပြခဲ့ကြရာမှ ကောလာဟလဟာ ကြီးထွားလာခဲ့တဲ့အတွက် ယခုလိုပြန်လည်ဖြေရှင်းခဲ့ရတာဖြစ်ကြောင်း ကေဒရမ်မာစတားစဒေါ်ကွန်းက ဖော်ပြခဲ့ပါတယ်။

အိုဘားမားအကြောင်းရုပ်ရှင်မှာ တေလာဂျိုင်းပါဝင်သရုပ်ဆောင်မည်

အမေရိကန်သမ္မတ ဘားရက် အိုဘားမား၏ ဘဝတစ်စိတ်တစ်ပိုင်းကို ရိုက်ကူးသွားမယ့်ရုပ်ရှင် "Barry"တွင် ဟောလိဝုဒ်ကြယ်ပွင့် အန်ယာတေလာဂျိုင်းပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယူဒီအိုင်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၁၉)နှစ်အရွယ် တေလာဂျိုင်းက အိုဘားမား ကိုလံဘီယာ တက္ကသိုလ်မှာ တက်ရောက်ပညာသင်ယူနေစဉ် တွေ့ဆုံရင်းနှီးခဲ့တဲ့ တက္ကသိုလ်ကျောင်းသူတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါရုပ်ရှင်ကို ၁၉၈၁ ခုနှစ်ကာလက အဖြစ်အပျက်တွေနဲ့ စတင်ရိုက်ကူးတင်ဆက်သွားမှာ ဖြစ်ကာ အိုဘားမား နယူးယော့ခ် တက္ကသိုလ် တက်ရောက်စဉ် ကာလများကိုလည်း ယင်းရုပ်ရှင်မှာ ကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။ သမ္မတအိုဘားမားဟာ ၁၉၈၃ခုနှစ်မှာ နိုင်ငံရေးသိပ္ပံဘာသာရပ်နဲ့ ဘွဲ့ကိုရရှိခဲ့ပြီး အဲဒီနောက်မှာတော့ ဟားဗတ်တက္ကသိုလ်မှာ ဥပဒေပညာကို ဆက်လက်သင်ယူခဲ့တာပဲ ဖြစ်ပါတယ်။ ယင်းအတ္ထုပ္ပတ္တိရုပ်ရှင် "Barry" ကို လာမယ့်ပြေလအတွင်း စတင်ရိုက်ကူးသွားနိုင်ဖွယ်ရှိကြောင်းလည်း သိရပါတယ်။

ချစ်သူရှိနေပြီလို့ဆိုလာတဲ့ မေစီဝီလီယမ်

HBO ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့တဲ့ နာမည်ကျော်ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "Game of Thrones" ရုပ်ရှင်တွေမှာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် စတင်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မေစီဝီလီယမ်က မကြာသေးမီက InStyle မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာ ချစ်သူရှိနေပြီဖြစ်ကြောင်း ဖွင့်ဟလာခဲ့ပါတယ်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်မှာ အာယာစတာ့ခ်အဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိတဲ့ (၁၈)နှစ်အရွယ် မေစီဝီလီယမ်က သူဟာ နာမည်ကျော်မင်းသားငယ်တွေနဲ့ ချိန်းဆိုတွေ့ဆုံရတာတွေကို မနှစ်သက်ကြောင်းနဲ့ သူ့ရဲ့ချစ်သူဟာ နာမည်ကျော်တစ်ဦးမဟုတ်ဘဲ သာမန်လူငယ်တစ်ဦးဖြစ်ကြောင်း အဆိုပါအင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဝီလီယမ်က သူတို့ချစ်သူနှစ်ဦးဟာ ကျောင်းတက်ရင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာ တစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်ကြောင်းလည်း ဆိုခဲ့ပါတယ်။

မင်းသမီးက "ကျွန်မရဲ့ ချစ်သူဟာ ကျော်ကြားတဲ့သူတစ်ဦးတော့မဟုတ်ပါဘူး။ ကျွန်မလို ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးအနေနဲ့ သာမန်လူတစ်ဦးနဲ့ ချိန်းဆိုတွေ့ဆုံတာ လူအများရဲ့အမြင်မှာ ထူးဆန်းတယ်လို့ ခံစားရကောင်း ခံစားရပါလိမ့်မယ်။ ဒါပေမယ့် ကျွန်မသူ့အပြင် အခြားဘယ်သူနဲ့မှ ချိန်းဆိုတွေ့ဆုံတာမျိုးမလုပ်ပါဘူး။ ကျွန်မရဲ့လုပ်ရပ်က မှားချင်လည်း မှားပါလိမ့်မယ်။ ဒါပေမယ့် ကျွန်မဘယ်တုန်းကမှ ကျော်ကြားတဲ့လူငယ်အမျိုးသားသရုပ်ဆောင်တွေနဲ့ ချိန်းဆိုတွေ့ဆုံတာမျိုး၊ ပါတီပွဲတွေသွားတာမျိုး မရှိခဲ့ပါဘူး။ ကျွန်မထင်တာတော့ ကျွန်မက သာမန်လူတွေကိုပဲ သဘောကျတာဖြစ်ပါလိမ့်မယ်" လို့လည်း ပြောကြားခဲ့ပါတယ်။

ဩစတြေးလျမှာ ဖျော်ဖြေမည့် မက်ဒေါနား

အမေရိကန်ပေါ့ပ်အဆိုတော်မက်ဒေါနားက လာမည့် သီတင်းပတ်အတွင်း ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့ရှိ ကလပ်တစ်ခုတွင် ဖျော်ဖြေပွဲပြုလုပ်သွားမည်ဖြစ်သည်။ ယင်းဖျော်ဖြေပွဲသည် ၂၀၀၀ ပြည့်လွန်နှစ်များအတွင်း ဩစတြေးလျနိုင်ငံ၌ ပြုလုပ်မည့် မက်ဒေါနား၏ ပထမဦးဆုံးသော ဖျော်ဖြေပွဲလည်းဖြစ်လာမည်ဖြစ်ကြောင်း နယူးစ်ဒေါ့ကွန်းတွင် ဖော်ပြခဲ့သည်။

မက်ဒေါနားသည် ၁၉၉၃ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ နောက်ဆုံးအကြိမ်ဖျော်ဖြေပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းဖျော်ဖြေပွဲပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ်လာမည့် မတ် ၁၀ ရက်တွင် မယ်လ်ဘုန်းရှိ ကလပ်တစ်ခု၌ ပရိသတ်ပေါင်း ၁၅၀၀ခန့်ကို လက်ခံဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖျော်ဖြေပွဲကို "Tears of a Clown"ဟု အမည်ပေးထားပြီး တေးသီချင်းသီဆိုဖျော်ဖြေမှုများအပြင် ဂီတ၊ ဟာသနှင့် ပြဇာတ်ဆန်ဆန် ဇာတ်လမ်းပုံပြင်များဖြင့် သရုပ်ဆောင်ဖျော်ဖြေတင်ဆက်ခြင်းများလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ ဖျော်ဖြေပွဲနှင့်ပတ်သက်၍ မက်ဒေါနားက "ကျွန်မကို အချိန်အကြာကြီး စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းခဲ့ရတဲ့ ဩစတြေးလျက ကျွန်မရဲ့ပရိသတ်တွေအတွက် ထူးထူးခြားခြားလေးဖြစ်စေချင်လို့ ယခုလိုစီစဉ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

အေးပြည့်-စုစည်းရေးသားသည်

ရုပ်မြင်သံကြားအစီအစဉ်များ

[၆ - ၃ -၂၀၁၆ (တနင်္ဂနွေနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Business News
- ၈း၃၅ အောင်မြင်သူနှင့်အတူ (ကေတုဝင်းထွဋ်နှင့်တွေ့ဆုံခြင်း)
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ ကဗျာရိပ်မြုံ "သဘက်ဆေး"
- ၁၂း၅၁ ဆေးရောင်စုံရုပ်ရှင် "တစ်ခါကရောဝတီညများ" (လွင်မိုး၊ ညွန့်ဝင်း၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု) (ဒါရိုက်တာ-မီးပွား)
- ၃း၃၅ Business News
- ၄း၁၅ ရွှေ့ပြောင်းအလုပ်သမား အစီအစဉ်
- ၅း၁၅ ၂၀၁၆ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (We can do it)
- ၅း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၅း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ရောင်နီဦး၏ အလင်းရောင်နှင့်အတူ"
- ၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၇း၁၅ ဟိုး. . . တုန်းက ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "စေတနာဖြူစင်ကရုဏာရှင်" (ဇာတ်သိမ်း) (ဘလိတ်၊ ဧငြိမ်းမြူ၊ စောမြတ်နိုး) (ဒါရိုက်တာ-သီတာလင်း (LaurelArt Academy)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၈း၃၅ မသန်သော်လည်း စွမ်းနိုင်စေ
- ၉း၀၀ ပြည်တွင်းသတင်း
  - -Tasty Trip (နာဂခရီးစဉ်) (အပိုင်း-၃)
  - -ဆိုကြမယ် ပျော်ကြမယ်

မှတ်ချက်၊ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်၊

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -တေးဂီတအစီအစဉ်
- ၆း၂၀ ဆွေးနွေးခန်း
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "Acolytes"
- ၈း၀၀ "English Premier League" Crystal Palace Vs Liverpool(Live)"
- ၈း၄၅ Sports Highlight
- ၉း၄၆ တေးဂီတအစီအစဉ်
- ၁၀း၀၀ မြန်မာ့ရုပ်ရှင် "ကဝေမျိုး၏နိဒါန်း" (ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဇော်မြင့်ဦး)
- ၁၂း၀၀ အစီအစဉ်ပြီး၏၊

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်၊

MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ငရဲမီးငြိမ်းသောမက်ရေစင်" တရားတော် [ဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ (အောင်ဆန်းဆရာတော်)]
- ၉း၀၀ Weekly Sports Diary
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၂၀ သဘာဝထဲမှ ရန်သူများ [အန္တရာယ်အရှိဆုံးရန်သူ (ကျေးလက်မီး)]
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၄၁+၄၂)
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၃)
- ၄း၂၅ ၂၀၁၄ ခုနှစ် ရိုတင်ဇာတ်ကားများအား ပြန်လည်ခံစားခြင်း
- ၅း၄၅ ပရိမိယာ ချစ်သူများရဲ့ ရင်ခုန်သံ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၄)
- ၇း၂၅ Fashion Week
- ၇း၅၀ တေးရေးမင်းချစ်သူ၏ သီချင်းများ ပွဲတော်(အပိုင်း-၄)
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄၃)
- ၉း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၄၃+၄၄)
- ၁၁း၄၅ နယ်ဥဆန်းထွင်ပန်းအလှဆင် (ချိုချဉ်ပုံစံပန်းအလှဆင်ဖန်တီးမှု)
- ၁း၀၅ World of Knowledge (Doomsday Preppers · Friends Can Become Enemies)

မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ မမ္မဝုဇာတေး
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၀း၀၀ English For Myanmar
- ၁၁း၀၈ မျိုးချစ်တပ်မတော်
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဝက်ပါလမ်းကြား
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသချော် အပိုင်း(၄၁)
- ၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - · ရွှေရောင်သက်တံများ အပိုင်း(၃၅)
  - · VOA အင်္ဂလိပ်စာသင်ခန်းစာ
  - - ပဟေဠိနန်းတော်
  - · ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - · (၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် အမိမြေမှသားကောင်းများ (ပထမပိုင်း)
  - စိုးအောင်၊မွန်မွန်သဲနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်ဖေတင်

အားကစား

ချယ်လ်ဆီးနဲ့ မန်ယူ အိုင်ကာဒီကို ဘယ်အသင်းခေါ်နိုင်မလဲ

ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်ကြတဲ့ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ဟာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှာ ခြေစွမ်းပြကစားနေတဲ့ အာဂျင်တီးနားလူငယ်တိုက်စစ်မှူး အိုင်ကာဒီကို အင်္ဂလန်မြေအရောက်ခေါ်ယူဖို့ စိစဉ်နေကြပါပြီ။

ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ အပြိုင်စိတ်ဝင်စားနေတဲ့ တိုက်စစ်မှူး အိုင်ကာဒီကို ပြောင်းရွှေ့ကြေးပေါင် ၃၁ သန်း(ယူရို သန်း ၄၀)ပေးပြီး ခေါ်ယူဖို့လည်း စီစဉ်လုက်ရှိကြပါတယ်။ ဘာစီလိုနာ လူငယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ အိုင်ကာဒီဟာ လာမယ့် ဘောလုံးရာသီမှာ အင်တာမီလန်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့ပါက အင်္ဂလန်ကလပ်အသင်းတွေဆီ ပြောင်းရွှေ့မယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်ထားပါတယ်။

လာမယ့်ဘောလုံးရာသီအစမှာ မန်ယူအသင်းနည်းပြသစ်အဖြစ် ချယ်လ်ဆီးအသင်းရဲ့ အပစ်ပယ်ခံနည်းပြ မော်ရင်ဟို ကိုင်တွယ်လိမ့်မယ်လို့ အီတလီသတင်းဌာနများက မျှော်လင့်ထားတဲ့အပြင် နည်းပြမော်ရင်ဟိုအနေနဲ့ သူ့ရဲ့ ပထမဆုံးစာချုပ်ချုပ်ဆိုခေါ်ယူမှုအဖြစ် တိုက်စစ်မှူး အိုင်ကာဒီကို ဦးစားပေးစာရင်းမှာ ထည့်သွင်းခေါ်ယူသွားလိမ့်မယ်လို့လည်း ယုံကြည်ထားကြပါတယ်။

အသက်(၂၃)နှစ်အရွယ် တိုက်စစ်မှူး အိုင်ကာဒီဟာ အင်တာမီလန်အသင်း ချန်ပီယံလိဂ်ဝင်မယ်ဆိုပါက အင်တာမီလန်အသင်းနဲ့အတူ ဆက်ရှိနေမှာဖြစ်ပြီး လက်ရှိမှာတော့ အင်တာမီလန်အသင်းဟာ အီတလီစီးရီးအေ အမှတ်ပေးပြိုင်ပွဲမှာ တတိယနေရာက ရိုးမားအသင်းနဲ့ ငါးမှတ်ကွာဟနေတာဖြစ်ပါတယ်။

အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီအနေနဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းနဲ့ အာဆင်နယ်အသင်းတို့ရဲ့ ကမ်းလှမ်းလာမှုအရ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ကစားမယ်လို့ဆိုခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ မန်ယူအသင်းကို ပြောင်းရွှေ့မကစားလိုကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားထားခဲ့ပါပြီ။

နည်းပြမန်စီနီရဲ့လက်ထက်မှာ အင်တာမီလန်အသင်းအတွက် အကောင်းဆုံးခြေစွမ်းရရှိခဲ့ပေမယ့် အင်တာမီလန်ကို ဆက်နေဖို့နဲ့ ထွက်ခွာဖို့ကို ရာသီကုန်အထိစောင့်ကြည့်ရဦးမယ်လို့ ဆိုပါတယ်။ တိုက်စစ်မှူး အိုင်ကာဒီဟာ ၂၀၁၃ ခုနှစ်အတွင်းက အီတလီစီးရီးအေကလပ် ဆမ်ဒိုးရီးယားအသင်းကနေ အင်တာမီလန်အသင်းကို ပြောင်းလာတာဖြစ်တယ်။

ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ တိုက်စစ်မှူး အိုင်ကာဒီကို စိတ်ဝင်စားနေကြတယ်ဆိုပေမယ့် အိုင်ကာဒီကို ခေါ်ယူချင်တာဟာ မန်ယူနည်းပြဖြစ်လာမယ်လို့ မျှော်လင့်ထားကြတဲ့ နည်းပြမော်ရင်ဟိုကသာ ပြောဆိုခဲ့တာဖြစ်တာကြောင့် မော်ရင်ဟို မန်ယူနည်းပြဖြစ်လာမှသာ အိုင်ကာဒီနဲ့ မန်ယူတို့ရဲ့ အပြောင်းအရွှေ့က အသက်ဝင်လာမှာဖြစ်တယ်။

အဲဒါကြောင့် တိုက်စစ်မှူး အိုင်ကာဒီကို ပရီမီယာလိဂ်ကလပ်အသင်း နှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ထဲက ဘယ်အသင်းက အိုင်ကာဒီကို အသင်းအရောက်ခေါ်ယူသွားနိုင်မလဲဆိုတာကတော့ စောင့်ကြည့်ရဦးမယ့် အခြေအနေတစ်ရပ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။

(ငွေကြယ်)

မတ် ၆/၇ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

ပရီမီယာလိဂ် ပွဲစဉ် ၂၉

ခရစ္စတယ် - လီဗာပူး		ည-၈း၀၀
ဝက်စ်ဘရွန်း - မန်ယူ		ည-၁၀း၃၀

အီတလီ စီးရီးအေ ပွဲစဉ် -၂၈

တိုရီနို - လာဇီယို		ည-၆း၀၀
ဘိုလော့ညာ - ကာပီ		ည-၈း၃၀
ဂျီနိုအာ - အမ်ပိုလီ		ည-၈း၃၀
အတ္တလန္တာ - ဂျူဗင်တပ်		ည-၈း၃၀
ဆာဆူအိုလို - ဧအစီမီလန်		ည-၈း၃၀
ဖရိုစီနိုနီ - အူဒီးနီးစ်		ည-၈း၃၀
အင်တာမီလန် - ပါလာမို		နံနက်-၂း၁၅

စပိန် လာလီဂါ ပွဲစဉ် -၂၈

အီဘား - ဘာစီလိုနာ		ည-၉း၃၀
ဆိုစီဒက် - လီဗန်တေး		ည-၁၁း၄၅
ဂီဖွန် - ဘီဘာအို		ည-၁၁း၄၅
ဗလင်စီယာ - အက်သလက်		နံနက်-၂း၀၀

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၅

မိန့်ဇ် - ဒရမ်စတက်		ည-၉း၀၀
ဟမ်းဘတ် - ဟာသာဘာလင်		ည-၁၁း၀၀

ပြင်သစ်လီဂူး ပွဲစဉ် - ၂၉

မာဆေး - တူးလော့စ်		ည-၇း၃၀
ရန်းနက်စ် - နန့်တက်စ်		ည-၁၀း၃၀
လိုင်ယွန် - ဂူအင်ဂမ်		နံနက်-၂း၃၀

(မောင်မောင်ဇော်)

မန်စီးတီးအသင်း ပရီမီယာလိဂ် ချန်ပီယံဆုရယူနိုင်ရန် ကိုးပွဲအထက် အနိုင်ရရှိရန် လိုအပ်ဟု နည်းပြ ပယ်လီဂရီနီသတိပေး

မန်စီးတီးအနေဖြင့် လက်ကျန်ပရီမီယာလိဂ်ပွဲများမှ ကိုးပွဲအထက် အနိုင်ကစားနိုင်လျှင် ချန်ပီယံဖြစ်နိုင်သေးကြောင်း မန်စီးတီးအသင်းသားများအား နည်းပြ ပယ်လီဂရီနီက သတိပေးစကားဆိုလိုက်သည်။ မန်စီးတီးသည် ပရီမီယာလိဂ်ပွဲစဉ်(၂၇)ပွဲကစားပြီးနောက် ရမှတ် ၄၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၄)နေရာတွင်သာ ရပ်တည်နေသော်လည်း လက်ကျန်ပွဲစဉ် ၁၁ ပွဲမှ အနည်းဆုံး ကိုးပွဲအား အနိုင်ကစားနိုင်လျှင် မန်စီးတီးအသင်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်လိမ့်မည်ဖြစ်ကြောင်း နည်းပြပယ်လီဂရီနီက ယုံကြည်ထားသည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်နောက်ဆုံး သုံးပွဲဆက်တိုက် အရေးနိမ့်ခဲ့ပြီးနောက် ဦးဆောင်သူ လက်စတာအောက် တစ်ပွဲလျော့ကစား ၁၀မှတ်လျော့ အနေအထားသို့ ရောက်ရှိနေသည်။ သို့သော် မန်စီးတီးအသင်းအနေဖြင့် ရမှတ် ၇၅ မှတ်ရလျှင် ချန်ပီယံဆုအတွက် လုံလောက်သော အနေအထားတစ်ရပ်ဖြစ်ပြီး လက်ကျန်ပွဲစဉ်များမှ ၂၈မှတ် ထပ်မံရရှိရန် လိုအပ်ကြောင်း ပယ်လီဂရီနီက ယူဆသည်။

ပယ်လီဂရီနီက "ဖြစ်နိုင်ရင် လက်ကျန် ၁၁ ပွဲထဲက ၃၃ မှတ် ရချင်တာပေါ့။လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက ကျွန်တော်ပြောခဲ့ပြီးသားပါ။ ချန်ပီယံဖြစ်မယ့် အသင်းဟာ ရမှတ် ၈၀ အောက်တောင် လျော့နည်းနိုင်တယ်လို့ ကျွန်တော်တို့အသင်း ချန်ပီယံဖြစ်ချင်ရင် ရမှတ် ၇၅ ဝန်းကျင်အထက်ရရင် ဖြစ်နိုင်ပါတယ်။ လောလောဆယ်ကစားသမားတွေမှာ အနုတ်လက္ခဏာဆောင်တဲ့ သဘောထားမရှိတာကြောင့် ရမှတ်တွေဆုံးရှုံးမယ့်အခြေအနေ သိပ်ပြီးရှိလာမှာ မဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့သည် မန်စီးတီး၏ နောက်ဆုံးသုံးပွဲဆက် ရလဒ်ဆိုးရွားမှုအပေါ် အခွင့်အရေးယူနိုင်ခဲ့ကာ ထိပ်တန်းလေးသင်းနေရာကိုပါ စိန်ခေါ်နိုင်ခဲ့ကြသည်။ မန်စီးတီးအသင်းသည် ကယ်ပီတယ်ဝမ်းဖလားတွင် ဗိုလ်စွဲခဲ့သော်လည်း ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်တို့တွင် ရှုံးပွဲဆက်ခဲ့သလို အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ချယ်လ်ဆီးအား ဂိုးပြတ်အရေးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးဖြစ်သည်။

မေလှဲသင်း

ယခုနှစ် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဗိုလ်လုပွဲ ပွဲစဉ်များတွင် ဂိုးလိုင်းနည်းပညာအသုံးပြုသွားမည်

ယခုနှစ် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ဗိုလ်လုပွဲ ပွဲစဉ်နှစ်ပွဲတွင် ဂိုးလိုင်းနည်းပညာကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်၌ ဖော်ပြသည်။ ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်)သည် ပရိသတ်အာရုံစိုက်မှုကြီးမားသော ကစားပွဲများတွင် ဂိုးလိုင်းနည်းပညာကို အသုံးပြုသွားရန် ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယူရို-၂၀၁၆ပြိုင်ပွဲ မတိုင်မီ ယင်းဗိုလ်လုပွဲနှစ်ပွဲတွင် စမ်းသပ်အသုံးပြုသွားရန် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို မီလန်မြို့၌ မေ ၂၈ ရက်တွင်လည်းကောင်း၊ ယူရိုပါလိဂ်ဗိုလ်လုပွဲကို မေ ၁၈ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ယူအီးအက်ဖ်အေသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဂိုးလိုင်းနည်းပညာကို လာမည့်ရာသီတွင် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်များနှင့် ယူရို-၂၀၁၆ ပြိုင်ပွဲတို့တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဂိုးလိုင်းနည်းပညာကို ၂၀၁၃-၂၀၁၄ဘောလုံးရာသီ ပရီမီယာလိဂ်နှင့် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားတို့တွင် မိတ်ဆက်သဘောဖြင့် အသုံးပြုခဲ့ဖူးသည်။

မေလှဲသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်

လူတွေ့နှုတ်ဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂၈-၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (လစာနှုန်း- ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများစာရင်းများအနက် ၉-၃-၂၀၁၆ ရက်နေ့တွင် လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်၊ လူတွေ့ဖြေဆိုရမည့်သူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် နံနက် (၉း၀၀) နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်သဖြင့်ပညာအရည်အချင်းအောင်လက်မှတ် (မူရင်း) နှင့်အတူ အချိန်မီလာရောက်ဖြေဆိုကြရန် ကြေညာအပ်ပါသည်၊

၂။ **၉-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

တက(သံကျွမ်း)-၁၊တက(သံကျွမ်း)-၆၊တက(သံကျွမ်း)-၈၊ တက(သံကျွမ်း)-၁၀၊တက(သံကျွမ်း)-၁၂၊တက(သံကျွမ်း)-၁၆၊တက(သံကျွမ်း)-၂၄၊ တက(သံကျွမ်း)-၃၅၊ တက(သံကျွမ်း)-၃၆၊ တက(သံကျွမ်း)-၆၆၊ တက(သံကျွမ်း)-၇၀၊ တက(သံကျွမ်း)-၇၄၊ ရက(သံကျွမ်း)-၃၊ ရက(သံကျွမ်း)-၆၊ရက(သံကျွမ်း)-၁၀၊ရက(သံကျွမ်း)-၁၄၊ရက(သံကျွမ်း)-၁၅၊ တက(ရေဒီယို)-၅၊ တက(ရေဒီယို)-၃၆၊ ရက(ရေဒီယို)-၁၀၊ ရက(ရေဒီယို)-၁၁၊တက(ရုပ်သံ)-၂၊တက(ရုပ်သံ)-၃၊ တက(ရုပ်သံ)-၅၊ တက(ရုပ်သံ)-၆၊ တက(ရုပ်သံ)-၇၊ တက(ရုပ်သံ)-၂၆၊ တက(ရုပ်သံ)-၂၇၊ တက(ရုပ်သံ)-၃၀ တက(ရုပ်သံ)-၃၁၊ တက(ရုပ်သံ)-၃၃၊ တက (ရုပ်သံ)-၃၆၊ တက(ရုပ်သံ)-၃၇၊တက(ရုပ်သံ)-၄၅၊တက(ရုပ်သံ)-၄၈၊ တက(ရုပ်သံ)-၄၉၊ တက(ရုပ်သံ)-၅၀၊တက(ရုပ်သံ)-၅၁၊တက(ရုပ်သံ)-၅၄၊တက(ရုပ်သံ)-၅၅၊ တက(ရုပ်သံ)-၇၈၊တက(ရုပ်သံ)-၇၉၊ တက(ရုပ်သံ)-၈၀၊ တက(ရုပ်သံ)-၈၁၊ တက(ရုပ်သံ)-၈၂၊တက(ရုပ်သံ)-၉၅၊ တက(ရုပ်သံ)-၉၈၊တက(ရုပ်သံ)-၁၀၃၊တက(ရုပ်သံ)-၁၀၆၊တက(ရုပ်သံ)-၁၀၇၊တက(ရုပ်သံ)-၁၀၈၊တက(ရုပ်သံ)-၁၁၃၊တက(ရုပ်သံ)-၁၂၂၊ တက(ရုပ်သံ)-၁၂၃၊တက(ရုပ်သံ)-၁၄၀၊တက(ရုပ်သံ)-၁၅၄၊တက(ရုပ်သံ)-၁၅၈၊ တက (ရုပ်သံ)-၁၆၃၊တက(ရုပ်သံ)-၁၆၄၊တက(ရုပ်သံ)-၁၇၀၊တက(ရုပ်သံ)-၁၇၈၊ တက(ရုပ်သံ)-၂၀၂၊ တက(ရုပ်သံ)-၂၀၃၊ တက(ရုပ်သံ)-၂၀၄၊ တက(ရုပ်သံ)-၂၀၅၊ တက(ရုပ်သံ)-၂၁၀၊ တက(ရုပ်သံ)-၂၁၄၊တက (ရုပ်သံ)-၂၂၄၊တက(ရုပ်သံ)-၂၂၅၊တက(ရုပ်သံ)-၂၃၄၊ တက(ရုပ်သံ)-၂၃၉၊ တက(ရုပ်သံ)-၂၄၇၊တက(ရုပ်သံ)-၂၅၅၊ တက(ရုပ်သံ)-၂၆၂၊ တက (ရုပ်သံ)-၂၆၆၊တက(ရုပ်သံ)-၂၈၅၊တက(ရုပ်သံ)-၂၉၀၊တက(ရုပ်သံ)-၃၀၉၊ တက(ရုပ်သံ)-၃၁၃၊ တက(ရုပ်သံ)-၃၁၅၊ တက(ရုပ်သံ)-၃၁၆၊ တက (ရုပ်သံ)-၃၁၈၊ တက(ရုပ်သံ)-၃၂၆၊ တက(ရုပ်သံ)-၃၅၀၊ တက(ရုပ်သံ)-၃၅၆၊ တက(ရုပ်သံ)-၃၅၉၊ တက(ရုပ်သံ)-၃၆၁၊ တက(ရုပ်သံ)-၃၆၆၊ တက(ရုပ်သံ)-၃၇၂၊ တက(ရုပ်သံ)-၃၇၄၊တက(ရုပ်သံ)-၃၇၅၊ တက(ရုပ်သံ)-၃၇၈၊ တက(ရုပ်သံ)-၃၈၀၊ တက(ရုပ်သံ)-၃၈၄၊ တက (ရုပ်သံ)-၃၈၇၊ တက(ရုပ်သံ)-၃၉၂၊ တက(ရုပ်သံ)-၃၉၄၊ တက(ရုပ်သံ)-၄၀၇၊ တက(ရုပ်သံ)-၄၀၈၊တက(ရုပ်သံ)-၄၀၉၊တက(ရုပ်သံ)-၅၃၂၊ ရက(ရုပ်သံ)-၃၊ ရက(ရုပ်သံ)-၇၊ရက(ရုပ်သံ)-၉၊ ရက(ရုပ်သံ)-၁၀ ရက(ရုပ်သံ)-၁၆၊ရက(ရုပ်သံ)-၁၇၊ရက(ရုပ်သံ)-၂၅၊ ရက(ရုပ်သံ)-၂၇၊ ရက(ရုပ်သံ)-၂၉၊ရက(ရုပ်သံ)-၃၁၊ရက(ရုပ်သံ)-၃၅၊ရက(ရုပ်သံ)-၃၆၊ ရက(ရုပ်သံ)-၃၈၊ ရက(ရုပ်သံ)-၄၅၊ရက(ရုပ်သံ)-၄၆၊ရက(ရုပ်သံ)-၅၃၊ ရက(ရုပ်သံ)-၅၉၊ရက(ရုပ်သံ)-၆၀၊ ရက(ရုပ်သံ)-၆၅၊ရက(ရုပ်သံ)-၆၆၊ ရက(ရုပ်သံ)-၆၈၊တက(NRC)-၁၊တက(NRC)-၁၄၊တက(NRC)-၁၆၊ တက(NRC)-၂၉၊တက(NRC)-၃၀၊တက(NRC)-၃၃၊တက(NRC)-၃၄၊ တက(NRC)-၃၆၊ တက(NRC)-၄၈၊တက(NRC)-၅၄၊ တက(NRC)-၅၆၊တက(NRC)-၅၇၊ ရက(NRC)-၂ ရက(NRC)-၇၊ ရက(NRC)-၈၊ ရက(NRC)-၁၀၊ ရက(NRC)-၁၁၊ ရက(NRC)-၁၂ ရက(NRC)-၁၇၊ရက(NRC)-၃၃၊ရက(NRC)-၃၇၊

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၇၉၁၈၅/၇၉၁၈၆ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်၊

၄။ ၁၀-၃-၂၀၁၆ ရက်နေ့နှင့် ၁၁-၃-၂၀၁၆ရက်နေ့တို့တွင် လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများစာရင်းကို ၇-၃-၂၀၁၆ ရက်နေ့ထုတ် သတင်းစာများတွင် ဆက်လက်ကြေညာသွားမည်ဖြစ်သည်၊

ရပ်ထားသည့်ယာဉ်ကို နောက်မှဝင်တိုက်ပြီး ယာဉ်မောင်းရှောင်ပြေး

နေပြည်တော် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ရတနာလမ်းမကြီးတွင် သံချောင်းများတင်ဆောင်၍ ရပ်တန့်ထားသည့် ယာဉ်အမှတ် 9B---(နောက်တွဲပါ) ၂၂ ဘီးယာဉ်အား ပဲခူးမြစ်လမ်းအတိုင်း မြောက်မှ တောင်သို့မောင်းနှင်လာသည့် ကိုယ်ပိုင်ယာဉ် 9C/----ဟာရီယာ ယာဉ်က မတ် ၅ ရက် နံနက် ၄ နာရီခွဲခန့်တွင် အရှိန်ဖြင့်ဝင်ရောက်တိုက်မိသည်။

ဝင်ရောက်တိုက်မိသည့် 9C/-- ယာဉ်သည် ဦးခေါင်းပိုင်းပိန်ချိုင့်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်အားထားခဲ့ကာ ရှောင်တိမ်းသွားခဲ့သည်။

၂၂ဘီး (နောက်တွဲပါ) ယာဉ်၏ ယာဉ်မောင်းမှာ ဦးသိန်းမြဖြစ်ပြီး ကိုယ်ပိုင်ယာဉ်ဟာရီယာ ယာဉ်မောင်းအား အရှေ့ပိုင်းခရိုင် ယာဉ်မှုစစ်အဖွဲ့က စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုကြီးစိုး(ဆိပ်ကမ်း)

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်များအား လေးခွဖြင့်ပစ်ခတ်သူကို အချိန်တိုအတွင်း စုံစမ်းဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၂၀/၆) အနီးတွင် ရန်ကုန်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်မြတ်မော်(၃၇) နှစ် မောင်းနှင်လာသည့် 2J/---- ရွှေမန္တလာ ခရီးသည်တင်မှန်လုံယာဉ်နှင့် မိတ္ထီလာမြို့နယ် သရက်ခြံရွာနေ ဦးမောင်နိုင်(၄၃) နှစ်မောင်းနှင်သည့် 5I/---- ရွှေမန္တလာ ခရီးသည်တင်မှန်လုံယာဉ်တို့ လေးခွဖြင့် ပစ်ခတ်ခံရကြောင်း သတင်းအရ ဖောဓိကုန်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ 2J/---- ယာဉ်၏ ယာဘက်ဘေးတံခါးမှန်နှင့် 5I/--- ယာဉ်၏ ယာဘက်ဘေးတံခါးမှန်တို့တွင် လေးခွထိမှန်သည့် အပေါက်တစ်ပေါက်စီ တွေ့ရှိရပြီး ယာဉ်ပေါ်ပါခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ထို့နောက် အဖွဲ့သုံးဖွဲ့ခွဲကာ လိုက်လံရှာဖွေရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်တွင် တောထဲ၌ နွားကျောင်းနေသော အုတ်တွင်းမြို့နယ် ဝါးစွပ်ကွင်းရွာနေ ပိုင်ပိုင်(ခ)ရန်ပိုင်စိုး(၁၅)နှစ်၊ တစ်ရွာတည်းနေ ထွန်းခေါင်(၁၃)နှစ်၊ ချစ်မင်း(၁၂)နှစ်နှင့် မင်းခန့်ကျော်(၈)နှစ်တို့အားတွေ့ရှိသဖြင့် မေးမြန်းခဲ့သည်။

မေးမြန်းချက်အရ ၎င်းတို့လေးဦးထဲမှ ပိုင်ပိုင်(ခ)ရန်ပိုင်စိုးက လေးခွဖြင့် ပစ်ခတ်လျှင် ကားမှန်များ ကွဲမကွဲ သိရှိလိုသောကြောင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းသိရ၍ သက်သေခံ လေးခွနှင့် လောက်စာလုံးများကို သိမ်းဆည်းပြီး ပိုင်ပိုင်(ခ)ရန်ပိုင်စိုးအား ဖောဓိကုန်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

တံတားကျိုးကျ၍ အမျိုးသမီးတစ်ဦး သေဆုံး

ဘားအံ မတ် ၅။ ။ ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သံခါကျေးရွာနှင့် ကော့ထမလိန်းကျေးရွာ အကြား တံတားဟောင်းအား ပြုပြင်စဉ် မတ် ၂ ရက် နံနက်ပိုင်းက တံတားကျိုးကျ၍ တစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ ကျေးရွာရှိ တံတားဟောင်းတစ်စင်းအား ကျေးရွာသူကျေးရွာသား ၂၀ ခန့်ဖြင့်ပြုပြင်နေစဉ် မသင်းသင်းအောင်(၃၅)နှစ်နှင့် တူမဖြစ်သူ မချစ်သဇင်(၁၅)နှစ်တို့ တံတားပေါ်သို့တက်ရောက်ရာ ခင်းထားသောဝါးကူကွန်က ရစ်တံတားအခင်းကျိုးကျသွားသဖြင့် အနက် ၁၂ ပေခန့်ရှိချောင်းအတွင်းသို့နှစ်ဦးစလုံးကျသွားခဲ့ရာ မသင်းသင်းအောင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး မချစ်သဇင်မှာဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ထုံးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

နိုင်ငံတကာသတင်းဂျာနယ်

- မငေါ်ဘဲဝင်လာဦးမည့် ဧည့်သည်များနှင့် ဥရောပ
- ၂၀၁၆ ခုနှစ် ကမ္ဘာ့အချမ်းသာဆုံး အမျိုးသမီးဘီလျံနာများ
- အလိမ်အညာမှသားသုံးကာ နိုင်ငံရေးကစားခဲ့ကြသည့် အမေရိကန်သမ္မတ ခုနစ်ဦး
- အမျိုးသမီးတစ်ဦးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်တော့မည်လား
- အိုင်အက်စ်အဖွဲ့၏ ဝါဒဖြန့်ချိရေးလုပ်ငန်းတွင် ရုရှားဘာသာစကားကို တိုးမြှင့်အသုံးပြုလာ
- အာရှတွင် သက်ကြီးပိုင်းလူဦးရေ လျင်မြန်စွာများပြားလာ၍ စိန်ခေါ်မှုများကိုရင်ဆိုင်ရနိုင်
- ဒေတ်ပီလက်နက်များ အပြိုင်ထုတ်နေကြသည့် အိန္ဒိယနှင့် တရုတ်
- အၢ်ခတ်ပိတ်ဆို့မှုများဖြင့် မြောက်ကိုရီးယားနျူကလီးယားအရေး ဟန့်တားနိုင်ဖွယ်မရှိ

စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။

နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။

ဖုန်း - ၀၁ - ၈၆၁၁၁၆၈၅၅ ၀၁ - ၂၉၂၉၃၈၀ ၀၉ - ၇၈၀၁၂၅

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၅

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက်က ကျိုင်းတုံမြို့နယ် မိုင်းခုတ်-ကျိုင်းတုံသွားကားလမ်းတွင် ကျအူ မောင်းနှင်ပြီး အာဃော လိုက်ပါလာသည့် 2I/----- VIGO ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ လက်ကိုင်ဖုန်း သုံးလုံး၊ ထိုင်းဘတ်ငွေ ၂၉၀၀၀ နှင့် မြန်မာငွေကျပ် ၈၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက်က တောင်ဥက္ကလာပမြို့နယ် ယဿဝတီလမ်းနှင့် (၁၄)လမ်းထိပ်၌ ကျော်လွင်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး ၎င်းနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် (၁၅)လမ်းရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀ နှင့် ဆေးခြောက် ၂၄ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

နန်းဦးမြိုင် ရွှေစက်တော်၊ အလောင်းတော်(၅)ရက်

- အင်းတော်ကြီး၊ ရွှေဥမင်၊ ရွှေဘုံ၊ မြစ်ကြီးနား၊ ဖြစ်ဆုံ (၈)ရက် - မန္တလေး၊ မိုးကုတ်၊ ပါ(၁၁)ရက် (Mar 18, Apr 11)ထွက်မည်။
- ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ မဟာမုနိ ဘုရား ပါ(၇)ရက်။
- ရွှေစက်တော်ဘုရားနှင့် လမ်းဘုရားဖူး(၃)ရက်။ ဆက်၍ - ပုဂံ၊ ပုပ္ပါး၊ ရွှေစည်းခုံ ပါ(၅)ရက်
- ဆက်၍ - အလောင်းတော်ကဿပ၊ မန္တလေး၊ မင်းကွန်း၊ မိုးညှင်း ပါ(၈)ရက်။
- ရွှေစက်တော် ပုဂံ-ပုပ္ပါး၊ ဇောင်ကြီး၊ အင်းလေး၊ ထမ်ဝမ်းဂူ (၈)ရက်၊ အားလုံးပါ (၁၁)ရက်။
- ဆားလယ်ရွှင်တို့ရှင်၊ မောင်းမကန်၊ ကျိုက်ထီးရိုး (၅)ရက် - ဆက်၍ မြိတ်၊ ဘိတ် ပါ(၇)ရက်။
- အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၃)ရက် - ဆက်၍ မန္တလေး၊ ပြင်ဦးလွင် ပါ(၅)ရက်။
- မြတ်ဖော်တောင်စွန်းဘုရားနှင့် မှိုင်းဘုရား (Mar 11, 18)
- တောင်ကြီး၊ အင်းလေး၊ ထမ်ဝမ်းဂူ၊ မွေတော်ကက္ကူ (၅)ရက် - ဆက်၍ လွိုင်ကော် ပါ(၆)ရက်။
- မန္တလေးဘုရားဖူး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေတံခွန်၊ ဂုတ်တွင်း၊ ပြည်ကြီးပျံ ဘုရား (၁-ညအိပ်)

ရုံးချုပ် 01-391577, 09-5122961, 09-254340569, 09-254821597

၄၃၅၆၊ ၇၇၈ တန်း နွေရာသီ သင်္ချာသီးသန့်လစဉ်(၃၀၀၀၀ိ/)

YC နွေရာသီ (၃)လပြတ်

ဥ၊၁၀တန်းဘာသာစုံ

မြန်မာ	ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ်	ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ်	ဦးတင်ကို
သင်္ချာ	ဆရာပိုင်(ပိုင်သင်္ချာ)
တတ	ဦးမြင့်ဝင်းကျော်
ရူပ	ဦးဆက်မွှန်
ဇီဝ	ဒေါက်တာမြသိန်း
ဘောဂ	စိုင်းထွန်းအောင်

၉တန်း နံနက်(၁၀:၀၀ မှ ၁:၀၀)ထိ
၁၀တန်း နံနက်(၁၀:၀၀ မှ ၂:၃၀)ထိ

၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ Ph: 09-73105201

သင့်သွေးဖြင့် အသက်ကယ်ပါ

★ နေမင်းစကြာ ★

ရာထူးဝင်သင်တန်းကြီး

☆ ပြည်တွင်းအခွန်ဦးစီးဌာန

သင်တန်းကြေး - ၁၅၀၀၀ိ/ကျပ် / စာအုပ်သီးသန့်ဝယ် - ၁၀၀၀ိ/ ကျပ်

☆ PGDMA ဝင်ခွင့်

❖ ရရှိနိုင်သောစာအုပ်ဆိုင်များ

- (ရွှေမင်းသား၊ ရွှေရည်ဝင်းနှင့် လပေင်းဝင်းဝင်းစာပေ) (နေပြည်တော်)
- (ညီညာပေနှင့်ခေတ်ဒီစာပေ) (မန္တလေး)
- (ကျော်ကျော်စာပေ) (မော်လမြိုင်)
- (နေမင်းစကြာမိတ္တူဆိုင်) (ပြည်မြို့)

ဦးရဲမင်းပိုင် (သင်္ချာ) နွေ(၃)လတန်းခွဲ

၉တန်း/၁၀တန်းဘာသာစုံ နေ့စဉ်တက်(၉:၀၀-၁၂:၀၀) ၆၊၇၊၈တန်းများအတွက်(သင်္ချာ၊အင်္ဂလိပ်စာ)စနေ၊တနင်္ဂနွေ မတ်လ(၉)ရက်မှစ၍ တန်းခွဲတစ်ခွဲတွင်(၁၅)ဦးသာလက်ခံသင်ကြားသည်။ ကြိုအပ်လက်ခံပြီ
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်) ကျောက်တံတားမြို့နယ် ၀၉ ၇၃၁ ၆၁၁၈၄

တစ်ဦးတည်းဖြစ်ပါသည်

တိုက်ကြီးမြို့၊ မင်္ဂလာရပ်ကွက်၊ မီးသွေးကုန်းနေ ဦးတင်ထွေး(ခ) ဦးနေဝင်းသည် တစ်ဦးတည်းဖြစ်ကြောင်း။

ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် (၁/၂၀၁၆)နွေရာသီရေကူးသင်တန်းဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အခြေခံရေကူးသင်တန်းအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန် တွင် မတ်လ (၇)ရက်နေ့မှ ဧပြီလ (၇)ရက်နေ့အထိ သင်တန်းကာလ (၁)လ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

သင်တန်းချိန်များအား နံနက် (၇:၃၀)နာရီမှ (၉:၀၀)နာရီအထိ (၁)ချိန်၊ ညနေ (၀၆:၃၀)မှ (၀၈:၀၀)နာရီအထိ (၁)ချိန် သင်တန်းချိန် (၂)ချိန် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

သင်တန်းရက်များမှာ သောကြာနေ့မှအပ တစ်ပတ်လျှင် (၆)ရက် သင်ကြားပေးသွားမည်ဖြစ်ပါသည်။

သင်တန်းကြေးအဖြစ် တစ်ဦးလျှင်ကျပ် (၃၀,၀၀၀/-)နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက ဝင်ခွင့်လျှောက်လွှာပုံစံ၊ ဓါတ်ပုံ (၃)ပုံနှင့်အတူ စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အားကစားကွင်း / အားကစားရုံဌာနခွဲ၊ ဝဏ္ဏသိဒ္ဓိရေကူးကန် ဖုန်းနံပါတ် ၀၆၇-၈၁၀၄၀၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

"အောင်ဆုမွန်သောက်လုပ်ရေးကုမ္ပဏီ-ဦးရဲလင်းထွန်း(၁၂/လကန(နိုင်) ၁၇၆၅၃)နှင့် အများသိစေရန်ကြေညာခြင်း"

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေထွန်းလင်း (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၄၃)
တိုက် ၅၀၊ ပထမထပ်၊ (C-9) အင်္ဂလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
Ph : 09 49334225 Email: maharlawfirm@gmail.com

ဖြူစိုက်ရှိ၍ကူညီရေးအသင်း မီးဘေးအလှူငွေပေးအပ်

မန္တလေး မတ် ၅

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက္ကာရွာမီးဘေးအတွက် မန္တလေးမြို့ ဖြူစိုက်ရှိ၍ကူညီရေးအသင်း သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးမျိုးတင့်နှင့် အမှုဆောင်ငါးဦးက ဖေဖော်ဝါရီ နောက်ဆုံးပတ်က ကျောက္ကာရွာ မီးဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်း ကျပ်သိန်း ၈၀ ဖိုးလှူဒါန်းခဲ့သည်။

မန္တလေး ဖြူစိုက်ရှိ၍ကူညီရေးအသင်း သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့အနေဖြင့် ဖေဖော်ဝါရီ ၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ မီးဘေးကယ်ဆယ်ရေးအတွက် ကျပ်သိန်း ၆၀၊ ဖေဖော်ဝါရီ ၉ ရက်တွင် ဧရာဝတီတိုင်း လပွတ္တာမီးဘေးကယ်ဆယ်ရေးအတွက် ကျပ်သိန်း ၈၀၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် နမ့်ဆန် မီးဘေးအတွက် ဒုတိယအကြိမ်သိန်း ၆၀ ဖိုး သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေအောင်

မုံရွာတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မုံရွာ မတ် ၅

အယ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ကိုင်းတိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့ မြို့တော်ခန်းမတွင် မတ် ၃ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိုးလေဝသပညာရှင်များ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုဖြစ်ပေါ်လျက်ရှိသော အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယနေ့အလုပ်ရုံဆွေးနွေးပွဲသို့ ပညာရှင်များ ဖိတ်ကြားပြီး ဆွေးနွေးခြင်းဖြစ်ပါကြောင်းပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေ ကျန်းမာရေး ပြဿနာများ၊ မွေးမြူရေးကဏ္ဍများတွင် ထိခိုက်မှုလျော့နည်းရေး၊ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက အယ်နီညိုဖြစ်စဉ်သည် ကာလအပိုင်းအခြားဖြင့် ဖြစ်ပေါ်လျက်ရှိသည့်အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလည်း အမြဲသတိပြုကြရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်လည်း အပူချိန်များမြင့်တက်လာပြီး၊ မိုးရေချိန်လက်မများ လျော့နည်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းက မြန်မာနိုင်ငံ၏ မုတ်သုံလေအကျိုးကို စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် အပြည့်အဝမခံစားသည့်အတွက် ပြည်သူများ၏ စီးပွားရေးကဏ္ဍများတွင် များစွာထိခိုက်ရသည့်အပြင် ယခုဖြစ်စဉ်ကြောင့် များစွာအကျိုးသက်ရောက်မှုရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့ကြပြီးနောက် မုံရွာတက္ကသိုလ်ပထဝီဝင်ဌာနမှ အယ်နီညိုဖြစ်စဉ်ကို ပထဝီဝင်ရှုထောင့်မှ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အယ်နီညိုဖြစ်စဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ရေစီမံခန့်ခွဲမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထိခိုက်မှုမရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် အစီအမံများလည်းကောင်း ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက ဆက်လက်၍တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဦးစီးဌာနတို့က သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေကြောင်းသွားလာရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးများကို လည်းကောင်း ဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို လည်းကောင်း၊ တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးကဏ္ဍတွင် ထိခိုက်မှုမရှိစေရေး ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနနှင့် လျှပ်စစ်ဖြန့်ဖြူးရေးတို့မှ မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းအပြင်တိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အယ်နီညိုဖြစ်စဉ်အား ပြည်သူလူထုသို့ အသိပညာပေး ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြရာ အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ကဏ္ဍအလိုက်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ယာဉ်တိုက်မှု အန္တရာယ်ကင်းရှင်းစေရေးအတွက် ပညာပေးသရုပ်ပြ

မြိတ် မတ် ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကန်ကြီးနယ်မြေ သကေတရပ် မြိတ်ကုန်တိုက်အရှေ့ ကမ်းနားလမ်းတွင် မတ် ၂ ရက် ညနေ ၅နာရီခွဲခန့်က အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှကြီးမှူး၍ ယာဉ်တိုက်မှု အန္တရာယ်လျော့နည်းရေး၊ မှုခင်းများကျဆင်းရေးအတွက် ရည်ရွယ်ကာ ယာဉ်အန္တရာယ်ကင်းစင်ရေး ပြည်သူအားလုံးပါဝင်ပေး ခေါင်းစဉ်ဖြင့် ယာဉ်တိုက်မှုအန္တရာယ် ကင်းရှင်းရေးအတွက် ပညာပေးသရုပ်ပြပွဲကို ယာဉ်တိုက်မှုဖြစ်စဉ်ပုံစံအတိုင်း ပညာပေးသရုပ်ပြသခဲ့ကြကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲသို့ အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(မြိတ်)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးနေဝင်း ဦးစီး တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးဝင်းဇော်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ 'လမ်းစ' ပရဟိတအသင်းတာဝန်ခံ ဦးအောင်ချစ်စိုး၊ ဒုတာဝန်ခံ မိုးသူရနှင့် အသင်းသူအသင်းသားများ၊ ချမ်းမြေ့နာရေး ကူညီမှုအသင်းမှ ဦးကိုင်ဇာနှင့် အသင်းသူ၊ အသင်းသားများ၊ စုစုပေါင်း ၃၀ ခန့်တို့က ယာဉ်အန္တရာယ်ကင်းရှင်းရေး ပြည်သူအားလုံး ပါဝင်ရေး ခေါင်းစဉ်ဖြင့် ယာဉ်တိုက်မှု အန္တရာယ်ကင်းရှင်းစေရေးအတွက် ပညာပေးသရုပ်ပြခြင်းကို ယာဉ်တိုက်မှုဖြစ်စဉ်ပုံစံအတိုင်း ပညာပေးသရုပ်ပြပွဲပြုလုပ်ခဲ့ရာ လမ်းသွား၊ လမ်းလာ ပြည်သူများနှင့် စိတ်ပါဝင်စားသူများ၊ စုစုပေါင်းအင်အား ၁၅၀ ခန့်က စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါ သရုပ်ပြမှုအပြီးတွင် 'လမ်းစ' ပရဟိတလူငယ်များ အသင်းတာဝန်ခံ ဦးအောင်ချစ်စိုး၊ ဒုတာဝန်ခံ မိုးသူရနှင့် အသင်းသူ၊ အသင်းသားများက ယာဉ်တိုက်မှုမှတ်တမ်းဓာတ်ပုံများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ပုဒ်များရေးသားထားသည့် ဗီနိုင်းပိုစတာများ၊ ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ အမှတ်အသား၊ သင်္ကေတများပါဝင်သည့် ဗီနိုင်းပိုစတာများကိုင်ဆောင်ပြီး 'လမ်းစ' ပရဟိတ လူငယ်များ အသင်းနှင့် ချမ်းမြေ့နာရေးကူညီမှုအသင်းသူ၊ အသင်းသားများက ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ပါ၊ လမ်းပြောင်းပြန် မမောင်းရ၊ ယာဉ်တိုက်မှုဖြစ်ပွားနိုင်သည့် တစ်လမ်းမောင်း သတိပြုပါ၊ သင့်အိမ်ပြန်ချိန်ကို သင့်မိသားစုမှ စောင့်မျှော်နေပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းဖြင့် သင့်၏အသက်ကို ကာကွယ်ပါ၊ သတိလက်လွှတ် မောင်းနှင်ခြင်းမှ ရှောင်ကြဉ်ပါ၊ ယာဉ်တိုက်မှုများ လျော့ချဖို့ ပြည်သူ အားလုံးပါဝင်စို့၊ အသက်အန္တရာယ်ကာကွယ်ဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့၊ ကိုယ့်မြို့ကိုယ့်ရွာသာယာဖို့ ကိုယ်စီ တာဝန်ယူကြစို့ဟု သတိပေးဆောင်ပုဒ်များကိုသံပြိုင်ရွတ်ဆို သရုပ်ပြသခဲ့ကြသည်။

မြင့်ဦး (မြိတ်)

မိတ္ထီလာတွင် အရိုး၊ အကြောအဆစ် ဝေဒနာရှင် ၁၀၀၀ ကျော်အား အခမဲ့ကုသပေး

မိတ္ထီလာ မတ် ၅

မိတ္ထီလာတွင် အနယ်နယ်အရပ်ရပ်မှ အရိုး၊ အကြောအဆစ် ဝေဒနာရှင် ၁၀၀၀ ကျော်ကို မတ် ၂ ရက်မှ ၅ ရက်အထိ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု ညောင်ကုန်းရွာ အလိုတော်ပြည့်ကျောင်း အခမဲ့ဆေးခန်း၌ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တက္ကသိုလ် ဧည့်ပါမောက္ခ အရိုး၊ အကြော၊ အဆစ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ထူး(MD.FRCS) နှင့်အဖွဲ့မှ လာရောက်အခမဲ့စမ်းသပ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"မြို့ပြနဲ့ ကျေးလက်နေ ပြည်သူတွေအကြား ကျန်းမာရေး စောင့်ရှောက်မှုရရှိတဲ့အနေအထား ကွာဟမှုမရှိအောင် ရည်ရွယ်ပြီးတော့ အခုလို အရိုး၊ အကြော၊ အဆစ် ဝေဒနာရှင်တွေကို အခမဲ့ကုသပေးတာပါ။ နိုင်ငံခြား ပြည်ပက ပြန်လာတိုင်း အခုလို အခမဲ့ဆေးကုသပေးမှုကို ဆောင်ရွက်ပေးနေတာ နှစ်နှစ်လောက်ရှိသွားပါပြီ။

"နတ်မောက်၊ မကွေး၊ အုတ်ဖို၊ သနပ်ပင်၊ မိုးကုတ်၊ ကွမ်းခြံကုန်းစတဲ့ မြို့တွေဘက်မှာလည်း အရိုး၊ အကြော ဝေဒနာရှင်တွေကို အခမဲ့ဆေးကုသပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်က သာစည် ညောင်ရမ်းကျေးရွာမှာမွေးဖွားခဲ့တဲ့သူမို့ သာစည်ဘက်မှာလည်း အခုလို အရိုး၊ အကြော၊ အဆစ်ဝေဒနာရှင်တွေကို သွားရောက်ကုသပေးသွားဖို့လည်း စီစဉ်နေပါတယ်။

"မိတ္ထီလာမှာတော့ မတ် ၂ ရက်မှ မတ် ၅ ရက်အထိ တစ်ရက်ကို ဝေဒနာရှင် ၂၀၀ နှုန်းနဲ့ ကုသပေးမယ်လို့ ကြေညာထားပေးမယ့် ကုသပေးမယ့် ငါးရက်တာကာလအတွင်းလာရောက်ပြတဲ့ ဝေဒနာရှင် ၁၀၀၀ ကျော် သွားရင်လည်း ဆက်လက်ကုသပေးမှာပါ"ဟု အရိုး၊ အကြော၊ အဆစ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ထူးက ပြောသည်။

မိတ္ထီလာတွင် အရိုး၊ အကြော၊ အဆစ်ဝေဒနာရှင်များ အခမဲ့ဆေးကုသခွင့်ရနိုင်ရေးအတွက် အမေရိကန်နိုင်ငံ ဖလော်ရီဒါတက္ကသိုလ်၊ အင်္ဂလန်နိုင်ငံ လီဗာပူးလ်တက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ်တို့တွင် ဧည့်ပါမောက္ခအဖြစ် အရိုး၊ အကြော၊ အဆစ် ပညာရပ်အား လက်တွေ့သင်ကြားပို့ချပေးနေသူ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ထူးအား ကုသိုလ်ယူအကျိုးဆောင်သူ ဦးဖြိုးနှင့် အလိုတော်ပြည့်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်တို့မှ ဖိတ်ကြားစီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

၎င်း အရိုး၊ အကြော၊ အဆစ် အခမဲ့စမ်းသပ်ကုသပေးရာနေရာသို့ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များရှိ ကျေးရွာဒေသများမှ ဝေဒနာရှင်များ နေ့စဉ်လာရောက်ကုသမှုခံယူလျက်ရှိပြီး အဆိုပါဝေဒနာရှင်များနှင့် လာရောက်ပို့ဆောင်သူများအတွက် နေ့လည်စာအား အလိုတော်ပြည့်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်မှ စီစဉ်ကျွေးမွေးလှူဒါန်းကြောင်းသိရသည်။

ချမ်းသာ(မိတ္ထီလာ)

သဘာဝဘေးအန္တရာယ် ဆူနာမီ အသိပေးနှိုးဆော်

ကော့သောင်း မတ် ၅

ဘုတ်ပြင်းမြို့တွင် သဘာဝဘေးအန္တရာယ်ဆူနာမီ အသိပေးနှိုးဆော်မှုလုပ်ငန်းများအား မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်းကာ မတ် ၂ ရက် ညပိုင်းက ပင်လယ်ကမ်းစပ်နေရပ်ကွက်များတွင် လိုက်လံဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် မတ် ၂ ရက် ည ၇ နာရီ ၄၉ မိနစ်က အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ ပဒန်းမြို့၏ အနောက်တောင်ဘက် ၅၀၂ မိုင်အကွာ၊ ပင်လယ်ပြင် ၁၀ ကီလိုမီတာအနက် နေရာကို ဗဟိုပြုပြီး ပြင်းအား ၈ ဒသမ ၁ ရှိငလျင် တစ်ခုလှုပ်ခတ်ခဲ့မှုကြောင့် ပင်လယ်ခြင်းဆက်စပ်ရာ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများသို့ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ရောက်ရှိလာနိုင်ခြေ ရှိခြင်းကြောင့် ပင်လယ်ကမ်းစပ်နေ ရပ်ကွက်များတွင် လိုက်လံဆောင်ရွက်ကြကြောင်း သိရသည်။

ယင်းအပြင် နိုင်ငံတကာသတင်းများအရ ဘုတ်ပြင်းမြို့ ပင်လယ်ကမ်းစပ်ရှိရာ လူနေရပ်ကွက်များမှ ပြည်သူများ သတိပြုနေထိုင်ကြရေး၊ မိမိတို့မိသားစုများ၏ အရေးကြီးစာရွက်စာတမ်းများ၊ အရေးပေါ်အသုံးအဆောင်၊ အစားသောက်ပစ္စည်းများ ကြိုတင်စုဆောင်း သိမ်းဆည်းထားနိုင်ရေး၊ မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်မီ ပြည်သူတို့၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ ဘုတ်ပြင်း(မြန်/ဆက်)

အပူဒဏ်နှင့်ကျန်းမာရေးအန္တရာယ်

ဒေါက်တာခင်မောင်လွင် (FAME)

မိုးလေဝသနှင့် ဇလဗေဒပညာရှင်များ၏ ခန့်မှန်းချက်အရ အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုကြောင့် ယခုနှစ်တွင် ခါတိုင်းနှစ်များနှင့်မတူဘဲ မြန်မာတစ်နိုင်ငံလုံးတွင် အပူချိန်ပိုမိုမြင့်တက်မှုများ ဖြစ်ပေါ်နိုင်ကြောင်းသိရှိရပြီး အထူးသဖြင့် နွေရာသီ၏အလယ်ကာလများဖြစ်သော မတ်၊ ဧပြီနှင့် မေလတို့တွင် ပိုမိုပူပြင်းခြောက်သွေ့မည်ဟု မျှော်လင့်ရပါသည်။ ထို့ကြောင့် ကြိုတင်ကာကွယ်ခြင်းဖြင့် အပူဒဏ်ကြောင့် ရောဂါများဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့လူသားများသည် သွေးနွေးသတ္တဝါအုပ်စုတွင်ပါဝင်ပြီး ခန္ဓာကိုယ်အပူချိန်အားဖြင့် 37℃(98℉)၌ ထိန်းသိမ်းထားရန်လိုအပ်ပါသည်။ မည်သို့ပင် ပြင်ပအပူချိန်ပြောင်းစေကာမူ ခန္ဓာကိုယ်တွင်းရှိ အပူချိန်မှာ ပြောင်းလဲလေ့မရှိပါ။ ဥပမာ ရေခဲသောဒေသများတွင် အပူချိန်သုညအောက် လျော့နည်းနေသော်လည်း ခန္ဓာကိုယ်အပူချိန်မှာ37℃ ၌ ရှိမြဲဖြစ်သည်။ ထိုကဲ့သို့ပင် ပြင်ပအပူချိန်မှာ 40-45° C ဖြစ်လာလျှင်လည်း ခန္ဓာကိုယ်အတွင်းပိုင်းအပူချိန်သည် 37℃ ၌ပင်ရှိနေရမည်ဖြစ်သည်။ သို့မှသာ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသည် ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်မှန်ကန်စွာပြုလုပ်နိုင်ပြီး လူလည်းကျန်းမာမည်ဖြစ်သည်။ ထိုကဲ့သို့ ခန္ဓာကိုအပူချိန် ထိန်းသိမ်းထားခြင်းကို အပူချိန်ထိန်းညှိခြင်း (Thermoregulation) ဟုခေါ်ပါသည်။ ခန္ဓာကိုယ်၏ အရေပြားတွင်ရှိသော ပြင်ပအပူချိန်ကို အာရုံခံနိုင်သည့် ဆဲလ်လေးများ (Thermoreceptors)မှတစ်ဆင့် အာရုံကြော (Unmyelinated C-fibres)သို့ ရောက်ရှိပြီးနောက် ဦးနှောက်တွင်ရှိသော သိုင်းလမတ် (Thalamus)သို့ သတင်းပို့ပေးရပါသည်။ ထို့နောက် လိုအပ်သော တုန့်ပြန်မှုကိုပြန်လည်ပြုလုပ်ပေးခြင်းဖြစ်သည်။ ပြင်ပရာသီဥတုသည် ခန္ဓာကိုယ်အပူချိန်ဖြစ်သော 37℃ ထက်ပိုပြီးပူလာလျှင် ခန္ဓာကိုယ်တုံ့ပြန်မှုအနေနှင့် အရေပြားအောက်တွင်ရှိသော သွေးကြောလေးများ ကျယ်လာကာ အရေပြားမှာနီရဲလာပါသည်။ ထို့နောက် ချွေးထွက်ပေါက်လေးများကျယ်လာကာ ချွေးပိုထွက်လာပြီ ချွေးနှင့်အတူ အပူများပါ ပါသွားသည့်အတွက် ခန္ဓာကိုယ်မှာအေးပြီး ကျန်ခဲ့ပါသည်။ သွေးကြောလေးများကျယ်လာသည့်အတွက် အရေပြားမျက်နှာပြင် (Surfacearea) ပိုမိုကျယ်ပြန့်သွားသောကြောင့် အပူဆုံးရှုံးမှုပိုများလာစေပါသည်။ ယင်းနည်းဖြင့် အပူများကိုဆုံးရှုံးလာပြီး ပြင်ပအပူချိန်တက်သလောက် ခန္ဓာကိုယ်အပူချိန်မတက်စေရန် ထိန်းသိမ်းပေးပါသည်။ သို့သော်ထိုကဲ့သို့ထိန်းသိမ်းခြင်းသည်လည်း အတိုင်းအတာတစ်ခုထိသာဖြစ်ပြီး ထိန်းသိမ်းမရခဲ့သည် အခြေအနေမျိုးတွင် ခန္ဓာကိုယ်အပူချိန် မြင့်တက်လာနိုင်ပါသည်။ ထိုကဲ့သို့မြင့်တက်လာလျှင် ခန္ဓာကိုယ်ကျန်းမာရေးကို ထိခိုက်လာပါတော့သည်။ ထိုကဲ့သို့ထိခိုက်ခြင်းကို အပူချိန်ကြောင့်ဖြစ်သောရောဂါလက္ခဏာ (၃)မျိုး (Three heat-erlated syndrome) ဟူ၍ အဆင့် (၃)ဆင့်ခွဲထားပါသည်။

(၁) ပထမအဆင့်အနေနှင့်အပူဒဏ်ကြောင့် ကြွက်သားများ ကြွက်တက်ခြင်း (Heat cramp) ဖြစ်ပေါ်လာမည်ဖြစ်သည်။

(၂) ဒုတိယအနေနှင့် အပူကြောင့်အားအင်ကုန်ခန်းချည့်နဲ့ခြင်း (Heat exhaustion)ဖြစ်သည်။

(၃) တတိယအဆင့်မှာ အပူလျှပ်၍သတိလစ်ခြင်း (Heatstroke)ဟု ခေါ်ပါသည်။

စုစုပေါင်းအဆင့် (၃)ဆင့်ဖြစ်ပြီး အဆင့်တစ်ခုစီအလိုက် သက်ဆိုင်ရာ ကုသမှုလည်းအနည်းငယ်စီခြားနားပါသည်။ အပူချိန်မြင့်မားမှုကြောင့် ခန္ဓာကိုယ်တွင်ဖြစ်ပေါ်လာသော ရောဂါလက္ခဏာစု (၃)ခုထဲတွင် ပထမအဆင့်အနေနှင့် ဖြစ်လေ့ရှိသော အပူကြောင့်ကြွက်တက်ခြင်း (Heat cramp)ဆိုသည်မှာ ပူပြင်းသောရာသီဥတုအောက်တွင် ကိုယ်လက်လှုပ်ရှားမှု ပြင်းပြင်းတန်တန် လုပ်ကိုင်သောကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ အထူးသဖြင့် ရေနှင့်ဓာတ်များ လိုအပ်သည်ထက် လျော့နည်းသွားခြင်းကြောင့်ဖြစ်ပြီး ခြေသလုံးကြွက်သားများကြွက်တက်ခြင်းက အရင်ဆုံးစဖြစ်လေ့ရှိသည်။ ထို့နောက်လက်မောင်းကြွက်သားများ၊ ဗိုက်ကြွက်သားများနှင့် ခါးနောက်က ကြွက်သားများပါ ဖြစ်လာနိုင်ပါသည်။ ထိုကဲ့သို့ဖြစ်ပေါ်လာလျှင် ပြုစုကုသရမည့်နည်းလမ်းမှာလည်း လွယ်ကူပါသည်။

(၁) ပထမဆုံးကြွက်တက်သည်နှင့် လက်ရှိလှုပ်ရှားမှုများကို ချက်ချင်းရပ်ပြီး အနားယူရပါမည်။

(၂) အပူချိန်များသောပတ်ဝန်းကျင်(ဥပမာ နေပူထဲတွင်)ဖြစ်ပါက အေးပြီးအရိပ်ရသည့်နေရာ (ဥပမာ သစ်ပင်အောက်(သို့မဟုတ်)အဆောက်အအုံအတွင်း)ကို ရွှေ့ပေးရပါမည်။

(၃) ဓာတ်ဆားထုပ်ကိုရေနှင့် အချိုးကျဖျော်၍ ဝင်သလောက်တိုက်ပေးခြင်းမှာ အကောင်းဆုံးဖြစ်ပြီး အကယ်၍ ဓာတ်ဆားရည်တိုက်မရလျှင် အုန်းစိမ်းရည်ဖြစ်စေ၊ သဘာဝသစ်သီးဖျော်ရည် (ဥပမာ သံပရာရည်၊ နာနတ်သီး ဖျော်ရည်) တို့ကိုဖြစ်စေတိုက်နိုင်ပါသည်။

(၄) ကြွက်တက်သည့်နေရာကို လက်နှင့်အသာလေးဖိနှိပ်ပေးပြီး ညင်ညင်သာသာ ဆွဲဆန့်ပေးရပါမည်။ ကြွက်တက်သည့်နေရာနှင့် ဆန့်ကျင်ဘက်ကို ဖြည်းဖြည်းချင်းဆွဲဆန့်ပေးရမည်ဖြစ်ပြီး ပြင်းပြင်းထန်ထန်မလုပ်သင့်ပါ။

(၅) ကြွက်တက်ပြေသွားသည်နှင့်လက်ရှိလုပ်နေသော ကိုယ်လက်လေ့ကျင့်ခန်းများကိုဖြစ်စေ၊ အလုပ်များကိုဖြစ်စေ၊ ဆက်လက်လုပ်ကိုင်ခြင်းမပြုဘဲ အိမ်သို့ပြန်အနားယူရပါမည်။

(၆) အကယ်၍ တစ်နာရီအတွင်းကြွက်တက်ခြင်း မပျောက်ကင်းပါက နီးရာဆေးရုံဆေးခန်းသို့ ပို့ပြီး ဆရာဝန်နှင့် ပြသ၍ လိုအပ်သလိုကုသမှုခံယူရပါမည်။

အပူကြောင့်ဖြစ်သော ကျန်းမာရေးပြဿနာသုံးခုအနက်ပထမအဆင့်ဖြစ်သည့် အပူကြောင့်ကြွက်တက်ခြင်းတက် ပိုမိုဆိုးရွားလာပါက အပူကြောင့် အားအင်ကုန်ခန်းချည့်နဲ့ခြင်း (Heat exhaustion)ဖြစ်ပေါ်တတ်ပါသည်။ အဓိက ဖြစ်ရသောအကြောင်း အရင်းမှာပတ်ဝန်းကျင် အပူချိန်မြင့်မားနေသည့်အချိန်အထူးသဖြင့်နေ့လယ်ခင်းတွင် ခန္ဓာကိုယ်လှုပ်ရှားမှုကို လုပ်သင့်သည်ထက်ပိုမိုလုပ်ဆောင်ခြင်း၊ (Strenous physical activity)ကြောင့် ဖြစ်သည်။ အထူးသဖြင့် လေထုစိုထိုင်းဆမြင့်မားနေသာ နေရာဒေသ (High humidity)များတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။ ခန္ဓာကိုယ်လှုပ် ရှားမှုဆိုရာတွင် လမ်းလျှောက်ခြင်း၊ ပြေးလွှားခြင်း၊ အားကစားတစ်ခုခုပြုလုပ်ခြင်းနှင့် နေပူထဲအလုပ်လုပ်ခြင်း အစရှိသဖြင့် အားလုံး အကျုံးဝင်ပါသည်။ အရေပြားသည် ချွေးများထွက်ပြီးစိုနေသောကြောင့် အေးစက်နေမည်ဖြစ်ပြီး အထူးသဖြင့် ခြေဖျားလက်ဖျားများ အေးနေတတ်ပါသည်။ ထို့အပြင် လူမှာမလှုပ်ရှားချင်ဖြစ်ပြီး ရပ်သေးကြိုးပြတ် ပုံစံဖြစ်နေပါမည်။ ကြွက်တက်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ခေါင်းမကြည်လင်ခြင်းတို့ဖြစ်ပေါ်တတ်ပြီး သွေးပေါင်ချိန် (Blood pressure)တိုင်းကြည့်ပါက ကျနေသည်ကိုတွေ့ရပါမည်။ အထူးသဖြင့်မတ်တတ်ရပ်လိုက်လျှင် ပိုကျသွားပါမည်။ ထို့နောက်သွေးခုန်နှုန်းမြင့်တက်နေပြီး လက်မောင်းသွေးလွှတ်ကြော (Pulse)မှာ အားနည်းပြီးမြန်နေသည်ကိုတွေ့ရပါမည်။ ထိုလက္ခဏာများနှင့် ကိုက်ညီပါက အပူကြောင့်အားအင်ကုန်ခန်းချည့်နဲ့ခြင်းဟု သတ်မှတ်နိုင်ပါသည်။

ထိုရောဂါလက္ခဏာများဖြစ်ပွားနေသူကို ပြုလုပ်ရမည့်ကုသမှုများမှာ ပထမဖော်ပြခဲ့ပြီးဖြစ်သည့်အပူကြောင့်ကြွက်တက်ခြင်းတွင်ပြုလုပ်သကဲ့သို့ပင်ဖြစ်သည်။ သို့သော်ကြွက်တက်သည့်အဆင့်ထက်ပိုမိုဂရုစိုက်ရန်လိုအပ်ပါသည်။

(၁) လူနာကို လက်ရှိလုပ်နေသည့်အလုပ်များ ချက်ချင်းရပ်ပြီး အနားယူခိုင်းရပါမည်။

(၂) နေပူထဲတွင်ရှိနေပါက အရိပ်ရသည့်နေရာကို ချက်ချင်းရွှေ့ရပါမည်။ သစ်ပင်အောက်လိုနေရာမျိုးကိုအရင်ရွှေ့ပြီးမှ အဆောက်အအုံထဲကို ဆက်ရွှေ့ပြီး အေးသည့်အခန်းတွင်ထားရပါမည်။ အခန်းကိုလေဝင်လေထွက်ကောင်းအောင်ပြုလုပ်ရပါမည်။ ထို့နောက် ယပ်ခတ်ပေးခြင်း၊ ပန်ကာလေနှင့်မှုတ်ပေးခြင်းတို့ ပြုလုပ်နိုင်ပါသည်။

(၃) ဓာတ်ဆားရည် သို့မဟုတ် အုန်းစိမ်းရည်နှင့် သဘာဝသစ်သီးဖျော်ရည်တို့ကို တိုက်ရပါမည်။

(၄) အဝတ်အစားများကြပ်နေပါက ချောင်ချောင်ချိချိဖြစ်သော အဝတ်နှင့်လဲပေးရပါမည်။ အဝတ်လဲနေသည့်အချိန်တွင် ရေဖတ်တိုက်ပေးနိုင်ပါမည်။ အရောင်ဖျော့ပြီး သဘာဝချည်သား အဝတ်အထည်များနှင့် လဲပေးရပါမည်။ အဝတ်လဲနေသည့်အချိန်တွင် ရေပတ်တိုက်ပေးနိုင်ပါသည်။

ပြင်ပအပူချိန်မြင့်သောနေရာတွင် နေတာကြာသွားလျှင် ခန္ဓာကိုယ်တွင်းရှိအပူချိန်မှာ ရုတ်တရက် (Dramatically)၊ မြင့်တက်လာခြင်း (Hyperthetmia)၊ ရေဓာတ်များခန်းခြောက်ခြင်းနှင့် (Dehydration)၊ ချွေးလုံးဝမထွက်တော့သည့်အခြေအနေ (Absence of sweating)ကို ရောက်သွားပြီး အသားများပူကာနီရဲနေပါမည်။ ထိုကဲ့သို့ဖြစ်သည့်အတွက် ဦးနှောက်၏လုပ်ငန်းဆောင်တာများကို ထိခိုက်ပြီး စိတ်ရှုပ်ထွေးခြင်း (Confusion)၊ စိတ်ဆတ်ခြင်း (Agitation)နှင့် ကယောင်ကတမ်းဖြစ်ခြင်း (Disorientation)များ ဖြစ်ပေါ်ရာမှ သတိလစ်သည်အထိ (Coma) ဖြစ်ပေါ်တတ်ပါသည်။ ထိုကဲ့သို့ဖြစ်ပါက အရေးပေါ်အခြေအနေ (Medical emergency)ဖြစ်သောကြောင့် ဆေးရုံကိုအမြန်ဆုံးပို့ပြီး မြန်မြန်ဆန်ဆန် ကုသမှုခံယူရန်လိုအပ်ပြီး အချိန်မီမရောက်ရှိပါက အသက်ဆုံးရှုံးနိုင်ပါသည်။

အပူလျှပ်၍သတိလစ်ခြင်း (Heat stroke)၏ အဓိကပြဿနာနှစ်ခုမှာ ကိုယ်အပူချိန်မြင့်တက်ခြင်း (> 100℉) နှင့်ရေဓာတ်ခန်းခြောက်ခြင်း (Severe dehydration)တို့ဖြစ်သောကြောင့် ဤနှစ်ခုကိုအမြန်ဆုံးကုသပေးရန် လိုအပ်ပါသည်။

(၁) ကိုယ်အပူချိန်လျော့ကျစေရန်အတွက် အေးပြီးသက်သောင့်သက်သာရှိမည့် အခန်းထဲတွင် လူနာကိုထားရပါမည်။ ထို့နောက် အကျီအဝတ်အစားများကို ချည်ထည်ပွပွများနှင့်လဲပေးပြီး ရေအေးနှင့်ရေဖတ်တိုက် ပေးရပါမည်။

(၂) ရေဓာတ်ခန်းခြောက်ခြင်းအတွက် ဒရစ်လိုင်း (Dripline)တင်ပြီး ရေနှင့်ဓာတ်ဆားများ အမြန်ဆုံးဖြည့်တင်းပေးရပါမည်။ သတိလစ်နေလျှင် ပါးစပ်ကမသောက်နိုင်သည့်အတွက် လိုအပ်လျှင်နှာခေါင်းပိုက်ထည့်ပြီး အစာအိမ်ထဲသို့ ထည့်ပေးရပါမည်။

(၃) လူနာအခြေအနေမှာ စိုးရိမ်ရသည့်အတွက် အနီးကပ်စောင့်ကြပ်ကုသပေးရန်လိုအပ်ပြီးလူနာ၏သွေးပေါင်ချိန်၊ နှလုံးခုန်နှုန်းနှင့် သတိရမှုအခြေအနေများကို မပြတ်စောင့်ကြည့်ရပါမည်။ အပူကြောင့် အဓိကအန္တရာယ်ဖြစ်နိုင် သောအုပ်စုများရှိပြီး ထိုလူများသည် ပိုမိုသတိထားရန်လိုအပ်ပါသည်။

ကလေးငယ်တွေ (Infants and children) ကလေးများကို နေပူထဲသို့ခေါ်သွားခြင်း၊ နေပူထဲတွင် ကစားခွင့်ပေး ခြင်းတို့မပြုလုပ်ရပါ။ နိုင်ငံခြားတွင် ရာသီဥတုပူချိန်၌ ကလေးကိုကားထဲအလုံပိတ်ပြီး မိခင်ဖြစ်သူကဈေးသွားဝယ်နေစဉ်အပူလွန်ကဲပြီးသေဆုံးသွားသည့်သာဓကများကို မကြာခဏတွေ့ရပါသည်။

သက်ကြီးရွယ်အိုတွေ (The elderly)

အသက်အရွယ်ကြီးသူများသည် လူငယ်များထက် ရေဓာတ်ခန်းခြောက်ရန် (Dehydration) အလားအလာ ပိုများပါသည်။ ချွေးလည်းကောင်းကောင်းမထွက်နိုင်သောကြောင့် ကိုယ်အပူချိန်ရုတ်တရက်မြင့်တက်ခြင်းမျိုး ဖြစ်ပွားနိုင်ပါသည်။ အသက်ကြီးသူများတွင် ဖြစ်လေ့ရှိသောရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆုတ်နှင့် လေပြွန်ရောဂါ၊ ကျောက်ကပ်အားနည်းသည့်ရောဂါများလည်း ရှိနေတတ်သောကြောင့် ပိုမိုဆိုးရွားနိုင်ပါသည်။ ထို့အပြင် သောက်သုံးနေကျဆေးများသည်လည်း ပိုများတတ်သောကြောင့် အချို့ဆေးများသည် အပူချိန်ကြောင့် သတိလစ်မေ့မြောခြင်းဖြစ်ရန် အားပေးသလိုဖြစ်နေတတ်ပါသည်။

စာမျက်နှာ ၂၁ သို့

အသက်အရွယ်ကြီးသူများသည် လူငယ်များထက်ရေဓာတ်ခန်းခြောက်ရန် (Dehydration) အလားအလာ ပိုများပါသည်။ ချွေးလည်းကောင်းကောင်း မထွက်နိုင်သောကြောင့် ကိုယ်အပူချိန်ရုတ်တရက်မြင့်တက်ခြင်းမျိုးဖြစ်ပွားနိုင်ပါသည်။ အသက်ကြီးသူများတွင် ဖြစ်လေ့ရှိသောရောဂါများ ဖြစ်သည့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆုတ်နှင့် လေပြွန်ရောဂါ၊ ကျောက်ကပ်အားနည်းသည့်ရောဂါများလည်း ရှိနေတတ်သောကြောင့် ပိုမိုဆိုးရွားနိုင်ပါသည်။

အဿတိုရ်မြင်း ဇက်ကြိုးတင်း ဘေးကင်းရန်ကွာ စီးတတ်ရာတည့်

ခ ကိုရင်ဩ

Facebook ကဲ့သို့သော လူမှုကွန်ရက် ဝက်ဘ်ဆိုက်များကို အသုံးပြု၍ အာရှတိုက်၌ တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းဝယ်မှုများ ပြုလုပ်နေကြောင်း သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုလိုက်ရပေရာ အပြစ်မဲ့ သတ္တဝါများပင် ဘာသာဘာဝ အေးချမ်းစွာ မနေကြရပါတကားဟု ကျွန်ုပ်တွေးတောမိရင်း ရင်သပ်မိလေ၏။

ကွတ်တမ်းဝင်နိုင်ခြင်း မရှိသေးသော သတ္တဝါများ အစုအရုံးပြု တစ်သိုက်တစ်ဝန်းကြီးနေထိုင်ရာ ကျွန်ုပ်တို့၏ ကမ္ဘာကြီးတွင် အသိဉာဏ်မြင့်မားသော လူသတ္တဝါက အသိဉာဏ်နိမ့်ပါးသော အပတ်တိရစ္ဆာန်တို့ အပေါ် အနိုင်ယူလွှမ်းမိုးမှုများ ပြုမှုပြုတတ်ကြပေလေတယ်ဟူ၍ ကျွန်ုပ်ရေရွတ်မိရင်း ယင်းသတင်းပါ အချက်အလက်များကို တုန်တုန်ယင်ယင်ဖြင့် ဆက်လက်ဖတ်ရှုမိလေသည်။

Facebook ကဲ့သို့သော ဆိုရှယ်မီဒီယာကို လူထုဆက်သွယ်ရေး ပလက်ဖောင်းတစ်ခုသဖွယ် အသုံးချကာ အာရှတိုက်၌ တောရိုင်းတိရစ္ဆာန်များကို တရားဥပဒေမဲ့ ကုန်သွယ်ဖောက်ကားနေသည်။ သဘာဝပတ်ဝန်းကျင် လေ့လာစောင့်ကြည့်ရေးအဖွဲ့ အစည်းတစ်ရပ်ဖြစ်သော Traffic အဖွဲ့က ပြောကြားလေသည်။

ဗြိတိန်နိုင်ငံအခြေစိုက် Traffic အဖွဲ့သည်ကား ကမ္ဘာ့တောရိုင်း ရန်ပုံငွေအဖွဲ့နှင့် နိုင်ငံတကာသဘာဝ ထိန်းသိမ်းစောင့်ရှောက်ရေး သမဂ္ဂတို့နှင့် မဟာမိတ်ဖွဲ့ကာ လုပ်ကိုင်နေပြီး ကမ္ဘာတစ်လွှားတောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုကို လေ့လာစောင့်ကြည့်နေသည့် အဖွဲ့ဖြစ်၏။

မျိုးသုဉ်းမည့် ဘေးအန္တရာယ်သင့်နေသော တိရစ္ဆာန်ထောင်ပေါင်းများစွာကို Facebook ဖိုရမ်များမှ တစ်ဆင့် ကုန်သွယ်ရောင်းဝယ်နေခြင်းအတွက် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်း စောင့်ရှောက်သူများမှာ ယူကျုံးမရ အပူလုံးကြွကြွရလေသည်။

မလေးရှားနိုင်ငံ၌ Facebook မှ တစ်ဆင့် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားနေသော ဂိုဏ်း ၁၄ ဂိုဏ်းကို လေ့လာစောင့်ကြည့်ခဲ့ရာတွင် အလှမွေးတိရစ္ဆာန်များအဖြစ် တောရိုင်းတိရစ္ဆာန်ကောင်ရေ ၃၀၀ ကျော်ကို ရောင်းချပေးခဲ့ကြောင်း တွေ့ရသည်ဆို ၏။

အရှေ့တောင် အာရှရှိ အပူပိုင်း မိုးသစ်တော များအတွင်း ကျက်စားနေထိုင်သော ပသျှူးဝက်ဝံသတ္တဝါများ၊ မျောက်လွဲကျော်များ အပါအဝင် တောရိုင်းတိရစ္ဆာန်များကို Facebook မှတစ်ဆင့် တရားမဝင်ရောင်းဝယ် နေကြပြီး အိမ်မွေးတိရစ္ဆာန်ချစ်သူများကို ဖောက်သည်များအဖြစ် ဆွဲဆောင်စည်းရုံးနိုင်ရန် တောရိုင်းတိရစ္ဆာန် ဥပဒေမဲ့ ရောင်းချသူများက ကြိုးပမ်းလျက်ရှိကြသည်ဆို၏။

မလေးရှားနိုင်ငံ၌ တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ရေး ဈေးကွက်ပေါ်ထွန်းနေပြီး ယင်းနိုင်ငံရှိ ဂိုဏ်းများသည် အခြားသော အရှေ့တောင်အာရှနိုင်ငံများရှိ ဂိုဏ်းများထက် သိသိသာသာ လှုပ်ရှားနေကြလေသည်။

ဆိုရှယ်မီဒီယာ အားကောင်းလာသော မလေးရှားနိုင်ငံ၌ မကြုံစဖူး ထူးထူးကဲကဲ တိရစ္ဆာန်ရောင်းဝယ်ရေး အွန်လိုင်းဈေးကွက် ပေါ်ထွန်းလာခြင်းတည်း။

ဆိုရှယ်မီဒီယာမှတစ်ဆင့် တောရိုင်းတိရစ္ဆာန်များအား ဥပဒေမဲ့ရောင်းဝယ်မှုအခြေအနေကို သိရှိနိုင်ရန် သုတေသီတို့က ၂၀၁၃ ခုနှစ်မှစ၍ လေ့လာစောင့်ကြည့်ခဲ့ကြသည်ဖြစ်၏။

အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်နေသည့် တောရိုင်းတိရစ္ဆာန်အမျိုးပေါင်း ၈၀ အထိရှိနေပြီး ယင်းတို့အနက် ၆၀ ရာခိုင်နှုန်းကျော်မှာ မလေးရှားမျိုးရင်း တောရိုင်းတိရစ္ဆာန်များဖြစ်ကြသည်။

Facebook Groups ၁၄ ခုအနက် အများစုမှာ အဖွဲ့ဝင်ဖြစ်မှသာ ဝင်ရောက်ကြည့်ရှုနိုင်ပြီး အဖွဲ့ဝင် ပေါင်း ၆၈၀၀၀ အထိ ရှိနေသည်ဟု ဆိုသည်။

Facebook ဆိုရှယ်မီဒီယာလုပ်ငန်း အာဏာပိုင်များကမူ မျိုးသုဉ်းနိုင်သော တောရိုင်းတိရစ္ဆာန်များအား ကုန်သွယ်ရောင်းဝယ်ခြင်းကို ခွင့်ပြုပေးခြင်းမရှိဟု ဆိုသည်။ Facebook ၏ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများအား ချိုးဖောက်လျက် ဖော်ပြမှု မှန်သမျှကို ချက်ချင်းဖယ်ရှားပစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားလေသည်။

ကြော်ငြာရှင်သုံးသန်း

ယနေ့ကာလတွင် Facebook ကို အသုံးပြု၍ ကြော်ငြာနေသည့် ကြော်ငြာရှင်ပေါင်းမှာ သုံးသန်းအထိ ရှိသည်။ ကြော်ငြာရှင် အများစုမှာ စီးပွားရေးလုပ်ငန်းငယ်များဖြစ်ကြသည်ဟု Facebook ၏ လုပ်ငန်းဆောင်ရွက်ရေးအရာရှိ ရှာရီဆန်းဘတ်က မတ် ၂ ရက်တွင် ယူအက်စ်အေ တူဒေးသတင်းစာသို့ ပြောကြားခဲ့သည်။

Facebook ကိုအသုံးပြု၍ ကြော်ငြာသူဦးရေမှာ တစ်နှစ်အတွင်း ၅၀ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းမှာ ဆိုရှယ်မီဒီယာလောကတွင် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူခြင်းဖြစ်သည်။

မျောက်လွဲကျော်ကို Facebook မှ တစ်ဆင့် ရောင်းချနေပြီ။
ဓာတ်ပုံ- Telegraph

Facebook ၏ ပြိုင်ဘက် Twitter မှာမူ ကြော်ငြာရှင် ၁၃၀၀၀ မျှသာရှိသည်ဟု ဆို၏။

ကမ္ဘာတစ်ဝန်းတွင် ကျယ်လာနေသော Facebook သည် အကျိုးသက်ရောက်မှုကြီးမားလှပြီး ကောင်းကျိုး၊ ဆိုးပြစ် နှစ်မျိုးနှစ်ထွေ ပျက်သုဉ်းနေသည်ဟု ရှုမြင်ရလေသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်သည် Facebook ၏ အရှက်ဦးဖြစ်၏။ အကြောင်းမှာ အမေရိကန် ဟားဗတ်ကောလိပ်မှ မာ့ဇူကာဘတ်နှင့် အဖော်တစ်သင်းတို့က Facebook ဝက်ဘ်ဆိုက်ကို စတင်ထူထောင်ခဲ့ခြင်းကြောင့်တည်း။

ယနေ့ကာလမူ ကမ္ဘာတစ်ဝန်း၌ Facebook ကို တက်တက်ကြွကြွသုံးစွဲသူသန်း ၁၀၀၀ကျော် ရှိလာသည်။ ကမ္ဘာပေါ်တွင် တတိယမြောက်လူဦးရေ အများဆုံးဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ လူဦးရေမှာ ၃၂၂ သန်း ရှိလေရာ နိုင်ငံလူဦးရေ သုံးဆကျော်အထိ ရှိနေသည့် ပမာဏဟု ဆိုနိုင်သည်။

နိုင်ငံတကာတွင် ပျံ့နှံ့လာသော Facebook မှာ လူပေါင်းစုံက ဝိုင်းပြုံသုံးနေသော ဆိုရှယ်မီဒီယာဖြစ်ခြင်းကြောင့် ကောင်းဆိုးနှစ်ထွေ ရောသမမွှေနေသည့် ထွေထွေလည်လည် လူထုဆက်သွယ်ရေးကိရိယာ တစ်ခုဟု ဖော်ကျူးနိုင်ပေမည်။

ကမ္ဘာ့လူသားများ ပတ်ချာလည်ကာ သုံးစွဲနေကြသော Facebook သည် သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေးဖြစ်ရကား လူကျင့်ဝတ်နှင့်အညီ သုံးစွဲသင့်သည်သာတည်း။ Facebook သုံးစွဲမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပင်စရာအကြောင်းခြင်းရာ အများအပြားရှိသည့်အနက် အဓိက စိုးရိမ် ပူပင်စေရာ တစ်ရပ်မှာ ပုဂ္ဂလိကအတွင်းရေး ပေါက်ကြားနိုင်မှု ဖြစ်သည်ကို ကျွန်ုပ်တို့ သတိချပ်အပ်ရာ၏။

ကျောင်းသူ၊ ကျောင်းသားများ အနေဖြင့် Facebook စာမျက်နှာများပေါ်တွင် ငုတ်တုတ်မေ့နေကြပါမူ ပညာရေးတွင် ညှိုးဖျင်းသွားတတ်သည်ဟု ကျွန်ုပ် သတိပေးလိုသည်။ တစ်ကိုယ်ရေသုံးကွန်ပျူတာ(ပီစီ)ဖြင့် ရော၊ မိုဘိုင်းဖုန်းဖြင့်ပါ သုံးစွဲနိုင်သော Facebook သည် ကျောင်းသူ၊ ကျောင်းသားများ၏ ပညာဆည်းပူးလေ့လာရမည့် အချိန်ကိုဖြုန်းတီးရာရောက်နိုင်ကြောင်း မောင်တို့ မယ်တို့ နှလုံးမူရာ၏။

ပညာရှာချိန်တွင် မိတ်ဟောင်း၊ မိတ်သစ်များနှင့် ချိတ်ဆက်မှု လွန်လွန်ကဲကဲ ပြုမှုမိချေက ပညာရှာဖွေချိန်နည်းပါးနိုင်ပြီး ပညာရေးတက်လမ်း ဖောက်ထိုးမိုးမျှော်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ဆိုရသော် လွန်အံ့မထင်နိုင်ပေ။ သို့ဖြစ်ရကား "အချိန်စား"(အချိန်ဖြုန်း) တတ်သော Facebook ၏ ချုပ်တိပေါင်း အတွင်းတွယ်ငြိနေခြင်း မဖြစ်အင်ခဲ့။

ခေတ်ကာလသားမီးများရော၊ အရွယ်ရောက်ပြီးသူ လူကြီးသူမျှားပါ Facebook ကို စွဲစွဲလမ်းလမ်း နှိုဝ်မင်မင် အချိန်ပေးသုံးနေကြလျှင် လွတ်လပ်စွာပြောဆိုခွင့်၏ သားကောင်းအစသို့ အမှတ်ထင်ကရောက်ပေလိမ့်မည်။

"အင်တာနက်မှတစ်ဆင့် အနိုင်ကျင့်မှု" (Cyberbullying)ကြောင့် ကလေးများ မိမိကိုယ်မိမိ အဆုံးစီရင်သည့် ဖြစ်ရပ်များ ငိုမိဖြစ်ပေါ်လာသည်ဟု ကျွန်ုပ်လေ့လာသိရှိရပြီး လူမှုရေးပြဿနာများ တိုးပွားလာမှုကိုလည်း မမေ့မလျော့သင့်ပြု ဆင်ခြင်ရမည်သာနည်း။

Facebook ၏ အားနည်းချက်အချို့နှင့် ကျွန်ုပ်တို့တွေ့မြင်နေကျ အားနည်းချက်တစ်ရပ်သည်အား အတုအယောင်စာမျက်နှာ များဖြစ်၏။ ကလိမ်ချိုသူများသည် Account အတုကို အသုံးပြု၍ Facebook စာမျက်နှာများပေါ် ညာဝါဖြန်းသန်း လှုပ်ရှားတတ်ကြ၏။ အချို့သော Facebook account တို့မှာ "ဟက်ကာများ" ဖြစ်ကြပြီးလျှင် ကိုယ်ရေးကိုယ်တာ သတင်းအချက်များကို ခိုးယူခြင်း၊ ၎င်းတို့၏ အကျိုးစီးပွားအတွက် ကလိမ်ငွေကြေးဆင်ခြင်းတို့ပြုတတ်ကြသည်။ ဤတွင်ရွှေကား ကလိမ်ချိုသမားကိုက ဉာဏ်နက်သုံးကာ လိမ်ညာလှည့်ဖျားတတ်ပုံကို သတိမူကြပါလေ။

လည်ပင်းရှည် ဝင်လယ်လိပ်ကို Facebook မှတစ်ဆင့် ရောင်းချနေပြီ။
ဓာတ်ပုံ- Flickr

Facebook၏ ပျော့ကွက်တစ်ရပ်မှာ မူးယစ်ပမာသုံးစွဲသူကို စွဲလမ်းတတ်စေခြင်းဖြစ်သည်။ Facebook နှင့် Gourmet Ranch၊ Dessert Shop တို့ကဲ့သို့ စွဲလမ်းတတ်သော ဂိမ်းများရှိသည်။ အုပ်စုဖွဲ့၍ ကစားနိုင်သော ဂိမ်းများသည် လူသစ်များ ပါဝင်ကစားရန် ဆွဲဆောင်နိုင်ရာ ဆင်သေကောင်နား တဝဲလည်လည်ဖြစ်မိသော ကျီးမိုက်ပမာ ဒုက္ခပင်လယ်ဝသို့ပြန်လမ်းမရှိ ရောက်သွားနိုင်မည်ကို သတိထားရလိမ့်မည်။

မိမိတို့၏ ဓာတ်ပုံကို Facebook ပေါ်တွင်တင်မိပြီဆိုလျှင် မသမာသူများက ယင်းဓာတ်ပုံကို "ဒေါင်း" ပြီး အလွဲအသုံးချတတ်နိုင်၏။ ကိုယ်ရေး အတ္ထုပ္ပတ္တိပုံဟူသမျှ အမှားဖြည့်သူ ရှေ့မှောက်သို့ ဖြားပြားဝင်ရောက်နိုင်ပုံကိုလည်းသတိပြုဆင်ခြင်ပါလေ။

မိမိတင်မိခဲ့သော ဓာတ်ပုံများကြောင့် နောင်တစ်ချိန်တွင် နောင်တကြီးကြီးရတတ်သည့် အဖြစ်ဆိုးမျိုးကိုလည်း တွေ့ကြုံရတတ်လေသည်။

Facebook ကို မိတ္တဗလတိုးစေခြင်း၊ ရပ်ဝေးရောက်မိတ်သဂ်ဟများနှင့် ဆွေမျိုးဉာတကာတို့နှင့် အလွမ်းသည်နိုင်ခြင်းတို့အတွက် အသုံးပြုလျှင်မူကား တော်တည့်ကောင်းမွန်လှ၏။

ဘဝအမြင်ကျယ်စေဖို့၊ ဗဟုသုတရှာမှီးနိုင်ဖို့၊ ပေါ်ပေါက်စေ အပန်းဖြေနိုင်ဖို့ Facebook ကိုသုံးကြပါလျှင် ကောင်းကျိုးရမည်မှာ တတ်အပ်သေချာလှ၏။

အတွေးအမြင်၊ ဖလှယ်ခြင်း၊ အရေးအရာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးငြင်းခုံခြင်း၊ ဝါသနာတူ ပုဂ္ဂိုလ်အချင်းချင်း တို့ဖြန့်သံများ ကြားသိစေခြင်း၊ အချိန်နှင့်တစ်ပြေးညီ တစ်ဦးနှင့်တစ်ဦး ခိုတ်ဆက်နိုင်ခြင်းတို့သည်ကား Facebook ၏ ကောင်းကျိုးပြုနိုင်ပုံများဖြစ်ပေလိမ့်မည်။

အကျော်ဒေးယ ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံခွင့်ရခြင်း၊ လူမှုဆက်ဆံရေး စွမ်းရည်မြင့်တင်ခြင်း၊ ကျောင်းသူ၊ ကျောင်းသား၊ နှီးသူနှီးသားများအချင်းချင်း တိုင်ပင်နှီးနှောနိုင်ခြင်း၊ မိတ်ဖွဲ့ထားသူများနှင့် ပျော်ပျော်ပါးပါး စကားစမြည်ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ စီးပွားရေးလုပ်ငန်းဆောင်တာများကို မြှင့်တင်နိုင်ခြင်း ပျင်းရိငြီးငွေ့ဖွယ် ဆောင်နှင်းရချိန်မျိုးတွင် စိတ်လက်ပေါ့ပါးနိုင်ရန် သုံးစွဲနိုင်ခြင်း စသည်တို့မှာကား Facebook ၏ အပေါင်း လက္ခဏာများဖြစ်ပေမည်။

လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် ကိုယ်ချင်းစာနာမှုအရ စောင့်စည်းလိုက်နာအပ်သော ကောင်း မြတ်သည့် အပြုအမူ အပြောအဆိုစိတ်နေစိတ်ထားသည် သူတော်ကောင်းတို့၏ အလေ့အထဖြစ်၏။

အဿတိုရ်မြင်း(ခေါ်) မြင်းပုံ၏ ကေးဇူးကို ကျွမ်းကျင်စွာ စီးနင်းသော လူတွင်မှ သိရဘိသကဲ့သို့ Facebook (ခေါ်) လူမှုကွန်ရက်မီဒီယာ၏ ကျေးဇူးကို လူကျင့်ဝတ်နှင့်အညီ လိမ္မာစွာ သုံးတတ်သူတွင်မှ ရရှိနိုင်ပေရာ အဿတိုရ်မြင်း ဇက်ကြိုးတင်း၊ ဘေးကင်းရန်ကွာ စီးတတ်ရာတည့်ဟူ၍ ကျွန်ုပ်ကျူးရင့် မိပါသတည်း။

ပုပ္ပားတောင်ကလပ်ဘုရားသို့ ယခုရက်ပိုင်းအတွင်း ဘုရားဖူးများ များပြားစွာလာရောက်ဖူးမြော်

ကျောက်ပန်းတောင်း မတ် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းမြို့နယ်အတွင်းရှိ ပုပ္ပားတောင်ကလပ်ဘုရားသို့ အခြေခံပညာကျောင်းများမှ စာမေးပွဲများ ဖြေဆိုပြီးချိန်ဖြစ်၍ ယခုရက်ပိုင်းအတွင်း ဘုရားဖူးလာရောက်ကြသူများ တစ်နေ့ထက်တစ်နေ့ အများအပြား လာရောက်ဖူးမြော်ကြကြောင်း ယင်းဒေသရှိ ဒေသခံများက ပြောသည်။

ထို့အပြင် အဆိုပါ ဘုရားအနီးရှိ စေးဆိုင်ခန်းများနှင့် ခေါင်းရွက်ဗျပ်ထိုး ဘုရားပန်းရောင်းချသည့်သူများလည်း ဘုရားဖူးလာရောက်ကြသူများက ဘုရားလှူရန် ဘုရားပန်းများဝယ်ယူအားပေးနေမှုကြောင့် နေ့စဉ်ဝင်ငွေရရှိပြီး အဆင်ပြေနေကြကြောင်း ပုပ္ပားတောင်ကလပ်ဘုရားအနီးရှိ ဒေသခံအချို့က ပြောပြသည်။

"ကျွန်မတို့ ပုပ္ပားတောင်ကလပ်ဘုရားကို အခုရက်ပိုင်းအတွင်း ဘုရားဖူးလာရောက်တဲ့သူ တစ်ရက်ထက် တစ်ရက်ပိုများလာပါတယ်။ ဘုရားဖူးလာရောက်ကြတဲ့ သူတွေကလည်း ညအိပ်ရပ်နားပြီး ညပိုင်းကျမှ ပုပ္ပားတောင်ကလပ်ပေါ်တက်ပြီး အေးအေးဆေးဆေး ဘုရားဖူးတက်ကြပါတယ်။ ဒါ့ကြောင့် ကျွန်မတို့လို စားသောက်ဆိုင်တွေနဲ့ ဘုရားဖူးတဲ့သူတွေကို ဘုရားပန်းလှူဖို့ အတွက် ခေါင်းရွက်ဗျပ်ထိုး ဘုရားပန်းလာရောက်ရောင်းချတဲ့ သူတွေလည်း ရောင်းအားကောင်းပြီး အဆင်ပြေနေကြပါတယ်။

"ဘုရားပန်းရောင်းတဲ့ သူတွေကတော့ ဘုရားပန်းတစ်စည်းကို ငွေကျပ် ၁၀၀ ခန့် ရောင်းပေးနေပါတယ်။ ဒါ့အပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးချိန်ဆိုလဲ ဒီ့ထက်တောင် ဘုရားဖူးလာတဲ့သူ ပိုများမယ်ထင်ပါတယ်။ ကျွန်မတို့ စားသောက်ဆိုင်လုပ်ငန်းရှင်တွေနဲ့ ဈေးသည်တွေအနေနဲ့ကလည်း ဘုရားဖူးလာတဲ့သူများမှ ဈေးရောင်းရတာဆိုတော့ ဘုရားဖူးလာတဲ့သူ ပိုများလေ ကျွန်မတို့အတွက် အဆင်ပြေလေပါပဲ။

"ဒါ့ကြောင့် အခုရက်ပိုင်းအတွင်း ဘုရားဖူးလာတာတွေ များနေတဲ့အတွက်ကြောင့် ကျွန်မတို့ဆိုင်တွေရယ်၊ နောက်ပြီး ပုပ္ပားအမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်တွေရယ်၊ ဘုရားပန်းရောင်းချတဲ့ ဈေးသည်တွေအားလုံး ဈေးရောင်းရလို့ အဆင်ပြေနေပါတယ်" ဟု ပုပ္ပားတောင်ကလပ်ဘုရားအောက်ခြေရှိ ဒေသခံဈေးသည်တစ်ဦးက ပြောပြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

တိုးတက်ပြောင်းလဲခြင်းကောက်ကြောင်းများထဲမှ မန္တလေးဘူတာကြီး

မန္တလေး မတ် ၅

မန္တလေးဘူတာကြီးဟု ပြောလိုက်သည်နှင့် ယခင်ဘူတာကြီးကို ပြေးမြင်သတိရမိပေသည်။ မီးရထားကို အားထားအသုံးပြုသောခေတ်တွင် မီးရထား လက်မှတ်ကလေးများကို ကိုယ်စီကိုင်ကာ လိုက်ပါစီးနင်းလေ့ရှိသည်။ မီးရထားဘူတာများမှ သတ်မှတ်နေရာ ရိုက်နှိပ်ထားသော ကတ်ထူလက်မှတ်ကလေးများသည်ပင်အမှတ်တရအဖြစ် သိမ်းဆည်းတတ်သောကာလပင်ဖြစ်သည်။ မန္တလေးဘူတာကြီးကိုရထားဆိုက်ပြီဆိုသည်နှင့် သံဖြင့် ပြုလုပ်ထားသော ခုံးကျော်တံတားပေါ်မှ ဖြတ်ကာ တရုတ်တန်းဈေးဘက်သို့ သွားကြရသည်။

ခုံးကျော်ပေါ်မှ ဘူတာကြီးအောက်ဘက်ဆီငေးကြည့်ရခြင်းကိုက အရသာတစ်မျိုးပင်ဖြစ်သည်။ လက်မှတ်များကို ခုံးကျော်အတက်နားတွင် ထပ်မံစစ်ဆေးသည်ကိုလည်း ကလေးအသိဖြင့် မှတ်မိနေပေသည်။ ခုံးကျော်ပေါ်တွင် တောင်းရမ်းစားသောက်သူများဖြင့် မတင့်တယ်သော ယခင်ကဘူတာကြီးပင် ဖြစ်သည်။ လက်ရှိကာလတွင်မူ သန့်ရှင်းသပ်ရပ်ကာ ခေတ်မီလှပနေသော အဆောက်အအုံအဖြစ် မြင်တွေ့နေရပေသည်။ ပြောင်းလဲလာသော အဆောက်အအုံ၏ ကောက်ကြောင်းတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်က အရေးပါသောနေ့ပင်ဖြစ်နေပေသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက မန္တလေးဘူတာကြီး အဟောင်းကိုဖြတ်ကာ အသစ်များဖြင့် ခြယ်သသောနေ့ပင်ဖြစ်သည်။ ခုနစ်ထပ်အဆောက်အအုံတွင် ဟော်တယ်ရုံးခန်းများဖြင့် နိုင်ငံတကာအဆင့်မီအောင် တည်ဆောက်ထားသော ဘူတာကြီးပင်ဖြစ်သည်။ ဘူတာကြီးပထမထပ်ကိုဖြတ်ကာ ၇၈ လမ်းနှင့် ၇၉ လမ်းကိုပေါင်းကူးဆက်သွယ်ပေးထားလျက်ရှိသည်။

မီးရထားအချိန်များ ကြော်ငြာသည့် အသံသာသာကလေးများ၊ သက်သောင့်သက်သာ အနားယူထိုင်နိုင်သည့် နေရာကလေးများ၊ အပေါ်အောက် သွားလာနိုင်သည့်ခေတ်မီလှေကားများနှင့် သာယာလှက်ရှိသည်။ လမ်း ၃၀ ပေါ်မှ ကြည့်လိုက်လျှင်ပင် ခေတ်မီလှပတင့်တယ်လှသော အဆောက်အအုံအဖြစ်မြင်တွေ့နိုင်ပေသည်။ ဘူတာကြီးရှေ့ အဝိုင်းပတ်တွင် နေ့ညမရွေး ဆိုင်ကယ်၊ ကားများစွာ အန္တရာယ်ကင်းစွာ သွားလာနိုင်သော နေရာကလေးအဖြစ် မြင်တွေ့နေရပေသည်။

တိုးတက်ပြောင်းလဲခြင်း ကောက်ကြောင်းများတွင် ဖန်တီးတည်ဆောက်မှု ကြိုးစားမှုများစွာပါဝင်နေပေသည်။ အမြင်လည်းလှ တင့်တယ်နေကြသော မြင်ကွင်းများကို စည်းကမ်းဖြင့် ထိန်းသိမ်းရမည်ဖြစ်ပေသည်။

အခုလို တိုးတက်ပြောင်းလဲလာခြင်း၊ နေထိုင်မှုမြင့်လာခြင်းများအကြား စိတ်ပိုင်းဆိုင်ရာများကိုပါ မြှင့်တင်ပေးကြရမည်ဖြစ်ပေသည်။ သာယာလှပသောမြို့ဌာနဖြစ်ရေး ကိုယ်စီကိုယ်စီတာဝန်ကျေပေးရင်း တိုးတက်ခြင်းများနှင့် ရှေ့ဆီအဖြစ်ပြောင်းလဲကြရမည်ဖြစ်ပေသည်။ **တိမ်တာမန်**

တီဘီရောဂါနှင့် အထွေထွေရောဂါများအခမဲ့ကွင်းဆင်းရှာဖွေစမ်းသပ်စစ်ဆေးကုသ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တွင် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှ တာဝန်ရှိသူများ ပူးပေါင်း၍တီဘီရောဂါနှင့် အထွေထွေရောဂါများအခမဲ့ကွင်းဆင်းရှာဖွေစမ်းသပ်စစ်ဆေးပြီး ရောဂါရှိလူနာများ ဆေးဝါးကုသမှုကို ၅ ရက် ဆက်တိုက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တီဘီရောဂါနှင့် အထွေထွေရောဂါများအခမဲ့ကွင်းဆင်းရှာဖွေစမ်းသပ်စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က ရွာသာကြီးရပ်ကွက်ရှိ ပြည်သူ့ကျန်းမာရေးဆေးပေးခန်း၌ ပြုလုပ်ခဲ့ပြီးအမျိုးသား ၂၃၃၄ ဦးနှင့် အမျိုးသမီး ၂၄၄၂ ဦးတို့ကို ရောဂါများ စမ်းသပ်ရှာဖွေစစ်ဆေး၍လိုအပ်သည့် ဆေးဝါးကုသမှုများပြု လုပ်ခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်း ၁၈ ရပ်ကွက်ရှိဒေသန္တရဆေးပေးခန်းတွင် အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ၄၃ ဦး၊ ၂၅ ရက်တွင် သိမ်ချောင်းရပ်ကွက်ရှိ ပြည်သူ့ကျန်းမာရေးဆေးပေးခန်း၌ အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁၉ ဦး၊ ၂၆ ရက်တွင် ၇၀ ရပ်ကွက်ရှိမွှော်ရုံ၌ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၇၀ ဦး၊ ၂၇ ရက်တွင် ၁၀၇ ရပ်ကွက်ရှိ ပြည်သူ့ကျန်းမာရေးစေတနာဆေးပေးခန်းတွင် အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၆၆ ဦးတို့ကို တီဘီရောဂါနှင့် အထွေထွေရောဂါများ အခမဲ့ရှာဖွေစမ်းသပ်စစ်ဆေး၍ ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တီဘီရောဂါနှင့် အထွေထွေရောဂါများ အခမဲ့ကွင်းဆင်းရှာဖွေစမ်းသပ် စစ်ဆေးခြင်းကို ၅ ရက် ပြုလုပ်ခဲ့ရာတွင် အမျိုးသား ၂၄၄၉ဦးနှင့် အမျိုးသမီး ၂၆၄၀ ဦးတို့ကိုကုသမှုများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်သူမြင့်စိုး**

ကျွန်းကုန်း-ဘုရားကုန်းလမ်းအား (JICA) ၏ကူညီပံ့ပိုးမှုဖြင့် ပြုပြင်ဆောင်ရွက်

ကျိုက်မရော မတ် ၅

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်၊ ကျွန်းကုန်း-ဘုရားကုန်းလမ်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ ကူညီပံ့ပိုးမှုဖြင့် ကတ္တရာခင်းခြင်း၊ လမ်းမြေသားဖို့ခြင်း၊ ကျောက်ကြမ်းခင်းခြင်း၊ လမ်းတိုးချဲ့ဆောင်ရွက်ခြင်းတို့ကို (FCGC)ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လုက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းသည် မိုင် ၃၀ ကျော်ခန့်ရှည်လျားကာ မြေသားလမ်းဖြစ်ပြီး မိုးရာသီ၌ သွားလာရာတွင် ခက်ခဲပြီး ယခုကဲ့သို့ လမ်းပြင်ဆင်မှုရှိခြင်းကြောင့် ကျေးရွာပေါင်း ၃၀ ခန့်မှာ ကူးသန်းသွားလာရေးနှင့် ရောင်းဝယ်ဖောက်ကားရေးများတွင် လွယ်ကူအဆင်ပြေလာမည်ဖြစ်ကြောင်း ယင်းမြို့နယ်အတွင်းရှိ ဒေသခံများက ပြောသည်။

"လမ်းကို ကော့နွတ်၊ ကော့စွယ်၊ အီကစင်း၊ အလှပ်ကုန်း၊ ကော့ဝမ်း၊ ဝဲဲ၊ ကော့ပနော၊ ကဒုံစိ၊ ရွှေဝါချောင်း၊ ကျခတ်ကုန်း၊ ငါးပုံကုန်း၊ ရေင်းကုန်း၊ ဖါသိမ့်၊ တံတားဦး၊ ဘုရားငုတ်တို၊ မြိုင်သာယာ၊ သာယာကုန်း၊ အုန်းတစ်ပင်၊ ကျုံကွယ်၊ ကော့ကျိုက်၊ ရာနိုင်၊ ကော့ပြောင်းမလား စတဲ့ ကျေးရွာပေါင်း ၃၀ လောက် သွားရေးလာရေးနဲ့ ရောင်းဝယ်ဖောက်ကားရေးမှာ တော်တော်လေး အဆင်ပြေသွားမှာ။ အရင်လမ်းမကောင်းတုန်းက သွားရလာရတာအဆင်မပြေဘဲအရမ်းစိတ်ဆင်းရဲရတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းလမ်းသည် တောင်သူများ ကုန်စည် ကူးသန်းရောင်းဝယ်ရာတွင် အဓိကအသုံးပြုနေရသော လမ်းဖြစ်ပြီး ယခုအခါ စပယ်ဂူ-မယ်ကရို၊ (ကားဇက်ကူးတို့) ခရီးလမ်းသစ် ဖွင့်လှစ်ပေးမှုတို့ကြောင့် ကော့ပနောကျေးရွာမှ ဖြတ်သန်း၍ ကျိုက်မရောမြို့သို့ အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်သည်။ **နိုင်ထွန်း(ပြန်/ဆက်)**

လှည်းယဉ်ကြော့ပြိုင်ပွဲ ကျောင်းကုန်းမြို့နယ်၌ကျင်းပ

ကျောင်းကုန်း မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဲကုန်ကျေးရွာအုပ်စု သဲကုန်ကျေးရွာတွင် တဖက်ချောလှည်းယဉ်ကြော့ပြိုင်ပွဲ မတ် ၃ ရက်တွင်ကျင်းပခဲ့ရာ ကျောင်းကုန်းမြို့နယ်ပန်းတောရိုးအုပ်စု ကြာဂရက်ရွာမှ မင်းထက်သာလှည်းယဉ်နှင့် ကျောင်းကုန်းမြို့နယ် တံခွန်တိုင်အုပ်စု တံခွန်တိုင်ရွာမှ လှည်းယဉ်တို့ ယှဉ်ပြိုင်ရာ မင်းထက်သာက အနိုင်ရရှိသွားခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ပန်းတနော်မြို့နယ် မရမ်းအုပ်စု သရက်ငူရွာမှ အောင်ချမ်းသာလှည်းယဉ်နှင့် ကျောင်းကုန်းမြို့နယ် ပန်းတောရိုးအုပ်စု ကြာဂရက်ရွာမှ မင်းထက်သာလှည်းယဉ်တို့ ယှဉ်ပြိုင်ကြရာ သုံးလားမြောက်တွင် အောင်ချမ်းသာက အရင်ဆုံးပန်းဝင်သော်လည်း ဂရို့နှစ်ခါကျိုးပြီး မင်းထက်သာက ဂရိုတစ်ခါပဲကျိုးသည့်အတွက် ကြိုးကြပ်ဒိုင်မှ အမှားနည်းသော မင်းထက်သာအား အနိုင်ပေးခဲ့ကြောင်းသိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရန် စွမ်းအားမြင့်အေဝမ်းမီးဖိုများအခမဲ့ပေးအပ်

ကျောက်တံခါး မတ် ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်သစ်တောဦးစီးဌာနက တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ကာ ယင်းမြို့နယ်ရှိ ဒေသခံများအား စွမ်းအားမြင့်အေဝမ်းမီးဖိုများအား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကျောက်တံခါးမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက ရဲနွယ်ကြိုးဝိုင်းအကွက်အမှတ်၈၅ နှင့် ရဲနွယ်ဆည်ရေဝေရေလွှဲဇရိယာ မြို့ချောင်းဒေသရွှေတောင်တန်းရပ်ကွက်နှင့် ညာတေးစုရွာဖြူးစုကျေးရွာများတွင် သစ်တောဝန်ထမ်းများမှ အဖွဲ့များခွဲကာ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပြီး ယင်းနေရာ၌ပင် စွမ်းအားမြင့်မီးဖိုများအား အခမဲ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယုနှင့် တောအုပ်ကြီးများမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်ကောင်း၊ တရားမဝင် သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်သူများ သိရှိစေရန်အသိပညာပေးပြောကြားခဲ့ကြကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

ထောပတ်သီးများဈေးကွက်ကျယ်ပြန့်လာသဖြင့် ပင်လောင်းမြို့နယ်တွင် စိုက်ပျိုးမှုများပြားလာ

နောင်တရား မတ် ၅

ရှမ်းပြည် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်ခွဲတွင် သစ်တော်သီး၊ လိမ္မော်သီး စသည့်နှစ်ရှည်ပင်များကို စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုအခါ ထောပတ်သီးများ ဈေးကွက်ကျယ်ပြန့်ပြီး ဈေးကောင်းရရှိလာသဖြင့် မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်ခြံဝင်းများနှင့် ထီဒီဗောင်း၊ နောင်ပီ၊ နန့်မွန်းနှင့် ပင်လောင်းမြို့နယ်တောင်ဘက် ပင်ခွန်၊ ဝါးလီး စသည့်ကျေးရွာတို့တွင် စိုက်ပျိုးမှုများပြားလာကြောင်း သိရသည်။

"အရင်က သစ်တော်သီးနဲ့ လိမ္မော်သီးလောက်သာ အဓိကစိုက်ပျိုးကြတာပါ။ ထောပတ်သီးကိုတော့ မိမိမိသားစုစားဖို့လောက်သာ စိုက်ပျိုးကြတာပါ ။ အခုကတော့ ထောပတ်သီးတွေက စိုက်ပျိုးရာမှာ ဘာဆေးဝါးမှမဖျန်းရဘဲ သဘာဝအသီးဖြစ်တာကြောင့် စားသုံးမှုများပြားလာသလို ဈေးကွက်လည်းကျယ်ပြန့်လာတာကြောင့် အခုနောက်ပိုင်း ဥယျာဉ်ခြံမြေတွေဝယ်ပြီး စိုက်ပျိုးလာကြတာပါ။ နောက်ပြီး စိုက်ပျိုးတဲ့အခါ မှာလည်း သစ်တော်ပင်နဲ့ လိမ္မော်ပင်လို နှစ်စဉ်ရေသွင်းရတာ၊ လိုအပ်တဲ့ဆေးပိုးမွှန်ဆေးဖျန်းရတာ၊ မြေဩဇာထည့်ရတာ (ကိုင်းဖျားကိုင်းနား) ကိုင်းဖြတ်ရတာတွေမလုပ်ရတော့ လုပ်အားလည်းသက်သာသလို ငွေကုန်လည်းသက်သာပါတယ်။ စိုက်ပျိုးချိန်ကတော့ မိုးဦးကာလ ဇွန်လလောက်ကစစိုက်ပျိုးကြပြီး ပင်ခြား၊ တန်းခြား ပေ ၂၀ ပတ်လည်ထားပြီး စိုက်ပျိုးကြပါတယ်။ အပင်က လေးနှစ်ကနေ ငါးနှစ်ဆိုရင် ပန်းပြီးစတင်သီးပါတယ်" ဟု ပင်ခွန်ကျေးရွာကထောပတ်သီးစိုက်ပျိုးသူတစ်ဦးကပြောပြသည်။

ထောပတ်သီးသည် ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများရှိပြီး ထောပတ်သီး၌ ဗီတာမင်စီ၊ ကေ၊ အီးတို့ပါဝင်ကာ ဆီးကိုတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ ခံတွင်းကင်ဆာနှင့် လေဖြတ်ခြင်းကိုကာကွယ်ခြင်း၊ သွေးတွင်းအဆီဓာတ်ကျစေခြင်း၊ အိုမင်းရင့်ရော်ခြင်းကို နှေးကွေးစေခြင်းတို့ကို ပေးနိုင်သောကြောင့် စားသုံးသူများပြားလာသည်ဟု လေ့လာသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုအခါ ထောပတ်သီးများကို ဝယ်ယူသူများမှ အပင်ပြတ်ရသလောက်ဝယ်ယူခြင်း၊ အချို့မှာ အသီးကင်းကိုကြည့်ကာ ဝယ်ယူလျက်ရှိပြီး နောင်တရားမှ ရန်ကုန်မြို့သို့ တိုက်ရိုက်ရောင်းချခြင်း၊ အောင်ပန်းမြို့မှ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ ပျော်ဘွယ်၊ ရွှေဘိုမြို့သို့လည်းကောင်း၊ ဟဲဟိုးမြို့မှ လားရှိုး၊ တာချီလိတ်မြို့တို့သို့လည်းကောင်း ဈေးကွက်ကျယ်ပြန့်စွာ ရောင်းချနေရကြောင်း သိရသည်။

ခိုင်းလှမင်း(မိဒိယာဂရု)

ယင်းမာပင်တွင် ရွှေသမင်ခရမ်းပင်များ နေပူဒဏ်ခံနိုင်ရန် ဖက်ရွက်ကာ၍ စိုက်ပျိုးလာကြ

မုံရွာ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်သည် ရာသီအလိုက် သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်တွင် နွေခရမ်းပင်များအား ပူပြင်းသည့်ရာသီဥတုဒဏ်ခံနိုင်စေရန် ဖက်ရွက်များကာပြီး စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေခရမ်းပင်များ စတင်စိုက်ပျိုးမှုအခြေအနေနှင့်ပတ်သက်၍ ယင်းမာပင်မြို့နယ်အတွင်းမှ တောင်သူတစ်ဦးကလည်း "ကျွန်တော်တို့ ခရမ်းပျိုးပင်လေးတွေကိုတော့ အိမ်မှာပဲ ပျိုးခုံနဲ့ပျိုးထောင်ပါတယ်။ အခုလို စိုက်ပျိုးမြေမှာ နွေခရမ်းရွှေသမင်မျိုး အစိမ်းသီးစတင်စိုက်ဖို့အတွက် ရေတင်စက်နဲ့ နှစ်ခေါက်လောက်မောင်းထွန်ပြီးမှ အခုလို ခရမ်းပင်တွေကို တစ်ပင်နဲ့တစ်ပင် လေးပေခန့်ခြားပြီး စိုက်ပျိုးခြင်းဖြစ်ပါတယ်။ ခ်တိုင်းနှစ်တွေထက်စာရင် ဒီနှစ်ပိုပြီးပူမယ်လို့ ပညာရှင်တွေက ခန့်မှန်းထားတော့ အခုစိုက်တဲ့ ခရမ်းပျိုးပင်လေးတွေ အပူဒဏ်ခံနိုင်အောင် အခုလို တစ်ပင်ချင်းစီကို ဖက်ရွက်ကလေးတွေကာပြီး စိုက်ပျိုးခြင်းဖြစ်ပါတယ်။ လာမယ့် တန်ခူးလ၊ ကဆုန်လလောက်ဆို ခရမ်းသီးတွေ ခူးဆွတ်ပြီး ရောင်းနိုင်မယ်လို့ ခန့်မှန်းထားတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါ ရွှေသမင်မျိုးခရမ်းသီးများအား ကြက်သွန်ခင်းဖြင့်လည်း တွဲဖက်စိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် တစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးခန့် ရောင်းချရကြောင်း သိရသည်။

မိုးချမ်း(မုံရွာ)

သုံးခွမြို့ကြက်ခြေနီအသင်းရုံး၌ ပြည်သူများသို့ အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး(အခမဲ့)ထိုးနှံပေး

သုံးခွ မတ် ၅

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ကြက်ခြေနီအသင်းနှင့် အသည်းဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ပြည်သူများအား အသည်းရောင်အသားဝါ (ဘီ) ပိုးကာကွယ်ဆေး (အခမဲ့)ထိုးနှံပေးခြင်းလုပ်ငန်းကို မတ် ၄ ရက် နံနက် ၇ နာရီက စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ ပူးပေါင်းကာ ဆေးထိုးနှံခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

ကြည်စိုးလွင်(သုံးခွ)

ကြက်ခြေနီ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

ပခုက္ကူ မတ် ၅

၂၀၁၆ ခုနှစ် နွေရာသီ(နှစ်စဉ်) အစဉ်အလာအရ လူငယ်များအကျင့်စာရိတ္တ ပိုမိုကောင်းမွန်စေရေး စီမံချက်ဖြင့် အခြေခံစစ်ရေးပြပညာနှင့် Firt Aid အခြေခံပညာ လေ့ကျင့်သင်ကြားပြီးမြောက်ခဲ့သည့် အခြေခံပညာကျောင်းပေါင်းစုံ ကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်များပေးအပ်ခြင်းအခမ်းအနားကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ပခုက္ကူမြို့ အ.ထ.က(၂) ရှိ ပီတောက်ခန်းမဆောင်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကမ္မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်နှင့် ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဘုန်းမော်၊ ပခုက္ကူမြို့နယ် လက်ထောက်ပညာရေးမှူး ဦးတင်အောင်တို့က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ကြသည်။ ဆက်လက်၍ မကွေးတိုင်းလူငယ်ကွန်ရက်နာယက ဦးရဲထွဋ်က လူငယ်များကဏ္ဍအကြောင်းနှင့် ခရိုင်ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး ဒုတိယတန်း ဦးသိန်းအောင်က ကြက်ခြေနီအကြောင်း သိကောင်းစရာများအကြောင်းတို့ကို အသီးသီးရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် သင်တန်းသူ၊ သင်တန်းသားများနှင့် ဆုရရှိသူများအား တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ကြသည်။

အခမ်းအနားတွင် ကမ္မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်၊ ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဘုန်းမော်၊ ပခုက္ကူမြို့နယ် လက်ထောက်ပညာရေးမှူး ဦးတင်အောင်၊ မကွေးတိုင်းလူငယ်ကွန်ရက် နာယက ဦးရဲထွဋ်၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး ဒုတိယတန်း ဦးသိန်းအောင်၊ ဌာနဆိုင်ရာမှဖိတ်ကြားထားသောတာဝန်ရှိသူများ၊ ပခုက္ကူမြို့အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆလိုင်းကိုကီး

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ နှစ်ထပ်လူနာဆောင် တည်ဆောက်ပြီးစီး

ကျွန်းလှ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ နှစ်ထပ်လူနာဆောင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့်တည်ဆောက်ရာ ယခုအခါ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းခုတင် ၁၀၀ နှစ်ထပ်လူနာဆောင်ကို ခွင့်ပြုငွေကျပ်သိန်း ၃၅၀ ဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဆရာဝန်နားနေခန်း၊ သူနာပြုခန်း၊ ဆေးကောင်တာ၊ ဧည့်ခန်းတို့ပါဝင်ပြီး အကျယ် (အလျား ၁၃၄×အနံ ၅၆) ပေ RC အဆောက်အအုံနှင့် ရေသိုလှောင်ကန်၊ ရေစင်၊ ရေစက်အိမ်၊ ရေမော်တာ၊ စက်ရေတွင်းတို့ကို ရွှေသုန္ဒရီကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနှစ်ထပ်လူနာဆောင်ပြီးစီးသည့်အတွက် ကျွန်းလှမြို့နယ်ရှိ ဒေသခံပြည်သူများအပြင်၊ ကန့်ဘလူမြို့နယ် ကျေးရွာနေပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံးစက်ကိရိယာပစ္စည်းများ သရုပ်ပြပွဲ ချောင်းဦး၌ကျင်းပ

ချောင်းဦး မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးနှင့် အခြေခံလက်မှုလယ်ယာမှ စက်မှုလယ်ယာ သမဝါယမအသင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံးစက်ကိရိယာပစ္စည်းများ သရုပ်ပြပွဲနှင့် အရောင်းမြှင့်တင်ရေးအခမ်းအနားကို ချောင်းဦးမြို့နယ်၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်ခုနစ်ဦး၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန အသင်းသားများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကိုရီးယားနိုင်ငံ Daedong ကိုယ်စားလှယ်များမှ Daedong စက်ပစ္စည်းများနှင့်ပတ်သက်၍ တက်ရောက်လာသူများအား မိတ်ဆက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ အာမခံခြင်း၊ ဝယ်ယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းခြင်းနှင့် စက်ပစ္စည်းများ လက်တွေ့မောင်းနှင် သရုပ်ပြခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

ရဲအောင်(ချောင်းဦး)

ရေးမြို့နယ်ပန်းဈေးကွက်တွင် လူကြိုက်များသော ဂန္ဓာမာ၊ သစ္စာပန်း၊ နှင်းဆီပန်းများ အရောင်းအဝယ်ဖြစ်ထွန်း

ရေး မတ် ၅

မွန်ပြည်နယ် ရေးမြို့နယ်တွင် အလှူမင်္ဂလာပွဲတော်နှင့် စေတီကျောင်းဘုရားများအပြင် အခမ်းအနားပွဲများကျင်းပရာ၌ လူကြိုက်များသော ဂန္ဓာမာပန်း၊ နှင်းဆီပန်း၊ သစ္စာပန်းများကို တွင်ကျယ်စွာသုံးစွဲလာကြသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဈေးကွက်မှာ လူကြိုက်များသည့်ပန်းများဖြစ်သော ဂန္ဓာမာအဖြူ ၁၀ ပွင့်ကို ကျပ် ၁၄၀၀၊ သစ္စာပန်း ၁၀ ပင်စီးတစ်စီးလျှင် ကျပ် ၈၅၀၊ နှင်းဆီပန်း ၁၀ ပွင့်ကို ကျပ် ၈၀၀၊ ချက်စိမ်းတစ်ထုံးမှာ ကျပ် ၂၆၀၀၊ ရွှေစိမ်းအစည်းသေးတစ်စည်းလျှင် ကျပ် ၇၅၀ နှင့် ရိုးစိမ်းနီအထုံးရှယ်မှာ ကျပ် ၈၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်ဟု ပန်းများကို ဖြန့်ဖြူးရောင်းချနေသူ ဒေါ်ဆွေဆွေမွန်က ပြောသည်။

"ဒီရေးမြို့နယ်ဒေသကလူတွေကြိုက်ကြတဲ့ ဂန္ဓာမာအဖြူ အဝါပန်းနဲ့ သစ္စာပန်းများကို ဝါတွင်းဖြစ်တဲ့ ဘာသာရေးအလှူပွဲများသည့်ကာလတွေမှာ အရောင်းအဝယ်ကပိုသွက်တယ်" ဟု မြသီတာဈေးမှာ ပန်းရောင်းချနေသူ ဒေါ်စီစီမော်က ပြောသည်။

ယခုလက်ရှိအချိန်တွင် တပို့တွဲလနှင့် တပေါင်း၊ တန်ခူးလတို့ ရောက်ရှိလာလျှင် ပန်းမျိုးစုံမှာ ဈေးကွက်အတွင်း အဝင်နည်းလာ၍ ဈေးနှုန်းများမှာလည်း အနည်းငယ်မြင့်တက်သွားပြီး ရေးမြို့နယ်ပန်းမျိုးစုံဈေးကွက်အတွင်းသို့ ဝင်ရောက်လာသောပန်းများမှာ လူကြိုက်များသော ဂန္ဓာမာပန်းများနှင့် ချက်စိမ်းပန်းများကို တောင်ကြီး၊ မေမြို့ကနေတစ်ဆင့် ဝင်ရောက်လာ၍ သစ္စာပန်းများနှင့် အခြားပန်းမျိုးစုံမှာ ဘားအံမြို့မှဝင်ရောက်လာသောပန်းများဖြစ်ကာ နှင်းဆီပန်းများကိုမူ နေပြည်တော်၊ ရန်ကုန်ဘက်မှ အဓိကဝင်လာသော ပန်းများဖြစ်ကြရာ မင်္ဂလာပွဲများနှင့် ဘာသာရေးအလှူပွဲတော်အခမ်းအနားပွဲများမှာ ပိုမိုအသုံးပြုလာလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(ရေး)

သတင်းဆောင်းပါး

အချိန်မကုန်လူမပန်းစေတဲ့ OSS (ပြည်သူ့ဝန်ဆောင်မှုရုံး)

ခ ခင်အေးကြူ(ရွှေသန်လျင်)

စာရေးသူရဲ့ သမီးလေးက အခုဆိုရင် အသက် ၁၂ နှစ်ရှိပြီဆိုတော့ အသိပညာဗဟုသုတတွေ ရှိလာပြီဖြစ်တာမို့ ကျွန်မကို သမီးလေးက "သမီးသူငယ်ချင်းတွေက မှတ်ပုံတင်ရှိတယ်။ သမီးကိုမှတ်ပုံတင်လုပ်ပေးပါမေမေ" ကျွန်မမှာ ကလေးနှစ်ယောက်အတွက် ချက်ပြုတ်ကျွေးမွေးရတာနဲ့ အခြားအလုပ်တွေအတွက် အချိန်မပေးနိုင်ပ ါ။ ဒါကြောင့် "သမီးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားကိစ္စကို ကျောင်းပိတ်မှသွားလုပ်မယ်သမီး။ မှတ်ပုံတင်လုပ်ရတာ တစ်နေရာတည်းနဲ့ပြီးတာမဟုတ်ဘူးသမီးရဲ့။ လိုအပ်တဲ့ အထောက်အထားစာရွက်စာတမ်းကို ဟိုရုံးသွား၊ ဒီရုံးသွားနဲ့ အချိန်အများကြီးကုန်တယ်သမီး" လို့ ကျွန်မပြောနေတဲ့အချိန်မှာပဲ ရန်ကုန်ကနေ အလည်လာတဲ့ မစန်းအေးက "သူငယ်ချင်းရေ၊ အချိန်မကုန် လူမပန်းစေတဲ့ ပြည်သူ့ဝန်ဆောင်မှုကို အပြည့်ပေးတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shops-OSS ကို သွားလိုက်ပါ။ တစ်နေရာတည်းမှာ အချိန်မကုန် လူမပန်းဘဲနဲ့ မှတ်ပုံတင်လုပ်လို့ရတယ်။ လက်တွေ့မို့လို့ပြောတာသူငယ်ချင်း" တဲ့။

ကျွန်မလည်း သူငယ်ချင်းပြောတာကို လက်တွေ့သိချင်တာနဲ့ သန်လျင်မြို့ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာဖွင့်လှစ်ထားတဲ့ သန်လျင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကို ရောက်ခဲ့ပါတယ်။ ရုံးခန်းရှေ့မှာ တာဝန်ကျဝန်ထမ်း အမျိုးသမီးက "ဘာများအကူအညီပေးရမလဲရှင်" လို့ အပြုံးလေးနဲ့မေးလိုက်တဲ့အသံလေးက နေပူထဲကနေလာခဲ့တဲ့ ကျွန်မအတွက် ရေအေးအေးလေး တိုက်ကျွေးသလို အမောပြေခဲ့ပါတယ်။ တာဝန်ကျဝန်ထမ်းက ပြည်သူများ ရုံးလုပ်ငန်းများ လွယ်ကူအဆင်ပြေဖို့အတွက် ဝန်ဆောင်မှုပြုပေးနေတဲ့ ဌာန ၁၀ ခုရှိပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (လဝက)၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ သန်လျင်မြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ခရိုင်၊ မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ဖြစ်ပါတယ်တဲ့။

ကျွန်မက "သမီးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ချင်လို့ပါလို့ပြောလိုက်တဲ့အခါ လ.ဝ.က ကောင်တာကို ခေါ်သွားပါတယ်။ လ.ဝ.က တာဝန်ကျဝန်ထမ်းက ဖြည့်သွင်းရမယ့်ပုံစံနှင့် ယူဆောင်လာရမယ့် စာရွက်စာတမ်း (မိဘနှစ်ပါးနိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ကလေးမွေးစာရင်းမိတ္တူ၊ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံစာ၊ ကျောင်းထောက်ခံစာ၊ ကလေးဓာတ်ပုံ ဖြူမဲလေးပုံ၊ အိမ်ထောင်စုစာရင်းမိတ္တူ) များကို သေချာရှင်းပြပါတယ်။ ထိုအချိန်မှာပဲ အလှူပွဲအတွက် ပွဲမိန့်ဘယ်မှာလျှောက်ရလည်းလို့ မေးသံကြားတာနဲ့ ကြည့်လိုက်တော့ ကျွန်မတို့ရပ်ကွက်က ဒေါ်ရီဖြစ်နေပါတယ်။ ဒေါ်ရီက "အရင်က ပွဲမိန့်ခွင့်ပြုစာရဖို့ဆိုရင် စည်ပင်ရုံး၊ မီးသတ်ဦးစီးသွားရတာ တစ်ရုံးဝင် တစ်ရုံးထွက်နဲ့ အခုတော့ OSS ရုံး တစ်နေရာတည်းမှာ ဆောင်ရွက်နိုင်ပြီညီမရေ" လို့ ကျွန်မကိုပြောပါတယ်။

ကျွန်မတို့လို ပြည်သူတွေအတွက် အချိန်မကုန်လူမပန်းစေဘဲ ဝန်ဆောင်မှုပေးနေတာ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ပါ ဆိုတာကို စာရေးသူကိုယ်တိုင် လက်တွေ့အကျိုးခံစားခဲ့ရပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်သူများမီးဘေးအန္တရာယ်ကင်းဝေးစေရန် ကျောက်တံခါးမြို့မဈေးရှေ့မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

ကျောက်တံခါး၊ မတ် ၅

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိပြီး အယ်လ်နီညိုရာသီဥတုနှစ်ကြောင့် နေရာအနှံ့အပြားတွင် မီးလောင်မှုများ မကြာခဏဖြစ်ပေါ်နေသည့်အတွက် ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးနိုင်ရေးအစီအစဉ်ဖြင့် မတ် ၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မဈေးကြီးရှေ့ ဗိုလ်ချုပ်လမ်းမတွင် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ယာဉ်သုံးစီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး သရုပ်ပြလေ့ကျင့်ရာသို့ ကျောက်တံခါးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်လင်း မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးကော်မတီများ၊ မြို့မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

သံတွဲမြို့နယ် ငပလီ၌ ၂၅ ခုတင်ဆံ့ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပ

သံတွဲ မတ် ၅

သံတွဲခရိုင် သံတွဲမြို့နယ် ငပလီ၌ ၂၅ ခုတင်ဆံ့ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မတ်လ ၃ ရက် နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပလီဆေးရုံသစ်ဆောက်လုပ်ခြင်းနှင့် ဖွင့်လှစ်ခြင်းဆိုင်ရာများကို ရက္ခိုတသီဟ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်လှိုင်က ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ငပလီဆေးရုံသစ်အဆောက်အအုံအား ရခိုင်ပြည်နယ် (ခေတ္တ)ဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေသိန်းနှင့် သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဆေးရုံအဆောက်အုံသစ်ဆိုင်းဘုတ်အား (ခေတ္တ) ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ရက္ခိုတသီဟဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်အဆင့်တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ရခိုင်ပြည်နယ် (ခေတ္တ) ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ကြသည်။ ယင်းနောက်ရက္ခိုတသီဟ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်လှိုင်က ဆေးရုံသစ်ဆောက်လုပ်ခြင်းဆိုင်ရာမှတ်တမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေသိန်းက လက်ခံရယူခဲ့သည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဇီဖြူကုန်းရင်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး (ခေတ္တ) ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါဆေးရုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သန်းပေါင်း ၇၅၀၀ ကျပ်သန်းဖြင့် ရက္ခိုတသီဟဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် စတင်တည်ဆောက်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ၂၀၁၆ ခုနှစ် မတ် ၃ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ရေနိုင်(ပြန်/ဆက်)

မုံရွာမြို့တွင် နွေရာသီအားကစား (ဘောလုံး) အခြေခံသင်တန်းဖွင့်လှစ်

မုံရွာ မတ် ၅

မြို့နယ်အားကစားကော်မတီနှင့် ပညာရေးကော်မတီတို့ပူးပေါင်းပြီး နွေရာသီအားကစား(ဘောလုံး) အခြေခံသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးဘောလုံးကွင်းအတွင်းတွင် သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်အားကစားကော်မတီမှ သိရသည်။

"နွေရာသီကျောင်းပိတ်ရက်အချိန်တွေမှာ ကျောင်းသားတွေကို နှစ်စဉ်သင်ကြားပေးနေတာပါ။ ဒီသင်တန်းမှာ ဘောလုံးအခြေခံနည်းစနစ်တွေကို သင်ကြားပေးမှာပါ။ သင်တန်းကိုတက်ရောက်နေတဲ့ ကျောင်းသားလေးတွေက အသက် ၁၂ နှစ်မှ ၁၅ နှစ်အတွင်းအရွယ်တွေ တက်ကြတာပ ါ။

အခုသင်တန်းက အခြေခံဘောလုံးအခြေခံနည်းစနစ်တွေ ကျေညက်ပြီး လာမည့်ပညာသင်နှစ်မှာ မန္တလေးအားကစားသိပ္ပံကျောင်းက လူရွေးချယ်ရင် ဒီသင်တန်းသားတွေကို ဦးစားပေးရွေးချယ်နိုင်ဖို့ ကြိုတင်လေ့ကျင့်တာလည်း ဖြစ်ပါတယ်။ မနှစ်ကတော့ မုံရွေးကျေးရွာနဲ့ တိုင်းအားကစားကွင်းအတွင်း နေရာနှစ်ခုမှာ သင်တန်းသား ၁၀၀ ကျော် တက်ရောက်ခဲ့တယ်။ အခုနှစ်မှာတော့ တိုင်းအားကစားကွင်းတစ်နေရာတည်းမှာပဲ ဖွင့်တာပါ" ဟု မြို့နယ်အားကစားကော်မတီမှ ဦးမျိုးနိုင်က ပြောသည်။

ယခုနှစ်နွေရာသီအားကစား(ဘောလုံး) အခြေခံသင်တန်းသို့ မုံရွာမြို့နယ်အတွင်းမှာ အခြေခံပညာသင်ကြားလျက်ရှိသော ကျောင်းသား ၁၀၀ ကျော် တက်ရောက်လျက်ရှိရာ သင်တန်းအား ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၃၁ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် မုံရွာမြို့နယ်အတွင်းမှ ဘောလုံးအားကစားဝါသနာရှင်ကျောင်းသားလူငယ်များအား ၂၀၁၀ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်တွင် လူငယ် ၁၀ ဦးအား မန္တလေးအားကစားအကယ်ဒမီကျောင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မိုးချမ်း(မုံရွာ)

စာမျက်နှာ ၁၆ မှ

နေပူထဲတွင်အလုပ်လုပ်ရသော အလုပ်သမားများ

အထူးသဖြင့် စည်ပင်သာယာဝန်ထမ်းများ၊ ဆောက်လုပ်ရေးလုပ်သားများနှင့် တောင်သူဦးကြီးများသည် နေပူထဲတွင် တာရှည်လုပ်ကိုင်ကြရသောကြောင့် အပူကြောင့်အန္တရာယ်ပိုဖြစ်တတ်ပါသည်။ ထို့ကြောင့် ပူပြင်းသောရာသီတွင် အလုပ်ချိန်ပြောင်းပေးရန် လိုအပ်ပြီး မနက်ပိုင်းစောစောအလုပ်ဆင်း၍ နေ့လည်ပိုင်းအနားပေးသည့် စနစ်ကို ပြောင်းပေးရပါမည်။

အပူဒဏ်ကြောင့် ကျန်းမာရေးအန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ရာတွင် အရေးကြီးသောအချက်များမှာ-

(၁) ရေကိုလုံလောက်စွာသောက်ခြင်း(တစ်နေ့လျှင် အနည်းဆုံး(၂)လီတာခန့် သောက်ပေးရပါမည်) အုန်းစိမ်းရည် (သို့မဟုတ်) သဘာဝသစ်သီးဖျော်ရည်များဖြစ်သည့် သံပရာရည်၊ နာနတ်သီးဖျော်ရည်နှင့် လိမ္မော်သီးဖျော်ရည်များကို လည်း သောက်ပေးသင့်ပါသည်။)

(၂) အဝတ်အစားဝတ်ရာတွင် ချည်ထည်ပါးပါး၊ အရောင်ဖျော့ဖျော့၊ ခပ်ပွပွနှင့် လေဝင်လေထွက်ကောင်းအောင် ဝတ်ဆင်ခြင်း (နိုင်လွန်အကျီများ၊ ခပ်ကြပ်ကြပ်အဝတ်အစားများနှင့် အရောင်ရင့်ရင့်များကို ရှောင်ကြဉ်သင့်ပါသည်။)

(၃) အပြင်ထွက်လျှင် ထီး၊ ဦးထုပ် အစရှိသည့် အကာအကွယ်များကိုယူသွားခြင်း(နေရောင်ခြည်နှင့် တိုက်ရိုက် အထိတွေ့လေကောင်းလေဖြစ်ပါသည်။)

(၄) ပူသောရာသီတွင် အရက်နှင့်ဘီယာသောက်သုံးခြင်းကို ရှောင်ကြဉ်ခြင်း(အရက်သည် ခန္ဓာကိုယ်၏ အပူချိန် ထိန်းညှိပေးသည့်စနစ် (Thermo-regulation mechanism) ကိုထိခိုက်စေပါသည်။)

(၅) အချို့သောဆေးများသည် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်ခြင်းကို အားပေးသောကြောင့် ထက်ဆိုင်ရာ ဆရာဝန်နှင့်ပြသတိုင်ပင်သင့်ပါသည်။ (ဥပမာ ပါရာစီတမော (Paracctamol) ကဲ့သို့ဆေးမျိုးသည် ချွေးပိုထွက်စေပြီး ရေဓာတ်ဆုံးရှုံးစေပါသည်။ ဆီးဆေးများ (Diuretics) သည်လည်း ရေဓာတ်ကို လျော့နည်းစေသောကြောင့် ဂရုပြု ရပါမည်။ သွေးကျဆေးတစ်မျိုးဖြစ်သည့် (Betablocker) သည်ခန္ဓာကိုယ်အပူချိန်ကို မြင့်တက်လာစေနိုင်ပါသည်။ ထို့အပြင် ဘာမီတွန် (Antihistamine) ကဲ့သို့ဆေးများသည် ချွေးထွက်နည်းစေသောကြောင့် သတိပြုရပါမည်။ စိတ်ရောဂါကုဆေးများ (Tranquilizers) သည် ခေါင်းမူးခြင်းနှင့် လေဖြတ်ခြင်းတို့ဖြစ်စေရန် အားပေးပါသည်။

(၆) ဝသူများ အထူးသတိပြုရန်လိုအပ်ခြင်း(ဝသောကြောင့် ခန္ဓာကိုယ်တစ်ခုလုံးကို အဆီများနှင့် ဖုံးအုပ်ထားသကဲ့သို့ဖြစ်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို အဆီများနှင့် ဖုံးအုပ်ထားသကဲ့သို့ဖြစ်ပြီး ခန္ဓာကိုယ်အပူချိန်မြင့်တက်လာရန် ပိုမိုလွယ်ကူပါသည်။)

(၇) အပူအအေးရုတ်တရက် အပြောင်းအလဲကို ရှောင်ရှားခြင်း(ဥပမာ အပြင်နေပူထဲမှ အဲယားကွန်းအခန်းထဲကို တစ်ခါတည်းတန်းမဝင်သင့်ဘဲ အပြင်ဝရန်တာတွင်ဖြစ်စေ ငါးမိနစ်သို့မဟုတ် ၁၀မိနစ် ကြာနားပြီးမှ အထဲကိုဝင်ရပါမည်။)

(၈) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားနှင့်ရေဆိပ်များတွင် ရေချိုးခြင်းကို ရှောင်ကြဉ်ရပါမည်။ ထို့အပြင် နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းကိုလည်း မပြုလုပ်သင့်ပါ။

(၉) အချိန်နှင့် တစ်ပြေးညီထုတ်လွှင့်နေသော ရာသီဥတုသတင်းများကို နားထောင်ပြီး ဗဟုသုတများကြိုတင်ဖြည့်တင်းထားရန် လိုအပ်ပါသည်။

ကရင်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူပညာပေးပြပွဲ ခင်းကျင်းပြသ

ဘားအံ မတ် ၅

ကရင်ပြည်နယ် ဘားအံမြို့တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူပညာပေးပြပွဲကို မတ် ၃ ရက် နံနက် ၈ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပြပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ (မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေး) ဌာနခွဲများ၊ စက်မှုသီးနှံ (ရာဘာ) ဌာန အစရှိသည့်ဌာနများမှ ယခင်နှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ခဲ့သည့် မျိုးသန့်မျိုးစေ့များ၊ ယခုနှစ်ဆောင်းရာသီတွင် စိုက်ပျိုးထုတ်လုပ်သည့် အစေ့ထုတ်ပြောင်းမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံအမယ်သစ်များ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ ရာဘာထွက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးပညာပေးစာစောင်နှင့် စာအုပ်များ၊ စိုက်ပျိုးရေးသွင်းအားစုအရောင်းဆိုင်များမှ ပြည်နယ်အတွင်းကိုက်ညီသော အသုံးများသော သွင်းအားစုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အစရှိသည့် စိုက်ပျိုးရေးတန်ဖိုးမြင့်ထုတ်ကုန်များအား ခင်းကျင်းပြသခဲ့ကြသည်။

အဆိုပါပြပွဲသို့ ကရင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘားကပ်၊ ရေကျော်၊ မြိုင်ကလေး၊ အုန်းတပင်၊ နောင်လုံ၊ ဝင်းဒရယ် အစရှိသည့်ကျေးရွာများမှ တောင်သူဦးကြီးများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းပြပွဲကို ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများမှ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ အထွက်နှုန်းကောင်းသည့်မျိုးများကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရန်နှင့် နည်းပညာများ လက်ခံကျင့်သုံးနိုင်စေရန်၊ စိုက်ပျိုးရေးလုပ်ငန်းတွင်အထောက်အကူပြုသည့် သွင်းအားစုကို တောင်သူများ သိရှိမြင်တွေ့နိုင်ရန်၊ ဒေသထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် အသိအမြင်ကောင်းများရရှိနိုင်စေရန် ရည်ရွယ်ပြသခြင်းဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ဘားအံ)

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဖိတ်ကြားလွှာ

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်) ဖွံ့ဖြိုးနိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ဖွဲ့ဆိုင်ရာ လုပ်ငန်းစဉ်များ အကြိုညှိနှိုင်း ဆွေးနွေးပွဲ ပြုလုပ်မည် ဖြစ်ပါ၍ အလုပ်အမှုဆောင် အဆိုပြုလွှာ တင်သွင်းထားသူများသည် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

❖ နေရာ - M3.FOOD CENTRE စားသောက်ဆိုင်

❖ နေ့ -၇.၃.၂၀၁၆ ❖ အချိန် - မွန်းလွဲ ၁နာရီတိတိ (အစည်းဝေးစပါမည်)

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)၏ ၂၀၁၆ - ၂၀၁၉ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်များ၊ ဝဟိုအလုပ်အမှုဆောင်များ ရွေးကောက်တင်မြှောက်ခြင်း နှင့် တာဝန်ခွဲဝေပေးအပ်ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်ကြားထားသူများ၊ အဆိုပြုလွှာတင်သွင်းထားသူများ၊ အသင်းသူ အသင်းသားများ၊ ကျောက်မျက်ရတနာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူများနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တွင် ရန်ကုန်လိပ်စာဖြင့် အသင်းဝင်ထားသော အသင်းသားများအားလုံးအား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

❖ နေရာ - GOLDEN CITY SHOW FLAT

ရန်ကင်းလမ်း၊ (CMA ရုံးဟောင်း)၊ ရန်ကင်းပန်းခြံအနီး၊ ရန်ကင်းမြို့နယ်၊ (ကြားမှတ်တိုင် နှင့် ၁၂ လုံးတန်းမှတ်တိုင်ကြား) ရန်ကုန်။

❖ နေ့ - ၁၃.၃.၂၀၁၆ (တနင်္ဂနွေနေ့) ❖ အချိန် - နံနက် (၉) နာရီ

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဖြစ်မြောက်ရေးကော်မတီ

☎ ၀၉-၅၁၅၄၄၂၀ / ၀၉-၇၉၆၁၅၀၆၅၅ / ၀၉-၇၇၇၂၁၇၂၀၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)

ဝဲမွေးမြို့နယ် တရားမရုံး၌

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၅

မနှင်းနုလှိုင်	နှင့်	ဦးအေးမျိုးအောင်
တရားလို		တရားပြိုင်

ဒိုက်ဦးမြို့၊ ကတုတ်ရွာမကျေးရွာနေ ဦးအေးမျိုးအောင် (ဘ) ဦးထောစ်မှန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် (၄၈၀၀၀၀၀/-)သိန်းထိဝဒ် ရလိုကြောင်းနှင့်လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် ပြဿနာရပ်ရပ်ဟူကို ဖြေဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ဖြေဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းအရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်၊ (၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အဆက်အစ အမည်ခံရသောပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေ ဖြေဆိုရန် ဤတရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင် မလာရောက် မျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးမည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အပိုပြုလိုသည့် စာရွက်စာတမ်း အရေးပါသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင်ထည့် အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒုတရားသူကြီး)တွဲဖက်မြို့နယ်တရားသူကြီး(၃) ဝဲမွေးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၈၀၃)၊ မြေကွက်တည်နေရာအမှတ်-၈၀၃၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (ဦးမောင်မောင်) K/RGN-028610အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်မောင် အစ်ကိုဖြစ်သူသည် လုပ်ကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ညီဖြစ်သူ ဦးဇော်ဝင်း ၁၂/မဂတ(နိုင်)၀၄၉၈၅၅နှင့် ညီမဖြစ်သူ ဒေါ်ကြည်ကြည်သင်း ၁၂/မဂတ(နိုင်)၀၄၉၈၅၄တို့မှ အမည်ပေါက်၏ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် ပုံစံ(၁၀)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ သုဝဏ္ဏ (ဘုရားအနီး) မြေကွက်အမှတ်-(၁၇၄)၊ မြေကွက်တည်ရှိရာအမှတ်-၁၇၄၊ ကန့်ကော်မြိုင်လမ်း၊ ၃၀ ရပ်ကွက်၊ သုဝဏ္ဏ၊ သယ်န်းကျွန်းမြို့နယ်၊ ဦးအောင်မြင့် ၁၃/လရန(နိုင်)၀၀၇၅၄၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်[၁၃/လရန(နိုင်)၀၀၇၅၄၀]ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာပူးတွဲတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇုန်/၁၊ မြေကွက်အမှတ်-၃၊ ဧရိယာ(၁.၀၉၀)ဧက၊ မြေကွက်တည်နေရာအမှတ်-၃၊ ဦးရွှေမြေလမ်း၊ စက်မှုဇုန်(၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် တန်တိတ်ကျုပ်(ခ)ဦးစိန်ဟုတ် ၁၂/လသန(နိုင်)၀၁၆၂၇၅၊ တန်ကြတ်ငှက်(ခ)တန်တိတ်ဝက် [၁၂/ပဟန(နိုင်)၀၈၁၀၆၁]၊ တန်တိတ်လျောင်(ခ)ကိုလှမောင် ၁၂/လသန(နိုင်)၀၀၉၈၈၇၊ ဦးဝင်းမြင့်(ခ) ဆေးဝမ်း ၁၂/လသန(နိုင်)၀၀၈၇၂၆၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၄)ဦးအနက်မှ အမည်ပေါက်တစ်ဦးဖြစ်သူ တန်ကြတ်ငှက်(ခ)တန်တိတ်ဝက်ကွယ်လွန်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ညီညီဝင်း ၁၂/လသန(နိုင်)၀၀၇၄၅၂]မှ တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်၏ သေစာရင်းမိတ္တူ၊ ဂရန်မူရင်းတို့ကိုတင်ပြ၍ ကျန်အမည်ပေါက်(၃)ဦးဖြစ်သည့် တန်တိတ်ကျုပ်(ခ)ဦးစိန်ဟုတ် ၁၂/လသန(နိုင်)၀၁၆၂၇၅၊ တန်တိတ်လျောင်(ခ)ကိုလှမောင်[၁၂/လသန(နိုင်)၀၀၉၈၈၇]၊ ဦးဝင်းမြင့်(ခ)ဆေးဝမ်း ၁၂/လသန(နိုင်)၀၀၈၇၂၆]တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

စိုက်ပျိုးရေးနှင့် အယ်နီညို

ခ ထင်အောင်ရှိန်(AUAA)

ရေ မြေ တော၊ တောင်၊ သမုဒ္ဒရာစသည့် သဘာဝအလှကိုယ်စီဖြင့် တည်ရှိနေကြသည့် သဘာဝအလှတရားများကို မှီခိုနေထိုင်ပိုင်ဆိုင်ကြသည့် လုပ်သားပြည်သူများက ယင်းအလှတရားများ ထာဝရတည်တံ့နိုင်ရန် တာဝန်ယူကြရပါမည်။ အဘယ်ကြောင့်ဆိုသော် ၂၀၀၈ ခုနှစ်နောက်ပိုင်း တွေ့ကြုံခဲ့ရသော သဘာဝဘေးအန္တရာယ်များသည် ဤကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် တစ်ခုမဟုတ်တစ်ခုသော သဘာဝဘေးအန္တရာယ်များ ကျရောက်စေသောကြောင့် ယခုနှစ် ၂၀၁၆ တွင် အယ်နီညို (အပူလှိုင်း) ကျရောက်လျှင် စိုက်ပျိုးရေးဌာနက ဘာတွေလုပ်ထားသလဲ၊ ဘယ်လိုလုပ်ကြမလဲ၊ ဘာတွေစီစဉ်ထားလဲ စသည်ဖြင့် လဲပေါင်းများစွာ မေးမြန်းစုံစမ်းမှုများကို တွေ့မြင်ခဲ့ရပါသည်။

ထို့ကြောင့် ဤစိုက်ပျိုးရေးနှင့် အယ်နီညို ဘယ်လိုလုပ်ကြမလဲ၊ ဘာတွေပြင်ဆင်ထားဖို့လိုသလဲ ဆိုတာတွေကို စိုက်ပျိုးထုတ်လုပ်သူတိုင်း ကြိုတင်ပြင်ဆင်ထားနိုင်ရန် အကြံပြုဆွေးနွေး တင်ပြလိုက်ပါသည်။

ဒါတို့ပြည် ဒါတို့မြေ

